The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 34 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 9, 2019

# တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်တို့၏ ဆန်မူဝါဒ ပြောင်းလဲခဲ့မှုများနှင့် မြန်မာ့ဆန်အခြေအနေ

စာမျက်နှာ - ၈ ➤



## ကန်ဒေါ်လာ သန်း ၂၀၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော်ကို လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံခွင့်ပြု

စာမျက်နှာ - ၂၄ ➤

## စိုက်ပျိုးမွေးမြူရေး အခြေခံလုပ်ငန်းများ အနေဖြင့် ချေးငွေများ လျှောက်ထားနိုင်

စာမျက်နှာ - ၂၆ ➤

## မြန်မာနိုင်ငံ ကုန်သွယ်မှု လုပ်ငန်းစဉ်များတွင် Single Registration ID ပြောင်းလဲအသုံးပြုနိုင်ရေး ခြေလှမ်းသစ်များ

စာမျက်နှာ - ၂၇ ➤









အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 09 448882944



## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Tata International Singapore Pte Ltd. မှ Head-Agro (Myanmar) ဖြစ်သူ Mr. Sanjay Jain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Tata International Singapore Pte Ltd. မှ Head-Agro (Myanmar) ဖြစ်သူ Mr. Sanjay Jain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများ အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ မြန်မာနိုင်ငံအတွင်း တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပို့ကုန်တိုးမြှင့်တင်ပို့သွားနိုင်ရေး၊ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တွင် မြန်မာ့လယ်ယာထွက်ကုန်များ ပိုမိုပါဝင်နိုင်ရေးနှင့် မြန်မာကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် လက်မှတ်ရေးထိုးခြင်းပြုလုပ်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် Winrock International မှ Chief of Party Mr. Nimish Jhaveri တို့သည် ကျေးလက်ဒေသ၏ တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် Letter of intent (LoI) ရေးထိုးခြင်းကို စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် Winrock International မှ Chief of Party Mr. Nimish Jhaveri တို့က အမှာစကားများပြောကြားကြပြီးစီမံကိန်းအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်မာကုန်သွယ်မှုမြှင့်တင်အဖွဲ့နှင့် ပုဂ္ဂလိကအသင်းအဖွဲ့ များသို့ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ကော်ဖီ၊ ဖရဲသီး၊ ချင်း၊ နှမ်း၊ ပဲပုပ် အစရှိသည့်ကဏ္ဍများအတွက် မူဝါဒဆိုင်ရာနှင့် စံချိန်စံညွှန်းများ ရေးဆွဲခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ချဲ့ထွင် ဝင်ရောက်ခြင်း၊ အသိပညာပေးအစီအစဉ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့် အစီအစဉ်များအတွက် ဝိုင်းဝန်းဆွေးနွေးကြပြီး အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ Winrock International မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅ ဦးခန့် တက်ရောက်ကြသည်။ စီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**NES Unit**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် အရောင်းအဝယ်အေး



ပုသိမ်မြို့နယ် ဆန်/စပါးဈေးကွက်တွင် ယခင်ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယခုစက်တင်ဘာလဆန်းပိုင်းအထိ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်အေးလျက်ရှိသည်။ ယခင် ဧရာဝတီပေါ်ဆန်းစပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ၁၂ သိန်း၊ ၁၃ သိန်းဈေးမှ ယခုဈေး ကျပ် ၁၁ သိန်း၊ ၁၂ သိန်းဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၄၄၀၀၀/၄၅၀၀၀ ခန့်မှ ယခုဈေး ကျပ် ၄၁၀၀၀/၄၁၅၀၀ ဈေး ပေါ်ဆန်းရင် စပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ၁၁ သိန်း၊ ၁၂ သိန်းဈေးမှ ယခုဈေး ကျပ်ကိုးသိန်း၊ ကျပ် ၁၀ သိန်း၊ ဆန်တစ်အိတ်ကို ယခင် ကျပ် ၄၂၀၀၀/၄၃၀၀၀ မှ ယခု ကျပ် ၃၈၀၀၀/၃၉၀၀၀ ဈေးဖြစ်သွား၍ စပါးဈေး တင်း ၁၀၀ ကို ကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၃၀၀၀/၄၀၀၀ ဝန်းကျင်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ပေါ်ဆန်းစပါး/ဆန်ဈေးနှုန်း ကျဆင်းမှုနှင့်အတူ ဧည့်မထအုပ်စု ရွှေသွယ်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ကိုးသိန်းဈေးမှ ယခုဈေး ကျပ် ၈၅၀၀၀၀၊ ဆန်တစ်အိတ်ကို ယခင် ကျပ် ၃၄၀၀၀/ ၃၅၀၀၀ ခန့် မှ ယခုဈေးကျပ် ၃၁၀၀၀/ ၃၂၀၀၀၊ မိုးဧည့်မထ၊ မနောသုခ၊ မျိုးပွားစပါး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၅၀၀၀၀/၇၀၀၀၀၀ ဝန်းကျင်မှ ယခု ဈေး ကျပ် ၆၀၀၀၀၀/ ၆၅၀၀၀၀ဈေးသို့ ကျဆင်းလျက်ရှိပြီး ယခင် ဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀/ ၂၅၀၀၀ ဈေးမှ ယခုဈေး ကျပ် ၂၂၀၀၀/ ၂၃၀၀၀ဈေး ခန့် ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့် ဈေးနှုန်းကျဆင်းလျက်ရှိသည်။ ယခုလက်ရှိအချိန် စက်ပိုင်ကုန်သည်အများစုမှာ လှောင်ထားသော စပါးများကိုသာ အဓိကကြိတ်ခွဲ ရောင်းချလျက်ရှိပြီး တောင်သူလှောင်ထားသော စပါးများကို ဝယ်ယူမှုမရှိကြောင်း၊ လက်ရှိမှာ တိုင်းအတွင်းနှင့် တိုင်းကျော် ဆန်စပါး ဈေးကွက်မှာ အရောင်းအဝယ် အေးလျက်ရှိပြီး အောက်တိုဘာလဆန်းပိုင်း မိုးကောက်စောစပါးများ ဈေးကွက်ဝင်ရောက်လာချိန်အထိ ဆန်စပါးဈေးကွက်မှာခန့်မှန်းလို့မရကြောင်း ဆန်စက်ပိုင်ရှင် ဆန်ကုန်သည်အသိုင်းအဝိုင်းမှသိရသည်။

**မင်းမင်းဦး(ပသ)**

# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်စပါးပေါက်ဈေးများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်အတွင်း ဧည့်မထစပါး(အပု)ပေါက်ဈေးသည် ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၅၅၀၀၀၀၊ ဆန်ဈေးတစ်အိတ်ကို ကျပ် ၂၀၀၀၀၊ ဧည့်မထ စပါး(အရှည်) ပေါက်ဈေးသည်ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၄၆၀၀၀၀၊ ဆန်ဈေးတစ်အိတ်ကို ကျပ် ၁၇၈၀၀၊ ဆန်ကွဲတစ်အိတ် ကျပ် ၁၄၂၀၀ နှင့် ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၈၄၀၀ အသီးသီး ပေါက်ဈေးရှိပြီး ရန်ကုန် ဘုရင့်နောင်သို့ နှစ်ရက်လျှင် ၁၂ ဘီးတစ်စီးစာအိတ်၃၅၀ ခန့်ပုံမှန်တင်ပို့နေကြောင်း သိရသည်။ ဆန်တစ်အိတ်ကိုပွဲခကျပ် ၁၀၀ နှင့် သယ်ယူခ ကျပ် ၄၅၀ ပေးရပြီး အရောင်းအဝယ် အေးနေကြောင်း သိရသည်။

**သိန်းဆွေ(သနပ်ပင်)**

# ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန်တစ်သိန်းခုနစ်သောင်းကျော်တင်ပို့

ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းတစ်ပတ်အတွင်းမြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊လွယ်ဂျယ်နှင့်ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ သုညဒသမ ၂၅၄ သန်းတန်ဖိုးရှိဆန်တန်ချိန် ၈၉၀ ကျော်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် မှ တန်ချိန် ၆၀၀၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၅၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၃၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုလတွင် ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် ၆၈၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်လတင်ပို့မှုထက် တန်ချိန် ၂၀၀၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။ ယခုလတွင် ဆန်ကွဲတန်ချိန် ၁၀၀၀ ကျော် တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ကိုးသန်းနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၂၆၅၆၀ကျော်တင်ပို့ခဲ့သည်။ယခုတစ်ပတ် ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ရုရှား၊ မလေးရှား၊ မက်ဒါဂါးစကား၊ ကင်မရွန်း၊ ဆွစ်ဇာလန်၊ မိုဇမ်ဘစ်နှင့် အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ အများဆုံးတင်ပို့သော နိုင်ငံများနှင့် တင်ပို့သော တန်ချိန်များမှာတရုတ်နိုင်ငံသို့တန်ချိန်၁၃၀၀၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၅၀၀၊ ဆွစ်ဇာလန်သို့ တန်ချိန် ၁၀၄၀၊ ကင်မရွန်းသို့ တန်ချိန် ၁၀၀၀၊ မိုဇမ်ဘစ်သို့ တန်ချိန် ၂၅၀၀ ကျော်၊အီးယူသို့တန်ချိန် ၆၆၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုလတွင် ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၅ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၉၈၀၀ ကျော် တင်ပို့ပြီး ယခင်လတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၂၀၀၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၃၅၇၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့သော နိုင်ငံများမှာအင်ဒိုနီးရှား၊ ထိုင်း၊ အီးယူ၊ မက်ဒါဂါးစကား၊ ဂျီဘူတီ၊ ကင်မရွန်း၊ အိုင်ဗရီကိုစ့်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများ ဖြစ်သည်။ အဆိုပါနိုင်ငံများအနက်အများဆုံးတင်ပို့မှုများမှာအီးယူနိုင်ငံများသို့ တန်ချိန် ၆၃၀၀ ကျော်၊ အင်ဒိုနီးရှား နိုင်ငံသို့တန်ချိန် ၄၀၀၀၊ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀၀ ကျော် တင်ပို့ခဲ့ပြီး အိုင်ဗရီကိုစ့်သို့ တန်ချိန် ၇၇၀ ကျော် တင်ပို့ခဲ့သည်။ ယခုလတွင် အမေရိကန်ဒေါ်လာ ၁၄ သန်းနီးပါးတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၄၀၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ဩဂုတ်လ အတွင်းဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၁၁၆၆၀၀ ကျော်နှင့်ဆန်ကွဲတန်ချိန် ၅၅၀၀၀ ကျော်ဖြစ်ပြီး ယခင်လ တင်ပို့မှုထက် ဆန်ရောဆန်ကွဲပါ လျော့ကျခဲ့ကြောင်းသိရသည်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၆-၉-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၃ | ၄၃၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၃ | ၄၀၀ | ▽ | ၃၃၀ | ၃၂၂ | ▽ | ၄၀၀ | ၃၉၈ | ▽ | ၃၆၅ | ၃၆၈ | △ |
| ဆန်ဖြူ ၁၀% | ၄၀၂ | ၃၉၉ | ▽ | ၃၂၆ | ၃၁၉ | ▽ | - | - | - | ၃၆၀ | ၃၆၃ | △ |
| ဆန်ဖြူ ၁၅% | ၄၀၁ | ၃၉၈ | ▽ | ၃၂၂ | ၃၁၅ | ▽ | - | - | - | ၃၅၅ | ၃၅၈ | △ |
| ဆန်ဖြူ ၂၅% | ၃၉၅ | ၃၉၄ | ▽ | ၃၁၄ | ၃၀၇ | ▽ | ၃၇၀ | ၃၆၃ | ▽ | ၃၃၀ | ၃၃၃ | △ |
| ပေါင်းဆန် | ၄၃၈ | ၄၃၉ | △ | - | - | - | ၃၇၅ | ၃၆၆ | ▽ | ၃၉၃ | ၃၉၃ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၆-၉-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၅၀ | □ | ၂၁၀၀၀ | □ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၅၈၈၀ | □ | ၂၄၀၀၀ | ▽ | ၉၆၇၀ | □ | ၄၀၀၀၀ | ▽ |
| ပဲခူး | ၅၂၀၀ | ▽ | ၂၁၀၀၀ | ▽ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | ▽ | ၁၈၅၀၀ | ▽ | ၁၇၀၀၀ | □ | ၅၃၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၈၀၀၀ | △ | - | - | ၅၀၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၀၀၀ | ▽ | ၂၉၀၀၀ | △ | - | - | ၅၄၀၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၂၀၀၀ | △ |
| မကွေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | ▽ | ၂၂၀၀၀ | □ | ၉၃၀၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | ▽ | ၄၂၀၀၀ | ▽ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၅၀၀ | □ |
| ဘားအံ | ၆၀၀၀ | △ | ၂၄၀၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၃၀-၈-၂၀၁၉ မှ ၅-၉-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း | | | | | | | |
|---|---|---|---|---|---|---|---|
| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 622 | 35 | - | - | 1 | 658 |
| | Form AANZ | 8 | 1 | - | - | - | 9 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 189 | 4 | - | - | - | 193 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 18 | 2 | - | - | - | 20 |
| | Form AK | 336 | 16 | - | - | - | 352 |
| | Form D | 203 | 4 | - | - | - | 207 |
| | Form DFTP | 8 | 2 | - | - | - | 10 |
| | Form E | 189 | 10 | - | - | - | 199 |
| | Form Korea | 18 | 1 | - | - | - | 19 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1593 | 75 | - | - | 1 | 1669 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၉-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃၀/၈ | ၆/၉ | ပြောင်းလဲမှု | ၃၀/၈ | ၆/၉ | ပြောင်းလဲမှု | ၃၀/၈ | ၆/၉ | ပြောင်းလဲမှု | ၃၀/၈ | ၆/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၂၉ | ၁၁၈၃ | ▼ | ၁၂၆၇ | ၁၂၃၃ | ▼ | ၁၂၀၀ | ၁၁၇၅ | ▼ | ၁၂၀၀ | ၁၁၇၅ | ▼ |
| ပဲစင်းငုံ | ၁၄၄၈ | ၁၄၄၅ | ▼ | ၁၃၈၃ | ၁၄၆၇ | ▲ | ၁၄၇၅ | ၁၄၅၀ | ▼ | ၁၄၆၀ | ၁၄၃၅ | ▼ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၈၃၀ | ▲ | ၁၇၉၆ | ၁၈၃၃ | ▲ | ၁၇၆၃ | ၁၈၄၂ | ▲ | ၁၆၀၅ | ၁၆၈၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၄၀၆ | ၁၃၇၃ | ▼ | ၁၃၇၉ | ၁၃၅၈ | ▼ | ၁၃၉၅ | ၁၃၆၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၀၀၀ | ၁၁၀၅ | ▲ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၈၂၅ | ▲ | ၁၈၁၃ | ၁၈၁၃ | ■ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၄၊၈၊၁၉)ထိ | ယခုတစ်ပတ် (၃၁၊၉၊၁၉)ထိ | (၁၊၁၊၁၉) မှ (၃၁၊၉၊၁၉) ထိ |
| မတ်ပဲ | ၂၅၉၆၀၉ | ၁၁၇၀၆ | ၂၇၁၃၁၅ |
| ပဲတီစိမ်း | ၁၇၆၄၀၀ | ၂၈၃၆ | ၁၇၉၂၃၆ |
| ပဲစင်းငုံ | ၉၁၈၃၀ | ၄၅၇၈ | ၉၆၄၀၈ |
| ကုလားပဲ | ၄၇၈၀၈ | ၇၄ | ၄၇၈၈၂ |
| ပဲလွန်းဖြူ | ၃၁၆၃၂ | ၅၅၂ | ၃၂၁၈၄ |
| မြေထောက်ပဲ | ၈၈၅၇ | ၄၃ | ၈၉၀၀ |

## ပြည်ဈေးကွက်တွင် ပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် မိုးပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ ပဲအထွက်လှိုင်ချိန်ဖြစ်သည့်အတွက် ပဲသစ်များဝင်ရောက်မှုများလျက်ရှိပြီး ပြည်အနီးတစ်ဝိုက် ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျိုးသဲနှင့်ကံမမြို့နယ်များမှ နေ့စဉ် ဝင်ရောက်ခဲ့ကာ အိတ် ၃၀၀/၄၀၀ ကျော် ဝင်ရောက်မှုရှိသည်။

ဝယ်လက်အနေဖြင့် ရန်ကုန်၊ မန္တလေးလိုင်းသမားများ ဝယ်ယူလျက်ရှိသည်။ ပဲဈေးမှာ ရိုးရိုးစတစ်တင်းကျပ် ၂၉၀၀၀၊ ထိပ်စတစ်တင်းကျပ် ၃၂၀၀၀ မှ ၃၃၀၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်နေကြောင်း သိရှိရသည်။ ပဲတီစိမ်းသီးနှံမှာ နှစ်စဉ်ဈေးကောင်းရနေပြီး မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုခဲ့ကြောင်း သိရသည်။

ခင်ဆွေဝင်း(ပြည်)

## မတ်ပဲတင်ပို့မှု ယခင်တစ်ပတ်တင်ပို့မှုထက် လျော့နည်း

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၁၇၀၅ ဒသမ ၉၂ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၁၆၄၅၃ ဒသမ ၃၄ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၅ နိုင်ငံရှိပြီး ကနေဒါ၊ အိန္ဒိယ၊အီတလီ၊ မလေးရှား၊ နီပေါ၊နယူးဇီလန်၊ ပါကစ္စတန်၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ထိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၉၀၂၃ ဒသမ ၅၊ တန်ဖိုးအမေရိကန်ဒေါ်လာ၄၉၉၃၃၀၂ ဒသမ ၁၆ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ အီတလီနိုင်ငံဖြစ်၍ တန်ချိန် သုံးတန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၉၀၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၁၆၀၈၃ ဒသမ ၁၆၇၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၉၀၅၉၄၉၄ ဒသမ ၇၅ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၄၃၇၇ ဒသမ ၂၄၇၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၄၃၀၄၁ ဒသမ ၄၁ လျော့နည်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၆၃ ဒေါ်လာခန့်ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၅၆၅ ဒေါ်လာ ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာနှစ်ဒေါ်လာခန့် ပိုမိုရရှိခဲ့ကြောင်းသိရသည်။

စန်းစန်းမော်၊ (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)

## ပဲတီစိမ်းဈေးကွက် ယခင်လထက် ဈေးမြင့်

မန္တလေးတိုင်းဒေသကြီးတွင် ပဲတီစိမ်းကို မိုးကြို၊ မိုးနှင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလတို့တွင် စိုက်ပျိုးခဲ့ရာ ဇွန်လတွင် ဈေးကွက်သို့ဝင်ရောက်ခဲ့သည်။

လတ်တလော ဈေးကွက်လက်ကျန်နည်းခြင်း ရန်ကုန်ဝယ်လက်နှင့် မူဆယ် တရုတ်ဈေးကွက်သို့ ပြန်လည်တင်ပို့မှုများရှိနေ၍ ယခင်လထက် ဈေးမြင့်တက်လာခဲ့ကြောင်း၊ ဈေးကွက်တွင် ပဲတီစိမ်းသစ်ဝင်ရောက်မှုမရှိသော်လည်း ယခင်နှစ် သီးနှံအဟောင်းကိုသာ ရောင်းဝယ်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။



မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ယခုတစ်ပတ် ပဲတီစိမ်း ၅၆ ဒသမ ၂၅ပိဿာဝင် သုံးတင်းဝင်အိတ် တစ်လုံးပေါက်ဈေးနှုန်းများမှာ ပဲတီစိမ်းရွှေဝါ(ခရမ်း)ကျပ် ၁၁၅၀၀၀ မှ၁၁၃၀၀၀၊ ပဲတီစိမ်းရွှေဝါ(လမ်း)ကျပ်၁၁၂၀၀၀မှ ၁၀၈၀၀၀၊ ပဲတီစိမ်းအညာကျပ် ၁၀၄၀၀၀ မှ ၉၀၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်လကာလတူပေါက်ဈေးနှုန်းမှာ ပဲတီရွှေဝါ(ခရမ်း)ကျပ် ၁၁၀၀၀၀ မှ ၁၀၈၀၀၀၊ ပဲတီစိမ်းရွှေဝါ(လမ်း) ကျပ် ၁၀၅၀၀၀ မှ ၁၀၀၀၀၀၊ ပဲတီစိမ်းအညာ ၉၉၀၀၀ မှ ၉၂၀၀၀၊ ယခင်လ ကာလတူပေါက်ဈေးနှုန်းထက် ပျမ်းမျှအားဖြင့် ပဲတီစိမ်းသုံးတင်းဝင် အိတ်တစ်လုံးလျှင် ပဲတီစိမ်းရွှေဝါ(ခရမ်း)ကျပ် ၅၀၀၀၊ ပဲတီစိမ်းရွှေဝါ(လမ်း) ကျပ် ၇၀၀၀ မှ ၈၀၀၀၊ ပဲတီစိမ်းအညာ ကျပ် ၅၀၀၀ ဈေးမြင့်တက်လာကြောင်းသိရသည်။

မြင့်မြင့်လှိုင်

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနှင့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀-၇၀၀၀၀-၇၃၀၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀ မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၅၆၀၀၀-၅၆၅၀၀ ဈေးဖြင့် အိတ်ရေ၁၀၀၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးဖြင့် အိတ် ၁၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ ၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ (အသစ်) တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၈၀၀-၂၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲသုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် အိတ်၅၀၊ကုလားပဲဖြူ လုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဝါ လုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဈေးဖြင့်အိတ်၅၀၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဖြင့် အိတ် ၅၀မှ၁၀၀ ၊ပြောင်းဖူး စေ့ CP တစ်တင်းလျှင် ကျပ် ၇၉၀၀ ဈေးဖြင့် အိတ်ရေ၅၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

## ပြည်ပဲကြီးသီးနှံ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေသည့် ပဲသီးနှံမှာ ပဲကြီးသီးနှံဖြစ်ကြောင်း သိရသည်။ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူခြင်းကြောင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ကာ ရွှေကျွန်း တစ်တင်း ကျပ် ၃၅၅၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၃၃၀၀၀ တို့ဖြင့် ရောင်းဝယ်မှုရှိခဲ့သည်။

ပဲကြီးသီးနှံမှာ ပဲဈေးကွက်အတွင်း နှစ်စဉ်လိုလိုဈေးကောင်းရနေပြီး ယခင်နှစ်က ပဲကြီးသီးနှံတစ်တင်း ကျပ် ၄၆၀၀၀ ကျော်အထိ သိသိသာသာဈေးကောင်းရရှိခဲ့ကြောင်းသိရသည်။ ယခုနှစ်ပဲဈေးနှုန်းမှာ ယခင်နှစ်ဈေးကို မမီသော်လည်း ပဲဈေးကွက်အတွင်းတွင် အခြားပဲများထက်ဈေးပိုရနေကြောင်း လေ့လာသိရှိရသည်။

ခင်ဆွေဝင်း(ပြည်)

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများ ပြန်ကျလာ

ပြည်ဈေးကွက်တွင် မိုးမြေပဲများကို ပြည်နှင့် အောင်လံကြားကျေးရွာများနှင့် ဝက်ထီးကန်၊ ဥသျှစ်ပင်တို့ဘက်မှ တစ်ရက်လျှင် အိတ် ၂၀၀ခန့် ဝင်ရောက်နေပြီး အိတ်ထောင်ကျော်ခန့် ဝင်ရောက်လာနိုင်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

မိုးမြေပဲဆန်များ ဈေးကွက်သို့ဝင်ရောက်လာနေပြီဖြစ်၍ မြေပဲဆန်ဈေးများလည်းပြန်ကျလာသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန်(ဖြူ)တစ်ပိဿာလျှင်ကျပ် ၃၃၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀ဖြစ်ပြီး လုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၇၅၀ ၊ (အနီ)တစ်ပိဿာလျှင်ကျပ် ၃၈၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာကြောင်း သိရသည်။

ဝေဝေမင်း(ပြည်)

## ရေနံချောင်း၌ ၂၀၁၉-၂၀၂၀ခုနှစ် စိုက်ပျိုးရာသီ ပဲစင်းငုံကေတစ်သောင်းကျော် စိုက်ပျိုးရန် လျာထား

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်စိုက်ပျိုးရာသီ၌ ပဲစင်းငုံဧကတစ်သောင်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ပဲမာမျိုးများ၌ ပဲစင်းငုံ ၁၁၈၂၉ ဧကတို့ကို လျာထားစိုက်ပျိုးနေပြီး လျာထားချက်ကျော်လွန်၍စိုက်ပျိုးနိုင်ကြောင်း အထက်ပါဌာနက သိရသည်။

ရေနံချောင်းမြို့နယ်သည် ဆီထွက်သီးနှံနှင့်မီးဖိုချောင်သုံးသီးနှံအပြင် ပဲစင်းငုံများ ပြည်တွင်း၊ ပြည်ပဈေးကွက်ကို တင်ပို့နေပြီး တောင်သူများဝင်ငွေရသောကြောင့် အဓိကထားစိုက်ကြခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဆန်းညွန့်(ရေနံချောင်း)

Vol: 19, No.34 Monday September 9 2019

## ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့်ကုမ္ပဏီတစ်ခုအား ကြေညာခြင်း

ဗဟိုဘဏ်၏ အကြောင်းကြားလာမှုအရ ၂၀၁၇ ခုနှစ်အတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့ခဲ့ပြီးနောက် ပို့ကုန်ရငွေ ပြန်လည် ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီ (၄၀)အနက်မှ ကျန်ကုမ္ပဏီတစ်ခုအား ယခုကြေညာသည့်ရက်မှ ရက်ပေါင်း (၆၀)အတွင်း ပို့ကုန်ဝင်ငွေအားလုံးကို ထည့်ဝင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(၁-၁-၂၀၁၇)မှ (၃၁-၁၂-၂၀၁၇)ရက်နေ့အထိ ပို့ကုန်ရငွေဝင်ရောက်ရန် ပမာဏအများဆုံး ကျန်ရှိသောကုမ္ပဏီ(၁)ခုစာရင်း

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာအမည်/ ဒါရိုက်တာအမည် | ပသကအမှတ် | မှတ်ချက် |
|---|---|---|---|---|
| 1 | Green Land Agriculture Co-Operative Society Ltd. | U Soe Yin | 25250 | |

ကုန်သွယ်မှုမူဝါဒဌာနခွဲ

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၀၄၇ တန်ဖိုးရှိ ကြက်သွန်နီ ၂ ဒသမ ၆၉ တန်၊ အမေရိကန်ဒေါ်လာ ၈၈၈ တန်ဖိုးရှိ နနွင်းမှုန့် ၂ ဒသမ ၄၀ တန်တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၃၂၂၈၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၂၆ ဒသမ ၈၅ တန်၊ အမေရိကန်ဒေါ်လာ ၇၈၀ တန်ဖိုးရှိ ဘာလီကော်ဖီမစ်သုညဒသမ ၃၉ တန်တို့ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏ တန်ဖိုး ၄၀၁၀၇ ဒေါ်လာကုန်သွယ်မှု ပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရတယ်။

ဩဂုတ်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၇၂၉၈ အိတ် တန်ချိန် အားဖြင့် ၃၆၆ ဒသမ ၄၄ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ဆန်တင်သွင်းမှုမှာ အိတ် ၄၄၆၀၊ မန္တလေးမြို့မှ ၂၈၅၅ အိတ်၊ ရွှေဘိုမြို့မှ ၂၈၅၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၁၀၁၆၅ အိတ် တန်ချိန်အားဖြင့် ၁၁၉၅ ဒသမ ၇၂ တန်တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၄၅၄၀၉ အိတ် တန်ချိန်အားဖြင့် ၂၂၂၄ ဒသမ ၂၉ တန်တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(နွေ)စပါးတင်း(၁၀၀)လျှင် ကျပ် ၈၆၉၀၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၄၂၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ကျပ် ၂၈၅၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၇၅၀၊ ငစိန်ဆန်တစ်ပြည်လျှင် ကျပ် ၁၂၀၀ နှုန်းဖြစ် ဈေးပေါက်လျက်ရှိကြောင်း ကုန်သည်ပွဲစားများထံမှ သိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိအရောင်းအဝယ်ဖြစ်နေသော ရွှေဈေးနှုန်းများမှာ ၁၆ ပဲရည် တစ်ကျပ်သားကို ကျပ် ၁၂၇၅၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားကို ကျပ် ၁၁၉၅၀၀၀၊ ၁၄ ပဲရည် တစ်ကျပ်သားကို ကျပ် ၁၁၁၅၆၀၀၊ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၂၀၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပုတစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ စားသုံးဆီဈေးနှုန်းများမှာပဲဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ နှမ်းဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊စားအုန်းဆီ(လက်လီစည်ပင်ဈေး) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၅.၉ . ၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - PACAO | TEU 745 တင် TEU 655 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR SOLO | TEU 915 တင် TEU 640 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - ALS SUZURAN | TEU 440 တင် TEU435 ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - BIPL BLESSING | TEU 445တင် TEU 837 ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - DOLPHIN 89 | Yellow Maize ၇၆၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - ALEA | ဆန်တန် ၂၂၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - OSLO TRADR | TEU 329 တင် TEU 180 ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - SEDNA OCEAN | Carbon Steel Pipe ၄၃၁၁ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - HAN YI | Vehicle+G/C ၂၄၅ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ် (၁) | - VIKING EMERLAD | Unite Vehicle (RO/RO) ၁၀၅၇၉ ချဆဲ |
| IBTT ဆိပ်ကမ်း | - APUANAD | Clinker (In Bulj) ၂၅၀၀၀ ချဆဲ |
| WILMAR JETTY | - MT.CONCORD | P.Oil(In Bulk) ၁၆၁၄၀ ချဆဲ |
| Regency Spc JETTY | - MT.YU HAI | Diesel+Mogas92Ron ၁၇၅၉၃ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DOLPHIN STAR | Z Unite Military Truck ၇၀ချရန် | UK RAINE | ၅.၉.၂၀၁၉ |
| EVANS | Steel Product ၁၆၀၀၀ ချရန် | CHINA | ၆.၉.၂၀၁၉ |
| SHENG AN HAI | Steel ၂၉၃၀၅ ချရန် | CHINA | ၆.၉.၂၀၁၉ |
| MISSY ENTERPRISE | Coal(In Bulk), ၂၇၁၉၇ ချရန | AUSTRILLIA | ၆.၉.၂၀၁၉ |
| ANO DOS | Clinker(In Bulk), ၂၃၆၆၀ ချရန် | INDONISHA | ၈.၉.၂၀၁၉ |
| SPN BANG KOK | Unite +PKG&Vehicle&Steel Rail ၉၁၅ချရန် | JAPAN | ၁၄.၉.၂၀၁၉ |
| INDUSTRIL GUIDE | Steel Rebar's ၁၂၃၆၆ ချရန် | TURKEY | ၁၈.၉.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၉.၂၀၁၉ |
| PRESIODIO | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၆.၉.၂၀၁၉ |
| MADRID TRADER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၆.၉.၂၀၁၉ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၉.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၉.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၉.၂၀၁၉ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၈.၉.၂၀၁၉ |
| MATHU BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၈.၉.၂၀၁၉ |
| ASOPOS II | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၉.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၉.၂၀၁၉ |
| OCEAN OROBE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၂.၉.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၂.၉.၂၀၁၉ |
| TRIESTE TRADER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၃.၉.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၉.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY GURNARD | Diesel Oil | - | ၆.၉.၂၀၁၉ |
| MT.OCEAN MORAY | MOGAS (92Ron) | MMTM JETTY | ၆.၉.၂၀၁၉ |
| MT.SKLINE-1 | P.Oil(In Bulk) | INDONESIA | ၇.၉.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၇.၉.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၇.၉.၂၀၁၉ |
| MT.ROYAL-79 | P.Oil(In Bulk) | INDONESIA | ၇.၉.၂၀၁၉ |
| MT.SCHUMI | LPG Gas | SINGAPORE | ၈.၉.၂၀၁၉ |
| MT.OCEAN GOBY | MOGAS (92Ron) | SINGAPORE | ၈.၉.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၁၀.၉.၂၀၁၉ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၁၁.၉.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၁၉.၉.၂၀၁၉ |

## တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၃၅၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၅၀ မှ ၅၅၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၁၀၀ မှ ၁၂၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၀၀၀ မှ ၁၂၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ)(ပိဿာ) ကျပ် ၉၀၀ မှ ၉၅၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ) ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၄၀၀၀ မှ ၄၃၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၃၂၀၀ မှ ၃၅၀၀ အတွင်း၊ ဆလတ်ရွက်(စီး) ကျပ် ၁၇၀ မှ ၂၀၀၊ ရုံပတီသီး (တောင့်) ကျပ် ၇ မှ ၁၂ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၃၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၁၈၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၂၅ မှ ၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၈၀ မှ ၁၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၉၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၂၀၀၀ မှ ၃၀၀၀ အတွင်းရှိကြောင်း သိရသည်။ ယခုရက်သတ္တပတ်အတွင်း ဘူးသီး၊ ကြက်သွန်ဖြူ(ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ချင်းနှင့် ပဲသီးတို့မှာ ဈေးတက်နေခဲ့သည်။

တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၅၅၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၁၇၁၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၆၀၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း (၃၆၅၀၀)ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၃၉၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း၃၈၀၀၀ ကျော်နှင့် မုန်ညှင်း (ထုပ်)ပေါင်း ၁၈၀၀၀ ကျော်၊ ဖရဲသီးအဝင်စုစုပေါင်း ၂၇၀၀၀ ကျော်အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## သာယာဝတီခရိုင်အတွင်း ဆန်စပါးဈေးနှုန်းများ ကျဆင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းတွင် ဩဂုတ်လ နောက်ဆုံး သီတင်းပတ်တွင် ဆန်စပါးဈေးနှုန်းများ ငြိမ်သက်နေသော်လည်း စက်တင်ဘာလပထမပတ်မှစတင်၍ စပါးဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရသည်။ ဈေးနှုန်းမှာ ၄၆ ပေါင် တင်း၁၀၀လျှင် ယခင်အနိမ့်ဆုံး ကျပ် ၅၁၅၂၀၀မှအမြင့်ဆုံး ကျပ် ၅၇၀၄၀၀ ရှိပြီး ယခုအခါအနိမ့်ဆုံးကျပ် ၅၀၆၀၀၀ ခန့်မှ အမြင့်ဆုံးကျပ် ၅၃၃၆၀၀ ခန့်သာရှိတော့သည်။

ဈေးနှုန်းများ ကျဆင်းရခြင်းမှာ ခရိုင်အတွင်း မြို့နယ်အချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး စပါးဈေးနှုန်းသာဖွင့်ထား၍အရောင်းအဝယ်များ မရှိသလောက်နည်းပါးသွားသောကြောင့် ဈေးနှုန်းများ ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ကြက်သွန်နီ

### မုံရွာကြက်သွန်နီဈေးကွက် အရောင်းအဝယ်သွက်ပြီး ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ်မုံရွာမြို့၏ ကြက်သွန်နီဈေးကွက်မှာ အရောင်းအဝယ်သွက်၍ ဈေးအနည်းငယ်မြင့်လာကြောင်း သိရသည်။ မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာ ၅၀၀၀၀ ခန့် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေး၊ ကလေး၊ ခန္တီးနှင့် ဟုမ္မလင်းမြို့များသို့ ပုံမှန်တင်ပို့ရောင်းဝယ်လျက်ရှိရာ ယခုတစ်ပတ်အတွင်း တမူးနယ်စပ်သို့ပိုမို တင်ပို့လျက်ရှိ၍ ဈေးအနည်းငယ်မြင့်လာကြောင်း သိရသည်။

ယခုတစ်ပတ် ကြက်သွန်နီပေါက်ဈေးနှုန်းမှာ လက်ကားဈေး တစ်ပိဿာ (ကြီး၊လတ်၊သေး) ကျပ် ၆၅၀၊၇၅၀၊၈၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး၊လတ်၊သေး) ကျပ် ၈၀၀၊ ၉၀၀၊ ၁၁၀၀ နှုန်းဖြစ်ကာ ယခင်တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၁၀၀ ခန့် ဈေးပိုလျက်ရှိသည်။ မုံရွာကြက်သွန်ဖြူဈေးကွက်၌ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၁၅၀၀၊ ၂၀၀၀ ခန့်အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၂၈၀၀၀ ၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်း၊ လက်လီ ပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၇၀၀၊ (ရှမ်း) ကျပ်၃၈၀၀ နှုန်းဖြင့် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

### ပခုက္ကူနှင့် ဆိပ်ဖြူ ကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်းသို့ မိုးစိုက်(ဥစိုက်) ကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်နေသည်။ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိရာ ဒေသများဖြစ်သော ပေါက်၊ ရေပြာ၊ ကမ္မ၊ ရေပြာနယ်များနှင့် ပခုက္ကူကျွန်းများမှ ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူကျွန်းများမှ မြိတ်စားကြက်သွန်နီများ ၁၀ ကျပ်သားတစ်စည်းလျှင် ၇၅ ကျပ်မှ ၁၀၀ ဈေးဖြင့် ပခုက္ကူမြို့မဈေးနှင့် အမှတ်(၂) ဈေးတို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်နီကုန်ဝယ်ဒိုင်၏ လက်ကားဈေးနှုန်းများမှာ ထိပ်စတစ်တင်းလျှင် ၇၁၅-၇၂၅-၇၃၅ ကျပ်၊ အလတ်စ တစ်တင်းလျှင် ကျပ် ၅၀၀-၅၅၀ ၊ အနိမ့်စ တစ်တင်းလျှင် ကျပ် ၁၀၀-၂၀၀-၃၀၀ ဈေးဖြင့် ကုန်ချိန် ၈၀၀၀၀ မှ ၁၃၈၀၀၀ ခန့်ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများသို့ တင်ပို့လျက်ရှိသည်။ ကြက်သွန်နီ စိုက်တောင်သူများအနေဖြင့်လည်း ယခုနှစ်တွင် ကြက်သွန်နီ ဈေးမကောင်းသော်လည်း ထိုက်သင့်သည့်အလျောက် အမြတ်အစွန်း ရနေကြောင်းကိုလည်း ကြက်သွန်နီစိုက် တောင်သူများထံမှ သိရသည်။

ဆိပ်ဖြူ ကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်တင်းလျှင် ကျပ် ၅၅၀ ၊ အလတ်စ တစ်တင်းလျှင် ၄၂၅ ကျပ် ၊ အနိမ့်စ တစ်တင်းလျှင် ကျပ် ၃၀၀ ဈေးဖြင့် နေ့စဉ် ကုန်ချိန် ၁၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပြီး ဆိပ်ဖြူဒေသမှထွက်ရှိသည့်ကြက်သွန်နီများကို ရန်ကုန်၊ မူဆယ်၊ မော်လမြိုင်၊ ပုသိမ်မြို့များသို့ ကုန်ချိန် တစ်သိန်းကျော်တင်ပို့လျက်ရှိကြောင်း သိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

### ပြည်ဈေးကွက်အတွင်း အရည်အသွေးကောင်း ကြက်သွန်နီ ဈေးမြင့်

ယခုတစ်ပတ်ပြည်ကြက်သွန်ဈေးကွက်အတွင်း ဈေးနှုန်းများ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၅၀-၁၀၀ ခန့်မြင့်တက်သွားကြောင်း သိရသည်။ ပခုက္ကူ ဆိပ်ဖြူ ကျောက်ပန်းတောင်း စသည့် နယ်များမှ ပြည်ဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ် ၂၀၀-၃၀၀ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေပြီး ဝင်ရောက်မှုရှိသည့် ကြက်သွန်နီများ အရည်အသွေးကောင်းသဖြင့် ဈေးနှုန်းများ အနည်းငယ်မြင့်တက်သွားကြောင်းလည်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ပွဲရုံလက်ကားဈေး အနည်းငယ် မြင့်တက်သော်လည်း လက်လီဈေးအသေးများတွင် ယခင်အကျဈေးဖြင့် ရောင်းဝယ်မှုရှိသည့်အတွက် ဈေးငြိမ်နေကြောင်း သိရသည်။ ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၁၀၀၀-၉၅၀/၉၀၀-၈၅၀/၈၀၀-၇၇၀ နှုန်းတို့နှင့် လက်လီဈေး အသေးများတွင် (ကြီး/လတ်/သေး)ကျပ် ၁၂၀၀/၁၁၀၀-၁၀၀၀/၉၀၀-၈၀၀ နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်းသိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

### ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပပို့ကုန် ဝဥ ဈေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်စောင်းတောင်ကုန်းများတွင် သဘာဝအလျောက် ပေါက်ရောက်နေသော ပြည်ပပို့ကုန်ဝဥများမှာ ရာသီသီးနှံတစ်ခုအနေဖြင့် ဩဂုတ်လဆန်းပိုင်းမှစ၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး အောက်တိုဘာလကုန်ပိုင်းတွင် အဝင်နည်းသွား၍ ဝဥရာသီပြီးဆုံးသွားမည်ဖြစ်ပြီး ဝဥမှာ ပန်းရောင်၊ အဝါရောင်၊ အဖြူရောင်သုံးမျိုးရှိပြီး ဝဥအဝယ်ဒိုင်များမှာ စိန်တောင် လမ်းခွဲ၊ မော်တင်လမ်းခွဲတို့တွင်လည်း ရှိကြောင်း ပုသိမ်မြို့နယ် ပုသိမ်-ငွေဆောင်ကားလမ်းဘေးလှည်းကျော်ကုန်းကျေးရွာရှိ သိဒ္ဓိဝဥအဝယ်ဒိုင်မှ သိရသည်။

ယခင်နှစ်က ဝဥပေါ်ချိန် တစ်ပိဿာကို ကျပ် ၅၀၀/၆၀၀ ဈေးသာရှိပြီး ယခုနှစ်တွင် တစ်ပိဿာကို ကျပ် ၈၅၀/၉၀၀ ဈေးမြင့်တက်ဝယ်ယူလျက်ရှိသည်။ ပုသိမ်ဈေးကွက်သို့ ငရုတ်ကောင်းဒေသမှ ဝဥအများဆုံးလာရောက်ရောင်းချမှုရှိပြီး ယခုအချိန် ဝဥကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများလည်းရှိကြောင်း၊ အဝယ်ဒိုင်မှ ဝယ်ယူထားသော ဝဥများကို ရေဆေးပြီး လှီးဖြတ်ကာ နာရီ ၂၀ မှ ၂၄ နာရီခန့် မီးကင်ပြီး မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချကာ မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှလည်း ဂျပန်နိုင်ငံသို့ တင်ပို့သူရှိကြောင်း သိရသည်။

ဝဥမှာ မြန်မာနိုင်ငံဒေသအတွင်း နေရာအချို့မှာ ထွက်ရှိလျက် ချင်းပြည်နယ်တွင် သဘာဝအလျောက် တူးဖော်ရောင်းချသူများ ရှိသည့်အပြင် စီးပွားဖြစ်ပါစိုက်ပျိုးလျက်ရှိကြောင်း၊ ဝဥကို တချို့ဒေသများတွင် စားသောက်ကုန်အဖြစ်သုံးစွဲ၍ ယခုအခါ ဝဥမှာ နိုင်ငံတကာဈေးကွက် ပိုမိုကျယ်ပြန့်လာပြီး ဘေးထွက်ဆိုးကျိုးမပါဝင်သော သဘာဝသီးနှံဖြစ်သည်။

ပြည်ပဈေးကွက်တွင် စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းနှင့် ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများတွင် စက်မှုကုန်ကြမ်းသီးနှံအဖြစ်လည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## နှမ်း

### ယခင်တစ်ပတ်ထက် နှမ်းတန်ချိန် ၄၀ ကျော် တင်ပို့မှုလျော့

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း နှမ်း ၂၀၉ ဒသမ ၃ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ ၃၄ ဒသမ ၃ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၇၅ တန် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

ယခင်သီတင်းပတ်က နှမ်းတန်ချိန် ၁၆၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၀ကျော်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ နှမ်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၀၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။ နှမ်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၈၈၈၇၀ ဒေါ်လာဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း**(DOT)

## ချင်း

### ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်သို့ ချင်းတန်ချိန် ၄၀၀ ကျော် တင်ပို့

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း ချင်း တန်ချိန် ၄၃၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်း ၃၄၈ ဒသမ ၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၈၁ ဒသမ ၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ချင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၉၀-၂၀၀ ဝန်းကျင်ရရှိခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၅၁၉၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

### ပြည်ချင်း ဈေးအနည်းငယ်ကျလာ

ယခုတစ်ပတ်ပြည်ပွဲရုံများသို့ ချင်းအိတ်များ ပိုမိုဝင်ရောက်လာပြီး ချင်းဈေးအနည်းငယ်ပြန်ကျလာကြောင်း ပွဲရုံပိုင်ရှင်များထံမှ သိရသည်။ နယ်အထွက်နည်းပြီး ပြည်တွင်းဝယ်လက်များပါရှိနေကြောင်း သိရသည်။

ယခုတစ်ပတ် ပြည်ချင်းဈေးမှာ ချင်းတက်တစ်ပိဿာလျှင် (ပွဲရုံ) ဈေး ကျပ် ၂၇၀၀-၂၈၀၀ နှင့် ပြည်ဈေးကြီးတွင်သန့်စင်ပြီး (ချင်း) တစ်ပိဿာ ကျပ် ၃၀၀၀ မှ ၃၂၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိသည်။ ဒေသတွင်းလက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ ဖြစ်သည်။ ခါးလှီး (ချင်း)ဖတ်တစ်ပိဿာလျှင်ကျပ် ၃၇၀၀ ဈေးနှင့် ရောင်းဝယ်လျက်ရှိနေသည်။

**နီနီဝင်း(ပြည်)**

## မန်ကျည်း

### ယခုတစ်ပတ် မန်ကျည်းတန်ချိန် ၃၀၀ တင်ပို့

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်းမန်ကျည်းသီး တန်ချိန် ၃၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၃၆၀ ဒသမ ၆၄ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၆၀ ဒသမ ၆၄ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ မန်ကျည်းတစ်တန် အမေရိကန်ဒေါ်လာ ၁၄၀ ရရှိခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၀၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

### ပြည်မန်ကျည်းမှည့် ပုံမှန်အရောင်းအဝယ်ရှိနေ

ပြည်ပွဲရုံများတွင် မန်ကျည်းမှည့် (အဟောင်း)များ ပုံမှန် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။ ဒေသတွင်း လက်လီ အရောင်းအဝယ်အေးသော်လည်း ရခိုင်ပြည်နယ်သို့ ရက်ခြားအတင်ရှိခြင်းကြောင့် လှောင်လက်သမားများပုံမှန်အရောင်းအဝယ်ရှိနေခြင်းဖြစ်သည်။

ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာလျှင် ပွဲရုံဈေးကျပ် ၂၂၀၀ နှင့် ဒေသတွင်း လက်လီဈေးမှာ ကျပ် ၂၇၀၀ ဈေးတို့ဖြစ်ပြီး ကျောက်ပန်းတောင်း မန်ကျည်းမှည့်တစ်ပိဿာဈေးကျပ် ၃၅၀၀ ဈေးတို့ဖြင့် ရောင်းဝယ်နေကြသည်။

**နီနီဝင်း (ပြည်)**



# တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်တို့၏ ဆန်မူဝါဒ ပြောင်းလဲခဲ့မှုများနှင့် မြန်မာ့ဆန်အခြေအနေ

[ မျိုးသူ (ကုန်သွယ်မြှင့်)]

မြန်မာနိုင်ငံသည် စပါးကိုစိုက်ပျိုး၊ ဆန်ကိုစား၊ ပြည်ပဝင်ငွေအတွက် ဆန်ကို ပြည်ပတင်ပို့ခဲ့သည်မှာ ၁၉၀၀ ပြည့်လွန်နှစ်များကထဲက ဆိုလျှင် မှားမည်မထင်ပါ။ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှုသည် နှစ်ပေါင်း တစ်ရာကျော်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း ပြည်ပသို့ဆန်တင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီနှင့် ဆိုရှယ်လစ်ခေတ်များတွင်လည်း ပြည်ပသို့ဆန်တင်ပို့မှုကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင်လည်း ဆန်တင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဧပြီလတွင် ဆန်စပါးလုပ်ငန်းကို အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုကြောင်း၊ အစိုးရကလည်း ပြည်ပသို့ဆန်ရောင်းချခြင်းကို တိုက်ရိုက်ဆောင်ရွက်ခြင်းမပြုကြောင်း ကြေညာပြီးနောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြည်ပဆန်တင်ပို့မှုများကို ယနေ့အထိ ဆက်လက်လုပ်ဆောင်လာခဲ့ပါသည်။ ပြည်ပဆန်တင်ပို့မှု တစ်လျှောက်လုံးတွင် မြန်မာနိုင်ငံသည် အခြားသောအာရှတိုက်မှ ဆန်တင်ပို့နိုင်ငံများနှင့် ယှဉ်ပြိုင်နေရမှုများကို ရင်ဆိုင်ရလျက်ရှိပြီး ဆန်တင်ပို့ရာတွင် ကမ္ဘာ့ထိပ်တန်း နိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်နှင့် ဆန်တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံတို့၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံက အခြေအနေများနှင့် နှိုင်းယှဉ်သုံးသပ်နိုင်စေရန်နှင့် အတုယူသင့်သည်များ၊ ရှောင်သင့် ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး လေးနိုင်ငံ ယှဉ်တွဲရေးသားတင်ပြလိုခြင်းဖြစ်ပါသည်။

## တရုတ်နိုင်ငံ၏ဆန်စပါးမူဝါဒ

တရုတ်နိုင်ငံ၏ ဆန်စပါးမူဝါဒကို သုံးပိုင်းခွဲခြားလေ့လာနိုင်ပါသည်။ ၁၉၆၁ မှ ၁၉၇၇ ခုနှစ်အထိကို တရုတ်နိုင်ငံ၏ ပထမအပိုင်းအဖြစ် သတ်မှတ်နိုင်ပါသည်။ ယင်းကာလမှာ တရုတ်နိုင်ငံသည် ပြည်သူ့ဘုံဝါဒကို ဖော်ဆောင်နေချိန်ဖြစ်ပါသည်။ ယင်းအချိန်ကာလတွင် ဆန်စပါးအထွက်နှုန်းနှင့် ရိတ်သိမ်းဧရိယာမှာ နှစ်စဉ် ပျမ်းမျှခြင်းအားဖြင့် ၁ ဒသမ ၈၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိကြောင်း သိရပါသည်။ ယင်းကာလသည် တရုတ်နိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှု ထင်ရှားစွာ တိုးတက်ခဲ့သော အခြေအနေဖြစ်ပါသည်။ ဒုတိယအပိုင်းကို ၁၉၇၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ သတ်မှတ်ထားပြီး ယင်းကာလသည် မိသားစုအလိုက် တာဝန်ခံသော စနစ်တစ်ရပ်ကို ထူထောင်ပြီး ဈေးကွက်အတွင်း ဖြေလျှော့မှုများ (Market Liberalization) ကို အကောင်အထည်ဖော်လာပါသည်။ တစ်ဖက်တွင်လည်း စပါး ရိတ်သိမ်းသည့် ဧရိယာသည် နှစ်စဉ်ပျမ်းမျှ ၁ဒသမ ၈၈ရာခိုင်နှုန်း လျော့နည်းလျက်ရှိကြောင်း သိရပါသည်။ ယင်းကာလတွင် hybrid rice ကို တိုးချဲ့စိုက်ပျိုးလာသဖြင့် အထွက်နှုန်းတွင် နှစ်စဉ် ၃ဒသမ ၂၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ရိတ်သိမ်းသည့် ဧရိယာအပိုင်းတွင် လျော့နည်းသဖြင့် စုစုပေါင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် လျော့နည်းခဲ့ပါသည်။ တတိယ အပိုင်းအနေဖြင့် ၂၀၀၄ ခုနှစ်မှယခုအထိ သတ်မှတ်ထားပြီး တရုတ်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် အခွန်များကို တဖြည်းဖြည်း ဖြေလျှော့ပေးသဖြင့် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်သော ကာလဖြစ်သကဲ့သို့ ထုတ်လုပ်သူများအား ထောက်ပံ့သည့် အစီအစဉ်ကိုလည်း ၂၀၀၄တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

## ထိုင်းနိုင်ငံ၏ ဆန်စပါးမူဝါဒ

ထိုင်းနိုင်ငံသည် ဆည်မြောင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ခေတ်သစ် အမျိုးအစားများနှင့် တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် ဆန္ဒပြင်းပြမှုများကြောင့် ဆန်စပါးထုတ်လုပ်မှုသည် ၁၉၇၀ပြည့်နှစ်များမှ စတင်ပြီးအထွက်နှုန်း တိုးတက်လျက်ရှိသော်လည်း ထိုင်းနိုင်ငံသည် အခြားအာရှနိုင်ငံများ၏ အထွက်နှုန်းနှင့်ယှဉ်လျှင် နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ၏ စပါးအထွက်နည်းခြင်းမှာ မိုးရေကို မှီခို စိုက်ပျိုးရသောဒေသများ ပါဝင်နေသောကြောင့်ဖြစ်သည်ကို တွေ့ရပါသည်။ အထူးသဖြင့် အရှေ့မြောက်ဒေသရှိ ဟုမ်းမလိ သို့မဟုတ် Jasmine rice နှင့် ဒေသအထွက်ကောင်း ဆန်မွှေးမျိုးများ စိုက်ပျိုးသည့်ဒေသ၏ အထွက်နှုန်းများကြောင့်လည်း ဖြစ်ကြောင်း ဖော်ပြကြပါသည်။ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုဧရိယာကို တိုးချဲ့ခြင်းအားဖြင့်၁၉၈၀ ပြည့်နှစ်များမတိုင်မီကပင် ထိုင်းနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် တိုးတက်လျက်ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်များတွင် ရာသီစပါး Photoperiod Sensitive Rice များအစား ရက်စပါးဖြစ်သော Non-photoperiod Sensitive Rice များအား ကျယ်ပြန့်စွာ အစားထိုးစိုက်ပျိုးခြင်းဖြင့်လည်း ရာသီစုံ ဘက်စုံစိုက်ပျိုးနိုင်ခြင်းကို ဆည်ရေသောက် မြေဧရိယာများတွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်သဖြင့် ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိပ်တန်း Premium Rice များနှင့် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်မှုကို ထိန်းသိမ်းထားခြင်းဖြင့် အဓိကရည်မှန်းချက် Target အတွက် ပထမအဆင့်ကို ထိန်းထားနိုင်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး Agronomic နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကန့်အသတ်များကြောင့် Jasmine Rice သည် အခြားအမျိုးအစားများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းနည်းပါးပါသည်။ ထင်ရှားသည်မှာ အစိုးရက ဈေးနှုန်း အထောက်အပံ့ပြုသည့် အစီအစဉ် Price Support Program နှင့် ကတိကဝတ် အာမခံချက်ပေးသည့် အစီအစဉ် Pledging Program တို့သည် ဆန်စပါးထုတ်လုပ်မှု တိုးတက်မှုအတွက် များစွာအထောက် အကူဖြစ်သည်ဟုဆိုပါသည်။ သို့ရာတွင်အဆိုပါအစိုးရ၏ဈေးသတ်မှတ်ချက်ကြောင့် အရည်အသွေးမြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အစီအစဉ်တွင် အထောက်အပံ့ အပြည့်အဝ မဖြစ်နိုင်ကြောင်း သိရပါသည်။

## ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးမူဝါဒ

ဗီယက်နမ်အတွက် ၁၉၈၀ ပြည့်နှစ်တွင် စာချုပ်စာတမ်းဖြင့် ကုန်ထုတ်လုပ်ခြင်းစနစ် Contract Production System ကို မိတ်ဆက်ခဲ့ပြီးနောက် ဆန်စပါးထုတ်လုပ်မှုသည် အထွက်နှုန်း အပိုင်းတွင် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့ရသည့်အပြင် လယ်ကွင်းအတွင်း ထုတ်လုပ်မှုစွမ်းရည်လည်း သိသာစွာ တိုးတက်လာပါသည်။ ထပ်မံဖြည့်စွက်ရမည်ဆိုလျှင် ဗီယက်နမ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးမူဝါဒတွင် ပါဝင်သည့် အချက်တစ်ခုဖြစ်သည့် စိုက်ပျိုးနိုင်သည့် မြေယာများကို အိမ်ထောင်စုများအား ခွဲဝေပေးခဲ့ပြီးနောက်ပိုင်း ၁၉၈၆ ခုနှစ်မှစတင်ပြီး ရိတ်သိမ်းနိုင်သည့်ဧရိယာသည် လျင်မြန်စွာ တိုးတက်လာပါသည်။ စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအောက်ရှိ ဆည်မြောင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းကို အစိုးရက ၁၉၈၀ပြည့်နှစ်တွင် ဆောင်ရွက်ခြင်းနှင့် ၁၉၉၀ ပြည့်နှစ်တွင် အထွက်နှုန်းမြင့် Hybrid Rice မျိုးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှစ်ခုသည် ဆန်စပါးကဏ္ဍကို တိုးတက်ပြောင်းလဲစေသည့် အချက်များတွင် အဓိက ပါဝင်နေပါသည်။ မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲမှု တွင် သမဝါယမပိုင်လယ်မြေများကို တောင်သူများသို့ တစ်ဦးချင်းပုဂ္ဂလိပိုင်အဖြစ်သို့ တရားဝင်အားဖြင့် လွှဲပြောင်းနိုင်ခဲ့ခြင်းသည် ဗီယက်နမ်နိုင်ငံ ဆန်စပါးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများတွင် အလွန်ထင်ရှားသော ပြောင်းလဲမှုဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ဆန်စပါးမူဝါဒ

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဆန်စပါးကို ကုမ္ပဏီများက ဝယ်ယူသည်မှ ပြည်ပတင်ပို့သည်အထိ ဆောင်ရွက်ကြပြီး ၁၉၆၂ ခုနှစ်တွက် တပ်မတော်က အာဏာသိမ်းပြီးနောက် အစိုးရကသာ ဆန်စပါး ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း စသည့် လုပ်ငန်းစဉ် အားလုံးကို အစိုးရဝန်ကြီးဌာနမှသာ ဆောင်ရွက်ခဲ့သည်။ တောင်သူများအနေဖြင့် နိုင်ငံတော်သို့ သတ်မှတ်သည့်အတိုင်း စပါးများရောင်းချပေးသွင်းရပြီး ပိုလျှံသည့် စပါးများကိုသာ ပြည်တွင်းတွင် ရောင်းဝယ်ဖောက်ကားခဲ့ကြပါသည်။ အဆိုပါစပါးမှရရှိသည့်ဆန်ကိုလည်း ပြည်တွင်းတွင်သာ ရောင်းချခွင့်ရှိပါသည်။ ပြည်ပတင်ပို့ခြင်းကို အစိုးရမှသာ တာဝန်ယူဆောင်ရွက်ပါသည်။ အစိုးရသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ပြည်ပ တင်ပို့မှုအားလုံးကို အစိုးရကသာ ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ခုနှစ်တွင် ဆန်စပါးမူဝါဒသစ်ကို ကြေညာပြီး အစိုးရအနေဖြင့် ဆန်စပါးကို တောင်သူများထံမှ တိုက်ရိုက် ဝယ်ယူခြင်းမပြုတော့ကြောင်း ထုတ်ပြန်ခဲ့သည်။ ဝယ်ယူခြင်းအပြင် သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ပြည်တွင်းတွင် လွတ်လပ်စွာ ရောင်းဝယ်ခြင်းများကို ခွင့်ပြုခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် ဆန်စပါးမူဝါဒကို ပြောင်းလဲခဲ့ပြီး ပြည်ပသို့ဆန်တင်ပို့မှုကို ပုဂ္ဂလိကကို ခွင့်ပြုသည်ဟုဆိုသော်လည်း ပြည်တွင်းဖူလုံရမည်၊ ပြည်တွင်း ဆန်ဈေးမတက်ရဟူသော အကန့်အသတ်များရှိသဖြင့် ဆန်ပြည်ပတင်ပို့မှုသည် ရုတ်တရက် တိုးတက်လာသည့် အခြေအနေမတွေ့ခဲ့ရပါ။ သို့ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရပါသည်။ ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံဘက်သို့ နယ်စပ်မှတစ်ဆင့် တင်ပို့မှုသည် တိုးတက်လာခဲ့ပြီး တရုတ်နယ်စပ်မှ တင်ပို့မှုကြောင့် မြန်မာ့ဆန်တင်ပို့မှုသည် အများအပြား တိုးမြင့်လာသည်ကို တွေ့ရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်၊ ဆန်ကွဲတင်ပို့မှုသည် ရေကြောင်းမှ တန်ချိန် ၁ ဒသမ ၈ သန်း၊ နယ်စပ်မှ ၁ဒသမ ၈ သန်း၊ စုစုပေါင်း ၃ ဒသမ ၆ သန်း ကျော် တင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါတင်ပို့မှုတွင် တရုတ်နယ်စပ်မှ တင်ပို့မှုသည် တင်ပို့မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့်အထိ ပါဝင်နေသည်ကို တွေ့ရပါသည်။

စာမျက်နှာ ၁၆ သို့

## ယခုတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၅၀၇၀၅ တန်ဖိုးရှိ ဒီဇယ် ၁၀၄၂၉ ဒသမ ၃၃ တန်နှင့် အမေရိကန်ဒေါ်လာ ၁၆၆၃၅၄၅၆ တန်ဖိုးရှိဓာတ်ဆီ ၃၃၀၇၆ ဒသမ ၁၃ တန်၊ စုစုပေါင်း ၄၃၅၀၅ ဒသမ ၄၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်၄၁၆၀၆ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၁၁၇၆ ဒသမ ၆၇ တန်တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်း ပတ်က ဓာတ်ဆီတန်ချိန် ၁၉၄၄၁ ဒသမ ၆၁ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခု တစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၃၆၃၄ ဒသမ ၅၂ တန် ပိုမို တင်သွင်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဓာတ်ဆီအဝင်လျော့ခဲ့ပြီး ဒီဇယ်အဝင်ပိုခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၁၂၁၁ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၃ ဒသမ ၉၆ တန်တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း**(DOT)

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စံပြငါးဈေးတွင် ဩဂုတ် ၁၅ ရက်မှ ၃၀ ရက်ထိ ငါးမျိုးစုံပိဿာချိန် ၂၉၈၀၂၇၂ နှင့် ပုစွန်ပိဿာချိန် ၂၁၄၃၆ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၈၀၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၁၈၃၁ ပိဿာ၊ ငါးရံ့ တစ်ပိဿာကျပ် ၉၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၃၇၈ ပိဿာ၊ ငါးရှဉ့် တစ်ပိဿာ ကျပ် ၆၀၀၀-၁၀၀၀၀ဈေးနှင့် အဝင် ၁၈၁၅ ပိဿာ၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၃၀၀၀-၄၅၀၀ ဈေးနှင့် အဝင် ၉၄၁၁၇၅ ပိဿာ၊ ငါးကြင်း တစ်ပိဿာကျပ် ၄၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၇၀၂၄၃၇ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာကျပ် ၂၂၀၀-၃၇၀၀ ဈေးနှင့် အဝင် ၁၇၂၉၇၁ ပိဿာ၊ ငါးသလောက် တစ်ပိဿာ ကျပ် ၁၆၀၀၀-၂၇၀၀၀ ဈေးနှင့် အဝင် ၁၈၈၄ ပိဿာ၊ ငါးတန် တစ်ပိဿာကျပ် ၄၀၀၀-၇၀၀၀ ဈေးနှင့် အဝင် ၆၁၀၆၁၃ ပိဿာ၊ ကကတစ် တစ်ပိဿာကျပ် ၉၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၂၁၂၀ ပိဿာ၊ ကသပေါင်း တစ်ပိဿာကျပ် ၉၀၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၁၃၇၀ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာကျပ် ၃၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၅၄၂၆၇၈ ပိဿာ၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၄၀၀၀-၅၀၀၀ ဈေးနှင့် အဝင် ၁၇၁၁၅ ပိဿာ၊ ပုစွန်စပ်တုပ် တစ်ပိဿာ ကျပ် ၁၅၀၀၀-၂၀၀၀၀ ဈေးဖြင့် အဝင် ၂၂၀၃ ပိဿာ၊ ပုစွန်တုပ်ကြီး တစ်ပိဿာ ကျပ် ၂၅၀၀၀-၂၇၀၀၀ ဈေးဖြင့် အဝင် ၂၁၁၈ ပိဿာ ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်း စံပြဈေးတို့တွင် ငါးကြင်း တစ်ပိဿာ ကျပ် ၉၀၀၀-၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၅၀၀၀-၅၅၀၀၊ ပုစွန်ကြော့ တစ်ပိဿာကျပ်၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်တစ်ပတ်ထက် ပုစွန် တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၂၀၀၀ ခန့် ဈေးကျခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

## Energy NYMEX 6-9-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.42 | 0.12 | 0.21 |
| Brent Crude Futr (USD/bbl) | 61.05 | 0.10 | 0.16 |
| Gasoline Rbob Fut (Cent/gal) | 154.99 | 0.39 | 0.25 |
| Natural Gas Futr (USD/MMBtu) | 2.42 | -0.01 | -0.57 |
| Heating Oil Futr (Cent/gal) | 189.08 | 0.23 | 0.12 |

## ပြည်တွင်းရွှေဈေးစံချိန်တင်မြင့်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည်စက်တင်ဘာလဝင်ရောက်ချိန်တွင် စံချိန်တင်ဈေးမြင့်တက်ခဲ့ပြီး ရွှေအရောင်းအဝယ်ဖြစ်မှု များလာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ဒီရက်ပိုင်းမှာကို ခုန်တက်သွားလိုက်တာ ၁၃သိန်းကျော်အထိရောက်သွားတယ်။ ဘဏ်လုပ်ငန်းနဲ့ပတ်သက်လို့လည်း လူတွေက စိုးရိမ်ပြီး ငွေတွေပြန်ထုတ်ပြီး ရွှေကိုပုံပြီးဝယ်လိုက်ရာကနေ ဈေးက ခုန်တက်သွားတာ။ နိုင်ငံတကာမှာလည်း ဈေးက တက်နေဆဲဆိုတော့ ပြည်တွင်းဈေးက ပိုအတက်ကြမ်းသွားတယ်။ တစ်ခုစိုးရိမ်စရာရှိတာက အတက်ကြမ်းပြီးရင် အကျလည်းကြမ်းတာမျိုးရှိတော့ ရွှေကိုင်တဲ့သူတွေလည်း သတိထားရမယ်။ နောက်ပြီး ရွှေကို လက်ငင်း ငွေပေးချေမှုပုံစံမျိုးနဲ့ပဲ ရောင်းဝယ်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ပြည်တွင်း ရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၂ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၆၅၀၀၀ရှိခဲ့ရာမှ စက်တင်ဘာ ၅ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၇၀၀၀သို့ မြင့်တက်ခဲ့ပြီး စက်တင်ဘာ၆ရက်တွင် ကျပ် ၁၂၆၈၀၀၀ သို့ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့တစ်အောင်စလျှင် စက်တင်ဘာ ၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၂၅ဒေါ်လာရှိခဲ့ ရာမှစက်တင်ဘာ ၄ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၅၃၈ ဒေါ်လာသို့မြင့်တက်ခဲ့သော်လည်း စက်တင်ဘာ၆ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၅၀၈ဒေါ်လာဖြင့် ဈေးပိတ်ခဲ့သည်။

**သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း ပြန်လည်မြင့်တက်

ပြည်တွင်းငွေလဲဈေးကွက်သည်ဩဂုတ်လနောက်ဆုံးပတ်တွင်ဈေးပြန်လည်ကျဆင်းခဲ့သော်လည်း စက်တင်ဘာလ ပထမပတ်အတွင်း ဈေးပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၁ ကျပ်သတ်မှတ်ခဲ့ရာမှယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာမှာ ဝယ်လိုအားများလာကြောင်း၊ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်ခဲ့သည့် ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းများကြောင့် ဘဏ်အပ်ငွေများ ထုတ်ခဲ့ကြပြီး ရွှေနှင့် ဒေါ်လာကိုဝယ်ယူကြရာမှ ဒေါ်လာမှာလည်းဈေးပြန်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းတွင်လည်း စက်သုံးဆီဈေးနှုန်းတက်ခြင်းရှိလာပြီး ဒေါ်လာလိုအပ်ချက်ဖြစ်ပေါ်ခဲ့ကြောင်း၊ လာမည့်ရက်အနည်းငယ်အတွင်းဖြစ်ပေါ်လာမည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို စောင့်ကြည့်နေကြကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။ ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် စက်တင်ဘာ ၂ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး၁၅၂၇ကျပ်၊ဝယ်ဈေး ၁၅၂၃ကျပ်မှ စက်တင်ဘာ ၅ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၅၅၀၊ဝယ်ဈေး၁၅၄၃ ကျပ်သို့ ရောက်ရှိလာခဲ့ပြီး စက်တင်ဘာ ၆ရက် တွင်အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၄၅ ကျပ်၊ ဝယ်ဈေး၁၅၃၅ကျပ်ရှိခဲ့ရာ ယခင်လပိုင်းဈေးများနှင့်နှိုင်းယှဉ်ပါက ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## YSX Expo 2019 ရန်ကုန်မြို့တွင် ပြုလုပ်

မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ အရင်းအနှီးဈေးကွက်မှတစ်ဆင့် ကာလရှည်ရင်းနှီးငွေများ စုစည်းရရှိနိုင်ရန်၊နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ အရင်းအနှီးဈေးကွက် Eco System ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ စတော့ရှယ်ယာဈေးကွက်တွင်ရင်းနှီးမြှုပ်နှံသူများပြားလာစေရန်နှင့် စတော့ရှယ်ယာဈေးကွက်အပေါ် အများပြည်သူပိုမိုသိရှိစေရန် ရည်ရွယ်၍ ရန်ကုန်စတော့အိတ်ချိန်းက ကြီးမှူးကျင်းပသည့် YSX Expo 2019 (Investment Opportunity with You) ကို စက်တင်ဘာ ၁ရက်တွင် ရန်ကုန်မြို့ Novotel Yangon Max ဟိုတယ်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် စတော့ရင်းနှီးမြှုပ်နှံမှုအတွက် ရင်းနှီးမြှုပ်နှံသူများအား စာရင်းဝင်ကုမ္ပဏီများ၏တာဝန်ရှိသူများက ကုမ္ပဏီ၏ လက်ရှိလုပ်ငန်းလည်ပတ်မှုနှင့် ရှေ့အလားအလာများကို တင်ပြဆွေးနွေးခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဒုတိယဝန်ကြီးဟောင်း ဒေါက်တာမောင်မောင်သိမ်းနှင့် Fiin Group Joint Stock Company အကြီးအကဲ Mr. Nguyen Quang Thuan တို့က အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုဗဟုသုတများကို မျှဝေပေးခဲ့သည်။

စကားဝိုင်း ဆွေးနွေးပွဲအဖြစ် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်၊ရန်ကုန်စတော့အိတ်ချိန်း၏ Executive Senior Manager ဦးသက်ထွန်းဦး၊ ဘဏ္ဍာရေးဆိုင်ရာ အကြံပေး ဦးကျော်မျိုးထွန်း၊ Asia Frontier Capital Ltd မှ Regional Research Analyst Mr.Scott Osheroff နှင့် ဦးဇေယျသူတို့က မြန်မာအစုရှယ်ယာဈေးကွက်အတွင်း နိုင်ငံခြားသားများ ရှယ်ယာဝယ်ယူခွင့်ရရှိပြီးပါက ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြသည်။ YSX Expo ကို ၂၀၁၇ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ဒုတိယအကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2-September | 18.25 | 2248.52 | 1715.37 | 5672.43 | 936.00 |
| 3-September | 18.41 | 2263.29 | 1713.61 | 5631.66 | 935.00 |
| 4-September | 19.31 | 2235.96 | 1723.53 | 5638.05 | 964.00 |
| 5-September | 19.38 | 2295.03 | 1736.09 | 5701.53 | 980.00 |
| 6-September | 18.50 | 2326.32 | 1742.19 | 5731.94 | 942.00 |

## Currency Exchange Rate

September 6, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.47 |
| BDT Bangladesh Taka | 84.64 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 7.15 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 71.74 |
| I DR Indonesia Rupiahs | 14134.07 |
| JPY Japan Yen | 106.99 |
| MYR Malaysia | 4.18 |
| PKR Pakistan Rupees | 156.70 |
| PHP Philippines Pesos | 51.94 |
| RUB Russia Rubles | 66.13 |
| SGD Singapore Dollars | 1.38 |
| KRWSouth Korea Won | 1197.58 |
| LKR Sri Lanka Rupe | 180.90 |
| THB Thailand Baht | 30.63 |
| GBP United Kingdom Pounds | 0.81 |
| VND VietnamDon | 23208.23 |

*Source:xe.com*

## World Gold Price

September- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1525 | 1523 | 1523 |
| 3 | 1529 | 1527 | 1528 |
| 4 | 1541 | 1540 | 1540 |
| 5 | 1550 | 1547 | 1545 |
| 6 | 1522 | 1520 | 1515 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-9- 2019 | 1256.00 | 1256.00 |
| 3-9- 2019 | 1263.00 | 1263.00 |
| 4-9- 2019 | 1278.00 | 1277.00 |
| 5-9- 2019 | 1300.00 | 1299.00 |
| 6-9- 2019 | 1270.00 | 1272.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 7.17 | 30.62 | 84.85 | 71.92 |
| 3 | 7.18 | 30.66 | 84.48 | 72.20 |
| 4 | 7.16 | 30.60 | 84.21 | 72.08 |
| 5 | 7.14 | 30.57 | 84.36 | 71.89 |
| 6 | 7.15 | 30.63 | 84.64 | 71.74 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀ ကျော်ဝင်

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၄၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၀၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၁၀၄ တန်သာတင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၉၇၀ ကျော် တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။

ဩဂုတ် ၂၄ ရက်မှ ၃၁ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၅၈၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၆၃၆၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၁၇၇၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**တောင်ကြီးဘိလပ်မြေဈေးကွက်၌** မိုးများနေခြင်းကြောင့် အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီက ကျပ် ၁၀၀၊ ကမ္ဘောဇက ကျပ် ၂၀၀ ဈေးကျပြီး စိန်ဘိလပ်မြေနှင့် ကျားခေါင်းဘိလပ်မြေတို့က ပစ္စည်းပြတ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၁၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ကောင်းကြောင်းသိရသည်။ ယခုတစ်ပတ် ခရောင်း(၅၂၅)နှင့် ခရောင်း(၄၂၅)ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကာ အယ်လ်ဖာဘိလပ်မြေက ပစ္စည်းပြတ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း(၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပါးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက် မြေသြဇာအဝင်ပို

ဩဂုတ် ၂၅ ရက်မှ ၃၁ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၁၂၉၇၀ တန်ဖိုးရှိ မြေသြဇာ ၁၂၄၂၀ ဒသမ ၂၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၃၅၄၃ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၈ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၇၇၁ ဒသမ ၂၆ တန်၊ မလေးရှားနိုင်ငံမှ ၈၈ တန်၊ ရုရှားနိုင်ငံမှ ၉၇၁ ဒသမ ၈၄တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၃၀၂၄ ဒသမ ၁၄ တန်၊ ထိုင်းနိုင်ငံမှ ၉၇၈ ဒသမ ၉၉ တန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၁၉၉၉ ဒသမ ၅၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာအမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ ယူရီးယား(၄၆%)၊ ကွန်ပေါင်း(၁၅း၇း၈)နှင့် အော်ဂဲနစ်တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၁၀၀၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# မန္တလေးမြေသြဇာဈေးကွက် အရောင်းအေး

ဩဂုတ် ၂၄ ရက်မှ ၃၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၀၁၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၇၇၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၃၀၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့် မန္တလေးတို့၌ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်နှင့် တောင်ကြီးတွင် အရောင်းပါးကြောင်းသိရသည်။

**မကွေးဈေးကွက်၌** စိုက်ပျိုးရာသီချိန်ရောက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။ ယခုတစ်ပတ် မြွားကမ္ဘာ (၁၂း၁၃)၊ တီစူပါ၊ တောင်သူမ၊အာမို(၁၆း၁၆း၈)နှင့် သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၃၀၀၊ တက်တိုးက ကျပ် ၅၀၀ဈေးမြင့်ပြီး ယူရီးယား-ပုလဲ(ပန်းဖူး)နှင့် (ရွှေတောင်)က ကျပ် ၇၀၀၊ အာမို(၁၅) ပတ်လည်က ကျပ် ၂၀၀၊ မြွားကမ္ဘာ (၁၅း၇း၈)က ကျပ် ၁၅၀၀ ဈေးကျလာကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၃၇၀၀၊ တီစူပါ က ကျပ် ၂၅၀၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀၊ တက်တိုးကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် ဓာတ်ဆားက ကျပ် ၁၀၀၀၊ ယူရီးယား(ယူအေအီး)က ကျပ် ၂၀၀၀ဈေးကျပြီး ပိုတက်က ကျပ် ၅၀၀၊ မြွားကမ္ဘာက ကျပ် ၈၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**မန္တလေးဈေးကွက်၌** စိုက်ပျိုးရာသီချိန်ရောက်လာခြင်းကြောင့် အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။ဈေးကွက်ထဲ တရုတ်နိုင်ငံထုတ်မြေသြဇာများပစ္စည်းပြတ်နေကြောင်း သိရသည်။ ယခုတစ်ပတ် မြွားသီးစုံနှင့်ပန်းသီးစုံက ကျပ် ၈၀၀၊ အာမို(၁၅း၁၅း၁၅)က ကျပ်၇၀၀၊ ပိုတက် က ကျပ် ၄၀၀၊ မြွား(၁၅း၇း၈) က ကျပ် ၅၀၀ ဈေးမြင့်ပြီး ပန်းဖူး (တရုတ်) တီစူပါ(၄၆%)၊အာမို(၁၀း၁၀း၅)နှင့် မြွားကမ္ဘာတို့က ပစ္စည်းမရှိ၍ ဈေးနှုန်းပြောရန် ခက်ခဲကြောင်း စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၃၀၀၊ မြွားသီးစုံ ကျပ် ၁၈၃၀၀၊ ပန်းသီးစုံ ကျပ် ၁၈၅၀၀၊အာမို(၁၆း၁၆း၈)ကျပ်၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ်၄၀၀၀၀၊ ပိုတက် ကျပ် ၂၈၀၀၀၊ မြွား(၁၅း၇း၈)က ကျပ် ၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဩဂုတ် ၂၅ ရက်မှ ၃၁ ရက် အတွင်း အမေရိကန်ဒေါ်လာ ၁၂၈၃၁၉ တန် ဖိုးရှိ နို့ဆီ ၁၁၈ ဒသမ ၁၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ယခုတစ်ပတ်စင်ကာပူနိုင်ငံမှ ၄၃ ဒသမ ၇၇၆ တန်နှင့် မလေးရှားနိုင်ငံမှ ၇၄ ဒသမ ၄၁၂တန် တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ကောင်းဘဲလ်နှင့် Hawk တို့ဖြစ်ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၄၈၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၃၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၂၂၁၅၁၀ တန်ဖိုးရှိ နို့မှုန့် ၇၅ ဒသမ ၅၇၅ တန်ကိုလည်း တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့်၂၉၆ ဒသမ ၂၀ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၂၀ ဒသမ ၆၂၅ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၈ မှ ၃၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၈ မှ ၂၃/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၀.၅၀ | ၁၃.၉၅ | (+) | ၂၆.၅၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၄၅.၀၀ | - | (+) | ၂၄၅.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၆၃၀၀.၀၀ | (-) | ၃၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၁၈၀၀.၀၀ | - | (+) | ၁၈၀၀.၀၀ |
| | စုစုပေါင်း | ၄၅၈၅.၅၀ | ၆၃၆၃.၉၅ | (-) | ၁၇၇၈.၄၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၈ မှ ၃၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၈ မှ ၂၃/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၁၁.၀၀ | ၆၅၀.၀၀ | (+) | ၃၆၁.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၄၇၂.၀၅ | ၁၁၇၄.၀၀ | (+) | ၂၂၉၈.၀၅ |
| ၃။ | ချင်းရွှေဟော် | ၁၉၆၄.၅၀ | - | (+) | ၁၉၆၄.၅ |
| ၄။ | ကန်ပိုက်တီ | ၈၄၇.၀၀ | ၁၄၅၇.၀၀ | (-) | ၆၁၀.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၈၀၀.၀၀ | ၄၅၀၀.၀၀ | (-) | ၁၇၀၀.၀၀ |
| ၉။ | တမူး | ၁၀.၀၃ | ၁၅.၇၉ | (-) | ၅.၇၆ |
| | စုစုပေါင်း | ၁၀၁၀၄.၅၈ | ၇၇၉၆.၇၉ | (+) | ၂၃၀၇.၇၉ |

ခင်မိုးသူ

# မောတောင်ကုန်သွယ်ရေးစခန်း၏ ၂၀၁၉ခုနှစ် ဩဂုတ်လ ကုန်သွယ်မှုလျာထားချက်အပေါ် ၂၁၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်

မောတောင်ကုန်သွယ်ရေးစခန်း၏ ၂၀၁၉ ဘဏ္ဍာနှစ်၊ ဩဂုတ်လအတွင်း ပို့ကုန် သုည ဒသမ ၇၁၂ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၁၆၄ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၈၇၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၂၁၉ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၃၃၅ ဒေါ်လာသန်းပိုမိုခဲ့ပြီးနှင့် သွင်းကုန်ပိုင်းတွင် သုည ဒသမ၅၆၂ ဒေါ်လာ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့်သုည ဒသမ ၂၂၇ ဒေါ်လာ သန်း လျော့နည်းခဲ့သည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ဝ၂၃ ဒေါ်လာသန်းပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် သုည ဒသမ ၁၄၅ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၁၂၂ ဒေါ်လာသန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လကုန်သွယ်မှုပမာဏမှာကာလတူ ၂၀၁၈ခုနှစ် ဩဂုတ်လနှင့်အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုပမာဏများနှင့်နှိုင်းယှဉ်ရာတွင် ကုန်သွယ်မှု ပမာဏ လျော့နည်းခဲ့ရခြင်းမှာ ကာလတူအနေဖြင့် ပို့ကုန်တင်ပို့မှုပိုင်းတွင် ရေထွက်ပစ္စည်းများဖြစ်သော ကဏန်းပျော့၊ ငါးမှုန့်၊ ငါးအသားလွှာ၊ ကဏန်း၊ ခုံးအရှင်၊ ရေချိုပုစွန်၊ ပုစွန်အခွံ၊ ကင်းမွန်၊ ခရုနှင့်အခြားပစ္စည်းများဖြစ်သော ဆီအုန်းသီးများ ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သော ဘိလပ်မြေများ၊ မော်တော်ဆိုင်ကယ်များ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ငါးသေတ္တာဘူးခွံများ တင်သွင်းမှုလျော့နည်းခဲ့သောကြောင့်လည်းကောင်း၊ အနီးစပ်ဆုံးကာလအနေဖြင့် ပို့ကုန်ပိုင်းတွင် ရေထွက်ပစ္စည်းများဖြစ်သော ပုစွန်၊ကဏန်း၊ကင်းမွန်တို့ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း၊ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သော ဘိလပ်မြေများ၊ မော်တော်ဆိုင်ကယ်များ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများဖြစ်သော Foam Sheet၊ သံပိုက်များ၊လူသုံးကုန်ပစ္စည်းများဖြစ်သော ငါးသေတ္တာဘူးခွံများ တင်သွင်းမှု လျော့နည်းခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သော Air Conditioner၊ Air Cooler များ၊ လုပ်ငန်းသုံးကုန်ပစ္စည်းအုပ်စုတွင် သုတ်ဆေးများ၊ ပလတ်စတစ်ပြားများ၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် ပုစွန်သားပေါက်၊ ဖက်လုံး၊ ပုစွန်အစာနှင့် ပလတ်စတစ်ပုံးများ တင်သွင်းနိုင်ခြင်းမရှိခဲ့သောကြောင့်ဖြစ်သည်။

ယခုအခါ မြိတ်အများပိုင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ထုံခါ-သဲဖြူ-မောတောင် လမ်း(၄၈/၂) မိုင် ကတ္တရာလမ်းခင်းခြင်းမှာပြီးစီးပြီဖြစ်၍ ကုန်သွယ်မှုလမ်းကြောင်း တစ်နှစ်ပတ်လုံး အသုံးပြုလာနိုင်မည်ဖြစ်ရာ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများနှင့် တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများအပြင် အခြားဒေသများမှဒေသထွက်ကုန်ပစ္စည်းများကို မြိတ်-မောတောင်(၁၁၈)မိုင်ကျော်အား အချိန်တိုအတွင်း မြန်ဆန်စွာ ကုန်စည်စီးဆင်းလာနိုင်မည်ဖြစ်ရာ နောက်လာမည့်ကာလများတွင် ကုန်သွယ်မှုလုပ်ငန်းများ ယခုကာလများထက် တိုးတက်လာမည်ဖြစ်ကြောင်း တွေ့ရှိရသည်။

**နေစိုးထက်(မောတောင်)**

# ကုန်သွယ်မှုလျာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့် တာချီလိတ်ကုန်သွယ်ရေးစခန်း

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၉ ခုနှစ် ဩဂုတ်လ ကုန်သွယ်မှုလျာထားချက်အနေဖြင့် ဩဂုတ်လ (ယာယီ)စာရင်းအရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၆ သန်းနှင့် သွင်းကုန်တန်ဖိုး ၄ ဒသမ ၅၃၁ သန်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ၆ ဒသမ ၂၆၇ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၀၇ ဒသမ ၁၃ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် ၁ ဒသမ ၇၃၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူ ၂၀၁၈ ခုနှစ် ဩဂုတ်လထက် ပို့ကုန်တင်ပို့မှုမှ သုည ဒသမ ၄၃၁ သန်း ပိုမိုတင်ပို့ဆောင်ရွက်နိုင်ခဲ့ကာ အဓိကပိုမိုတင်ပို့နိုင်ခဲ့သည့် ပစ္စည်းများမှာ ရော်ဘာစေး၊ ကြက်သွန်နီ၊ ရော်ဘာ၊ ပြောင်း၊ လိမ္မော်သီး၊ သစ်ခေါက်၊ Manganese Dioxide တို့ဖြစ်ပြီး သိသာစွာ ပိုမိုတင်ပို့နိုင်ခဲ့ပြီး ရော်ဘာစေးတင်ပို့မှုမှာ ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၁ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရှိရသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဩဂုတ်လအထိ ကုန်သွယ်မှုလျာထားချက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂ သန်းနှင့် သွင်းကုန်တန်ဖိုး ၅၉ ဒသမ ၃၅၀ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၇၂ ဒသမ ၅၅၀ သန်းအပေါ် ဩဂုတ်လကုန်အထိ(ယာယီစာရင်း)အရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၉၁ သန်း၊ သွင်းကုန် တန်ဖိုး ၆၃ ဒသမ ၆၇၄ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၈၂ ဒသမ ဝ၆၅ သန်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဩဂုတ်လကုန်အထိ စုစုပေါင်း ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၃ ဒသမ ၁၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

**တာချီလိတ်မောင်**

# ဟသ်ာတမတ်ပဲ ဈေးကျဆင်းသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတကုန်စည်ဒိုင်တွင် မတ်ပဲဈေး ဆက်လက်ကျဆင်းနေပြီး စက်တင်ဘာ ၅ ရက်တွင် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် နေ့စဉ် အိတ် ၁၀၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၉၂၀၀ မှ ၉၃၀၀၊ ပဲငါးပိ (ဆီတိုးလုံးကြီး) တစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ပွဲရုံများတွင် အပ်ပဲအဖြစ် အပ်နှံထားရှိသော ပဲငါးပိနှင့် ပဲကြီးများကို တောင်သူများက လာရောက်ဈေးဖြတ်ရောင်းချမှုများပြားလျက်ရှိကြောင်းသိရှိရသည်။

**မောင်မောင်မြတ်ခိုင်(စားသုံးသူရေးရာဦးစီးဌာန)**

## ပြည်တွင်းဆီဈေးနှုန်းများ (၆-၉-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၈၀၀ | ၇၈၀၀ | □ | ၇၂၀၀ | ၇၀၀၀ | ▽ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၆၀၀ | ၆၆၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၇၀၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၆-၉-၂၀၁၉ US$/Ton

| အမျိုးအစား | ဩဂုတ်စတုတ္ထပတ် | ဩဂုတ်ပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၄.၀၀ | ၅၂၇.၅၀ | ▽ |
| RBD P.Olein | ၅၄၀.၀၀ | ၅၃၆.၅၀ | ▽ |
| RBD P.Stearin | ၅၃၁.၀၀ | ၅၃၁.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆-၉-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၅၄.၇၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၂၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၃.၅၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၂ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၆၀၃.၄၀၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၆-၉-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 580 ဒေါ်လာနှင့် USD ဈေး ၁၅၃၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၆-၉-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် နှီးနှောဖလှယ်ပွဲကျင်းပ

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ Win Unity Hotel ၌ စက်တင်ဘာ ၁ ရက်တွင် တစ်ရက်တာ ပြုလုပ်ခဲ့သည်။

နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကား ပြောကြားကာ SRCCI ဥက္ကဋ္ဌ ဦးမျိုးမင်းကျော်သီဟက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဒေသတွင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနေဖြင့် ကျန်းမာရေးနှင့် အလုပ်သမားရေးရာကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လည်းကောင်း၊ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ပတ်သက်၍ ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များအကြောင်းကို ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က လည်းကောင်း၊ Public Private Partnerships for Agriculture and Food Sector Development Modernizing TVET Curriculum and Training Programs အကြောင်းကို အမေရိကန် နိုင်ငံကောနယ်(လ်)တက္ကသိုလ်မှ ပါမောက္ခဒေါက်တာခင်မာချိုကလည်းကောင်း၊ SRCCI ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ကဏ္ဍအလိုက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဒေသတွင်း လုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့်အသိပညာ (Soft Skill)နှင့်လက်တွေ့ကျွမ်းကျင်မှု (Hard Skill) လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ ဒေသမှတောင်းဆိုမှု အများဆုံးဖြစ်သည့် သင်တန်းအမျိုးအစားတစ်မျိုး ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်မည့် သင်တန်းများကို ရေရှည်ဖွံ့ဖြိုးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်နိုင်ရေး အဖွဲ့လိုက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

**နှင်းပန်းဖြူ**

# မန္တလေး ကုန်စည်ဒိုင်တွင် နှမ်းဈေး အနည်းငယ်မြင့်တက်

မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်သို့ စက်တင်ဘာ ပထမပတ်အတွင်း ပြည်၊ အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ တပ်ကုန်းနှင့် ပျဉ်းမနားတို့မှ နှမ်းများဝင်ရောက်နေပြီး နှမ်းဈေး အနည်းငယ်မြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ယခုတစ်ပတ်တွင် ဈေးကွက်သို့ နှမ်း ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ဈေးနှုန်းမှာ နှမ်းဖြူ (ရိုးရိုး)ကျပ် ၁၄၈၀၀၀ မှ ၁၅၂၀၀၀၊ နှမ်းဖြူ(ဂျပန်) ကျပ် ၁၅၈၀၀၀မှ ၁၅၉၀၀၀၊ နှမ်းညို ကျပ် ၁၃၉၀၀၀မှ ၁၄၃၀၀၀၊ နှမ်းနက်(ရိုးရိုး)ကျပ် ၂၄၀၀၀၀မှ ၂၆၀၀၀၀၊ နှမ်းနက်(စမုံ)ကျပ် ၂၇၀၀၀၀ မှ ၂၇၅၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းဖြူမှာ ဈေးငြိမ်နေကြောင်း၊ နှမ်းညိုကျပ် ၄၀၀၀မှ ၇၀၀၀၊နှမ်းနက်(စမုံ) ကျပ် ၅၀၀၀ မှ ၃၀၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လာသည်။

ယခင်လကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်း ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် နှမ်းဖြူ (ရိုးရိုး)ကျပ်၁၃၀၀၀မှ ၁၄၀၀၀၊ နှမ်းဖြူ(ဂျပန်)ကျပ် ၁၂၀၀၀ မှ ၁၃၀၀၀၊ နှမ်းညို ကျပ်၁၃၀၀၀မှ ၁၄၀၀၀ ခန့် ဈေးကျလာပြီး နှမ်းနက်(စမုံ) ကျပ် ၆၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာသည်။ ယခင်နှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် နှမ်းဖြူ(ရိုးရိုး)ကျပ် ၂၀၀၀ မှ ၃၀၀၀၊ နှမ်းဖြူ(ဂျပန်) ကျပ် ၆၀၀၀ခန့် ဈေးကျလာခဲ့သည်။ နှမ်းညိုတစ်အိတ်ကျပ် ၆၀၀၀၊ နှမ်းနက် (ရိုးရိုး) ကျပ် ၁၁၀၀၀၀ မှ ၁၂၅၀၀၀၊ နှမ်းနက်(စမုံ) ကျပ် ၁၂၀၀၀၀ မှ ၁၂၃၀၀၀ ခန့် ဈေးမြင့်တက်လာခဲ့သည်။

မိုးရာသီကာလဖြစ်သောကြောင့် အစိုဓာတ်များကျန်ရှိ၍ သိုလှောင်ရန်အတွက် အခက်အခဲရှိကြောင်း၊ တရုတ်လမ်းကြောင်းအနည်းငယ်ပွင့်လာပြီး နယ်စပ်အဝယ်ရှိခြင်းတို့ကြောင့် နှမ်းဈေးအနည်းငယ်မြင့်တက်လာသည်။ ပြည်၊ အောင်လံ၊ တပ်ကုန်းနှင့် ပျဉ်းမနားမှဝင်ရောက်သည့်နှမ်းနက်များမှာ မိုးထိထား၍ အက်စစ်ဓာတ် မလွတ်ကြောင်း၊ ယင်းအစများကို မျက်မြင် ကြိုက်ရောင်းကြိုက်ဝယ်ဈေးဖြစ်ပြီး တောင်တွင်းကြီးနှင့် မကွေးတို့မှဝင်ရောက်လာသည့် အက်စစ်လွတ် နှမ်းနက်(ထိပ်စ)မှာ တရုတ်ဝယ်လက် ဝယ်ယူမှုရှိကြောင်း၊ အလတ်စ၊ အောက်စများကို ရန်ကုန် ဝယ်လက်ကဝယ်ယူကြောင်းသိရသည်။

**ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# အရောင်းအဝယ်အေးနေသည့် ရန်ကုန်ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၏ လက်ကားဆန်ဈေးမှာ စက်တင်ဘာ ၅ ရက် ဈေးနှုန်းများ အရ ပေါ်ဆန်းနယ်စုံ၊ ပေါ်ကျွဲနယ်စုံ၊ ဧည့်မထ နယ်စုံတို့မှာ ယခင်တစ်ပတ်အတိုင်းဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်လျက် ကုန်စည်ဒိုင်သို့ ပုံမှန်ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်အေးကာ ပုံမှန်သာအရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဆန်ချောဖြစ်သည့် ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၆၀၀၀၀-၆၂၀၀၀၊ ပေါ်ဆန်း(ရှယ်စ) တစ်အိတ် ကျပ် ၃၈၅၀၀-၄၀၀၀၀ နှင့် ဆန်ကြမ်းဖြစ်သည့် ရက် ၉၀ ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ၂၂၅၀၀၊ သီးထပ်ရှယ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၅၀၀-၂၀၀၀၀ ဈေးနှုန်းအသီးသီးဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ယခုတစ်ပတ်တွင်း ကုန်စည်ဒိုင်သို့ ဧရာဝတီတိုင်းဒေသကြီးနယ်စုံမှ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ ဆန်အိတ်ရေ စုစုပေါင်း ၉၂၉၁၈ အိတ် ဝင်ရောက်ခဲ့သည်။ လှောင်လက်အဆွဲမရှိဘဲ ရန်ကုန်မြို့တွင်း လက်လီသမားများမှ ပုံမှန်ဝယ်ယူမှုရှိပြီး ယခင်လများထက် အရောင်းအဝယ်အေးလျက်ရှိကြောင်း ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ သိရှိရသည်။

ရန်ကုန်မြို့ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်တွင် စက်တင်ဘာ ၃ ရက်ဆန်ဈေးနှုန်းမှာ ဧည့်မထဆန် ထိပ်စ တစ်အိတ် ကျပ် ၁၉၅၀၀-၁၉၈၀၀ (USD 260-264 Per ton)၊ ဧည့်မထဆန်လတ်စ တစ်အိတ် ကျပ် ၁၈၀၀၀-၁၈၃၀၀ (USD 240-244 Per ton) အသီးသီးဖြစ်သည်။ ဆန်များဝင်ရောက်မှု နည်းသကဲ့သို့ ဝယ်ယူသူများက ဝယ်လိုအားနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း၊ စက်တင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ဧည့်မထဆန်ထိပ်စနှင့် လတ်စကိုအဝယ်မရှိ၍ အရောင်းအဝယ်မဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက် မှသိရသည်။ ယခုတစ်ပတ်အတွင်း စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၈၄၅၇၇ အိတ်ဝင်ရောက်ခဲ့သည်။

**ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# သဇင်မြေ ကုန်သွယ်မှုဇဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ




၂၀၁၉ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၃၀ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆီးယိုထုပ် အရေအတွက် ၁၆၀၀၀ Kg တင်ပို့ခဲ့ပြီး ကျပ် ၇၈၆၂၁၄၀ တန်ဖိုး တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ ဆီးယိုထုပ်အရေအတွက် ၈၀၀၀ Kg တင်ပို့ခဲ့ပြီး ကျပ် ၃၉၂၈၀၈၀ တန်ဖိုးတင်ပို့ခဲ့သည်ဟု သိရှိရသည်။ ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ဆီးယိုထုပ် အရေအတွက် ၈၀၀၀ Kg ပိုမိုတင်ပို့နိုင်ခဲ့ပြီး ကျပ် ၃၉၃၄၀၆၀ တန်ဖိုးတင်ပို့နိုင်ခဲ့ကြောင်းသိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Woven Fabric (pieces) အရေအတွက်၁၀၀၀၀ Kg တင်သွင်းခဲ့ပြီး ၅၂၉၁၈၂၅ ကျပ် တန်ဖိုးအထိ တင်သွင်းခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများ အနေဖြင့် ဆီးသီးခြောက်၊ ချင်း(အစို)၊ ဆီးဖတ်၊ မန်ကျည်းဖတ်၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၅၃၇၉ တင်ပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်း ကုန်ပစ္စည်းများ အနေဖြင့် တီရှပ်နှင့် Woven Fabric (pieces) တို့ တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂၀၀ တင်သွင်းနိုင်ခဲ့သည်။

ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ရခိုင်ပြည်နယ်၊ ဆန်၊ စပါးဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးပြီး ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ကြောင်း သိရသည်။ ဧည့်မထစပါးတင်း ၁၀၀ ကို ကျပ် ၅၂၀၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်ကို ကျပ် ၂၄၀၀၀ ရှိကြောင်း သိရသည်။ **နီလာ(သဇင်မြေ)**

# ခရီးသည်နှင့် ယာဉ်မောင်းပါ အဆင်ပြေသည့် သုံးဘီးယာဉ်

ယခုနှစ်အတွင်း ပြည်မြို့တွင် အိန္ဒိယနှင့် တရုတ်မှ ဝင်လာသော သုံးဘီးယာဉ်များ ငှားရမ်းမှုမှာ တွင်ကျယ်နေသည်ကို တွေ့ရသည်။ အိန္ဒိယသုံးဘီးတစ်စီးလျှင် သုံးယောက်အထိစီးနိုင်ပြီး တရုတ်သုံးဘီးတစ်စီးလျှင် ခြောက်ယောက်အထိ စီးနိုင်သည်။

ယာဉ်စီးခအနေဖြင့် မြို့တွင်းမည်သည့်နေရာကိုမဆို ကျပ် ၂၀၀၀ ပေးရသည်။ လိုင်းပြေးဆွဲသော ယာဉ်များမှာ ဂိတ်စ၊ ဂိတ်ဆုံး တစ်ဦးလျှင် ကျပ် ၃၀၀ သာကျသင့်သည်။ သုံးဘီးများမှာ မိမိအိမ်မှ သွားလိုရာသို့ တိုက်ရိုက်ရောက်ရှိနိုင်သဖြင့် ခရီးသည်များအဖို့ မိမိတို့လိုအပ်သော အချိန်၊ လိုအပ်သောနေရာသို့ သွားနိုင်ခြင်းကြောင့် လိုင်းကားများထက် ပိုမိုအဆင်ပြေသည်ဟုသိရသည်။ ယခုအခါ ပြည်မြို့တွင် အဆိုပါ သုံးဘီးယာဉ်များမှာ ခရီးသည်အတွက်ရော မောင်းသူအတွက်ပါ အဆင်ပြေသော လုပ်ငန်းဖြစ်နေသည်။

**နေမျိုးဝေ (ပြည်ကုန်သွယ်မှုဇဟိုဌာန)**

# ကြံစိုက်ပျိုးထုတ်လုပ်မှု များပြားလာသည့် မွန်ပြည်နယ်

လူတို့၏ကျန်းမာရေးအတွက် "အား"လို အချိုတည်းဟူသော စကားအရ ပြည်တွင်းစားသောက် ကုန်စည်များတွင် အခြေခံကျသော အချိုဓာတ်လိုအပ်ချက်အား ဓာတုဗေဒပစ္စည်းများမှ ထုတ်ယူခြင်းမရှိဘဲ ပြည်တွင်းဖြစ် သကြားများကိုသာ အဓိကထား သုံးစွဲသင့်ပေသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ခါ စိုက်ပျိုးပြီးနောက် လေးနှစ်ဆက်တိုက် လေးသီးစားရသည့်အတွက် တောင်သူများ အကြိုက်တွေ့ကာ ဦးစားပေးစိုက်ပျိုးလာသော သီးနှံ၊ နှစ်စဉ် စိုက်ဧကတိုးချဲ့ လာသောသီးနှံမှာ ကြံသီးနှံဖြစ်ကြောင်း လေ့လာသိရှိရသည်။

မွန်ပြည်နယ်တွင် ကြံစိုက်ပျိုးမှုအနေဖြင့် ၂၀၁၆-၂၀၁၇ တွင် ဧက ၆၈၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ တွင် ဧက ၁၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ တွင် ဧက ၁၅၀၀၀ ကျော် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလာကြောင်း၊ ၎င်းစိုက်ပျိုးမှုဧကများမှာ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များတွင် ဖြစ်ပြီး ဘီးလင်းမြို့နယ်တွင် အများဆုံးစိုက်ပျိုးကြောင်း တွေ့ရှိရသည်။ ကျိုက်မရောမြို့နယ်ကျေးရွာအချို့တွင် ကြံစိုက်ပျိုးဧရိယာများ ဖော်ထုတ်ကာ သကြားစက်များ တည်ဆောက်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

မွန်ပြည်နယ်ရှိ ဘီးလင်းသကြားစက်ရုံမှာ ယခင်က ဝန်ကြီးဌာနပိုင် တန် ၁၅၀၀ ကျစက်ရုံတစ်ရုံဖြစ်ကြောင်း၊ ၂၀၁၆ တွင် ဝန်ကြီးဌာနနှင့် Super One Dragon Co,Ltd မှ အကျိုးတူပူးပေါင်း၍ တန် ၃၀၀ ကျ စက်ရုံငယ် ကြိတ်ခွဲလည်ပတ်လျက်ရှိကြောင်း၊ ကြံဝယ်ယူရရှိမှုအပေါ် မူတည်၍ ကြိတ်ခွဲထုတ်လုပ်လျက်ရှိကြောင်း၊ စက်လည်ပတ်ကာလမှာ နိုဝင်ဘာမှ ဧပြီလထိဖြစ်ကြောင်း၊ သကြားအညို အဆင့်သာထုတ်လုပ်ကြောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ သကြားဈေးနှုန်းမှာ သကြားဖြူ တစ်ပိဿာ ကျပ် ၁၂၀၀ နှင့် သကြားအညိုဈေးနှုန်းမှာ ကျပ် ၁၈၀၀ ဖြစ်ကြောင်း သိရှိရသည်။

**Win Myat(Yarmanya Trade Center)**



# အိန္ဒိယနိုင်ငံက တင်သွင်းလိုသည့် မြန်မာ့သစ်ကြားသီးခြောက်

မြန်မာနိုင်ငံတွင်ထွက်ရှိသည့် သစ်ကြားသီးခြောက်များကို အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနက စိုက်ပျိုးထုတ်လုပ်ရန် စိတ်ဝင်စားမှုရှိသည့်အတွက် အိန္ဒိယနိုင်ငံရှိ မြန်မာစီးပွားရေးသံမှူးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာ့ သစ်ကြားသီးခြောက်ကို တင်သွင်းရန် အလားအလာရှိကြောင်းသိရှိရသည်။

မြန်မာနိုင်ငံတွင် သစ်ကြားသီးကို ကချင်ပြည်နယ် ဆဒုံး၊ ချီဖွေ၊ ဆော့လော်၊ ဖီမော်၊ စိန်လုံဒေသများနှင့် ပူတာအိုဒေသရှိ ခါးလန်၊ ဇီယာဒမ်း၊ လုံးနကျေးရွာများတွင် စိုက်ပျိုးကြပြီး သစ်ကြားသီးခြောက်များသည် အောက်တိုဘာလတွင် စတင်၍ ဈေးကွက်အတွင်း ဝင်ရောက်သည်ကို သိရှိရသည်။

ယခုအချိန်တွင် သစ်ကြားသီးခြောက် လက်ကျန်နည်းချိန်ဖြစ်၍ တစ်လုံး ကျပ် ၁၀၀ ပေးဝယ်ရပြီး တရုတ်နိုင်ငံမှ လာသော သစ်ကြားသီးခြောက်ကို တစ်လုံး ကျပ် ၁၅၀ ပေးဝယ်ရသည်။ သစ်ကြားသီးပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်ပြီး အေးသောတောင်ပေါ်ဒေသများတွင်စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရှိရသည်။

**ငွေးလှိုင်(မနောမြေ)**

# မူဆယ်မှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှု လျော့နည်းခြင်းမရှိ

မူဆယ်မှ တရုတ်နယ်စပ်သို့ ကြက်သွန်နီများ တင်ပို့လျက်ရှိပြီး ဩဂုတ် ၁၇ ရက်မှစ၍တင်ပို့မှု ရပ်ဆိုင်းသွားခဲ့သည်။ ဩဂုတ် ၁ ရက်မှ ၁၆ ရက်အထိ ကြက်သွန်နီတင်ပို့တန်ချိန်မှာ ၄၀၅၆ ဒသမ ၇၅ တန်သာ တင်ပို့နိုင်ခဲ့သည်။ တစ်တန်ဈေးမှာ တရုတ်ယွမ် ၁၈၆၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် တစ်တန်လျှင် ကျပ် ၄၀၀၀၀၀၊ တစ်ပိဿာ တန်ဖိုး ၂ ဒသမ ၉ ယွမ်၊ မြန်မာ ကျပ် ၆၄၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ခန့် ပေါက်ဈေးရှိသည်။

ဩဂုတ်လအတွင်း ကြက်သွန်နီတင်ပို့မှုမှာ ၁ ရက်မှ ၁၅ ရက်အထိ ၄၀၄၀ ဒသမ ၇၅ တန် တင်ပို့နိုင်ခဲ့ပြီး ၁၅ ရက်နံနက်တွင် နောင်ချိုတစ်ဝိုက်၌ တိုက်ပွဲများဖြစ်ပွားကာ ဂုတ်တွင်းတံတား မိုင်းခွဲခံရ၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ လမ်းတစ်လျှောက် လုံခြုံမှုနည်းပါးခြင်းတို့ကြောင့် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမတစ်လျှောက် ကုန်ကားကြီးများ အတက်အဆင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှု ရပ်ဆိုင်းသွားသည်။

ဩဂုတ် ၂၇ ရက် နောက်ပိုင်း ဩဂုတ်လတွင်း ၇၈၇ ဒသမ ၇၅ တန် ဆက်လက်တင်ပို့နိုင်သဖြင့် လကုန်အထိ ၄၈၂၈ ဒသမ ၅၀ တန် တင်ပို့နိုင်ခဲ့သည်။ ကြက်သွန်နီတင်ပို့မှုမှာ ဇူလိုင်လတွင် ၄၆၂၇ တန်သာတင်ပို့ပြီး ဩဂုတ်လတွင် ၄၈၂၈ ဒသမ ၅၀ တန် တင်ပို့နိုင်ခြင်းကြောင့် ဇူလိုင်လတင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် လျော့နည်းမှုမရှိကြောင်း သိရသည်။

ကြက်သွန်နီဈေးမှာ မတ်လတွင် တစ်ပိဿာလျှင် ကျပ် ၄၀၀ ဝန်းကျင်၊ မတ်လကုန်တွင် တစ်ပိဿာ ကျပ် ၅၀၀ ဝန်းကျင် ဧပြီလနှင့်မေလတွင် ကျပ် ၄၅၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လ ဒုတိယပတ်တွင် ကျပ် ၆၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ဇူလိုင်လဒုတိယပတ်အထိ ကျပ် ၃၈၀ ဝန်းကျင်၊ ဇူလိုင် နောက်ဆုံးပတ်အထိ ကျပ် ၇၃၀ ဝန်းကျင်၊ ဩဂုတ်လပထမပတ်မှ ယနေ့အထိ ကျပ် ၆၄၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရ သိရသည်။

**ထွန်းမင်းထွန်း(မော်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ဈေးကွက်ဝင် သစ်မွှေး

ဈေးကွက်၌ အလားအလာရှိသည့် သစ်မွှေးကို ကရင်ပြည်နယ် ဘားအံမြို့တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးနေကြသည်။ သစ်မွှေးသည် စတင်စိုက်ပျိုးပြီး ငါးနှစ်သက်တမ်းရောက်လျှင် အပင်ကိုအော်ဂဲနစ်ဆေးသွင်းပြီး ၄၅ ရက်ပြည့်ပါက အပင်အောင်၊ မအောင်သိရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

သစ်မွှေးမျိုးသည် ကရင်မျိုးဖြစ်ပြီး ကရင်ပြည်နယ်တွင် ၂၀၀၉ ခုနှစ်ကတည်းက စမ်းသပ်စိုက်ပျိုးရာ အောင်မြင်နေကြောင်း သိရသည်။ သစ်မွှေးမျိုးမှာကချင်ဒေသမျိုး၊ ကရင်သံတောင်မျိုး၊ ရခိုင်ဒေသမျိုး၊ တနင်္သာရီဒေသမျိုးရှိရာအကောင်းဆုံးမျိုးက ကချင်ဒေသမျိုးဖြစ်ကြောင်း သိရသည်။

သစ်မွှေးကိုပြည်ပဈေးကွက်တွင် တစ်ကီလိုကို ကျပ် ၂၀၀၀ အထိဈေးပေါက်နေပြီး သစ်မွှေးကို ပြည်ပနိုင်ငံများက ရုပ်တုထုပြီး ရောင်းဝယ်ခြင်း၊ ကျန်းမာရေးအတွက် အသုံးပြုခြင်း၊ ရေမွှေးအဖြစ် အသုံးပြုခြင်း၊ ရှူဆေးအဖြစ်အသုံးပြုခြင်းနှင့် တချို့နိုင်ငံများက ဘာသာရေးအတွက် အသုံးပြုကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ခင်မောင်မောင်အုန်း(ဖွဲ့ကပင်)**

# ဈေးအနည်းငယ် မြင့်လာသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ အာလူးများဝင်ရောက်လျက်ရှိပြီး စက်တင်ဘာ ၅ ရက်တွင် အောင်ပန်းမြို့မှ ဝင်ရောက်ခဲ့သော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူးဆွဲ ကျပ် ၃၀၀၊ အာလူး A1 ကျပ် ၆၃၀၊ အာလူး OK ကျပ် ၇၆၀၊ အာလူး S1 ကျပ် ၉၃၀၊ အာလူး S2 ကျပ် ၁၀၃၀ ဈေးနှုန်းအသီးသီးဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် အာလူးA1၊ အာလူး OK၊ အာလူး S1 တို့မှာ ကျပ် ၅၀ နှင့် အာလူး S2 မှာ ကျပ် ၈၀ ခန့်စီ ဈေးမြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးအရေ ၁၆ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၆၅ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ပျမ်းမျှ ပိဿာချိန် ၉၇၅၀၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ၃၉၀၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)**

# ပြောင်းသီးနှံ ရိတ်သိမ်းခြွေလှေ့စက်များ ကိုဘိုတာကုမ္ပဏီက မှာယူ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ ငြိမ်းအေးကျေးရွာအုပ်စု၊ လက်ပံတိုကျေးရွာတွင် ပြောင်းစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရိတ်သိမ်းရာသီတွင် ပုံမှန် လူအားဖြင့်သာ ရိတ်သိမ်းလျက်ရှိသည်။ ယခုအခါ အလေအလွင့်လျော့နည်းစေရန်နှင့်အချိန်မီ ရိတ်သိမ်းပြီးစီးရန်၊ ပြောင်းသီးနှံအရည်အသွေး တိုးတက်စေရန်ရည်ရွယ်၍ ပြောင်းသီးနှံရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်လာပြီဖြစ်သောကြောင့် ကိုဘိုတာကုမ္ပဏီ (ဧရာဝတီ)က ဩဂုတ် ၂၇ ရက်တွင် ဒေသခံ ပြောင်းစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် သွားရောက်တွေ့ဆုံကာ ပြောင်းသီးနှံရိတ်သိမ်းခြွေလှေ့စက်နှင့်ပတ်သက်၍ လိုအပ်သောအချက်များ အားဆွေးနွေးခဲ့သည်။

ကိုဘိုတာကုမ္ပဏီက ထုတ်လုပ်သော ရိတ်သိမ်းခြွေလှေ့စက်များကို ပုံစံပြောင်းလဲထုတ်လုပ်ရမည်ဖြစ်ပြီး ရိတ်ဘီးတွင် ခေါသွားတပ်ဆင်ထုတ်လုပ်လျှင် မူလစက်တန်ဖိုးအပြင် ၂၆ သိန်းခန့် အပိုဆောင်း ကုန်ကျမည်ဖြစ်ပြီး ပြောင်းသီးနှံသီးသန့်ရိတ်သိမ်းနိုင်ရန် ရိတ်ဘီးလဲလှယ်တပ်ဆင်လျှင် မူလစက်တန်ဖိုးအပြင် ကျပ်သိန်း ၁၀၀ ခန့် အပိုဆောင်းထပ်မံကုန်ကျမည်ဖြစ်သော်လည်း တောင်သူများအနေဖြင့် ပြောင်းသီးနှံ သီးသန့်ရိတ်သိမ်းခြွေလှေ့စက်ကိုသာ ဝယ်ယူလိုပြီး JICA 2- Step Loan ချေးငွေဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း၊ စမ်းသပ်ရိတ်သိမ်းရန် တစ်ဧကကွက်ကို ပုံမှန်စိုက်ပျိုးရာသီထက် တစ်လကြိုတင်စိုက်ပျိုးထားရှိပြီး ရိတ်သိမ်းရာသီတွင် ကိုဘိုတာကုမ္ပဏီမှ သရုပ်ပြရိတ်သိမ်းပြသပြီးမှ ရောင်းချမည်ဖြစ်ကြောင်းနှင့် စက်တန်ဖိုးမှာ ကျပ်သိန်း ၄၅၀ ခန့်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**နေဝင်းစိုး(ဧရာကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ရုရှား၊ သီရိလင်္ကာ၊ ဘရာဇီး၊ ဒိန်းမတ်၊ အီဂျစ်၊ ဟန်ဂေရီ၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်၊ နယ်သာလန်နှင့် ဆွီဒင်စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၉၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီ၊ အိုမန်နှင့် ကာတာ စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခြောက် နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Luxemborug နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ရုရှား၊ သီရိလင်္ကာ၊ ဘရာဇီး၊ ဒိန်းမတ်၊ အီဂျစ်၊ ဂရိ၊ အီတလီ၊ နယ်သာလန်၊ ပီရူး၊ စပိန်နှင့် ယူကရိန်း စသည့်နိုင်ငံများအပါအဝင် ၈၉ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျာမနီ၊ ကာတာနှင့် အိုမန် စသည့် နိုင်ငံ ၁၇ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၀ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၁ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ဧည့် မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် လည်းကောင်းရှိနေပြီး ဧည့်မထ ၅ မှတ်ဆန်မှာ ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်နေကြောင်း သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ အမျိုးအစားအားလုံး ဈေးအနည်းငယ် ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၄ ဖြင့် လည်းကောင်းရှိခဲ့ပြီး ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့် လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်နှင့် ပေါင်းဆန်ဈေးနှုန်းမှာ အနည်းငယ် ဈေးမြင့်တက်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းအစိုးရသည် ကောက်ညှင်းဆန်ဈေးကြီးမြင့်မှုကို အခွင့်ကောင်းယူ၍ ဈေးနှုန်းမတည်ငြိမ်စေရန် ရည်ရွယ်ချက်ဖြင့် ကောက်ညှင်းဆန် သိုလှောင်ထားသူများကို ထောင်ဒဏ်အထိ ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ ထိုင်းနိုင်ငံတွင် ကောက်ညှင်းဆန်ဈေးများ ငါးနှစ်ကျော်အတွင်း အမြင့်ဆုံးအထိ မြင့်တက်ခဲ့ပြီးနောက် အစိုးရက ကောက်ညှင်းဆန်ပြတ်လပ်မှု မဖြစ်ပေါ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆန်လုပ်ငန်းတွင် ပါဝင်နေသည့် ကုန်သည်ပွဲစား မည်သူမဆို ဆန်လက်ကျန်ပမာဏကို အစိုးရတာဝန်ရှိသူများထံသို့ အစီရင်ခံကြရမည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်ကို သိရှိရသည်။

ကောက်ညှင်းဆန်ဈေး မြင့်တက်လာအောင် လုပ်ဆောင်လျှင်ဖြစ်စေ၊ ဆန်လက်ကျန်စာရင်း တင်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ ဘတ်ငွေ ၅၀၀၀ (ကန်ဒေါ်လာ ၁၆၄ ဒေါ်လာ) သို့မဟုတ် ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်သွားမည်ဖြစ်ကြောင်း၊ ဆန်ကို ဈေးအဆမတန်တင်၍ ရောင်းချမှု တွေ့ရှိပါကလည်း ငွေဒဏ် ဘတ် ၁၀၀၀၀ ဖြစ်စေ၊ ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ ချမှတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို လေ့လာသိရှိရသည်။ မိုးခေါင်ခြင်း၊ ကောက်ပေါ် နောက်ကျခြင်းတို့ကြောင့် လတ်တလောတွင် ကောက်ညှင်းဆန်ရောင်းလိုအား ကျဆင်းနေခြင်းကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုကို ရင်ဆိုင်နေရပြီး ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် နိုင်ငံအရှေ့မြောက်ပိုင်း စိုက်ပျိုးရေးဒေသများတွင် သီးနှံပျက်စီးမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် ယခုကာလသည် မိုးရာသီဖြစ်သောကြောင့် ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာတွင် အစိုဓာတ်ပါဝင်မှုနှုန်း ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ သတ်မှတ်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်း က ပြောကြားခဲ့သည်ကို သိရှိရသည်။ ယခင်က ဆန်အစိုဓာတ်ပါဝင်နှုန်းကို ၁၄ ရာခိုင်နှုန်း ထိ တင်ပို့ခွင့်ပြုထားခြင်းဖြစ်ပြီး ယခုအချိန်သည် မိုးတွင်းကာလဖြစ်သည့်အတွက် ယာယီအနေဖြင့် ညှိနှိုင်း ဆောင်ရွက်ထားခြင်းသာဖြစ်၍ အစိုဓာတ်ပါဝင်မှုများလျှင် တင်ပို့၍မရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်ကိုသိရှိရသည်။

စပါးအစိုဓာတ် ပါဝင်နှုန်းကို စပါးအုပ်စုအလိုက်၊ ကာလဒေသအလိုက် ခွဲခြားထားပြီး အစိုဓာတ်များပြားချိန် အောက်တိုဘာလမှ ဖေဖော်ဝါရီလကုန်သည်အထိ လည်းကောင်း၊ ခြောက်သွေ့ကာလအဖြစ် မတ်လနောက်ပိုင်း ကာလဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ပြီး ကြိတ်ခွဲတင်ပို့ကြောင်း သိရှိရသည်။ ပြည်ပသို့အများဆုံးတင်ပို့နေသည့် ဆန်အမျိုးအစားများမှာ ဧည့်မထဆန်အမျိုးအစားများဖြစ်ပြီး စပါးများဝယ်ယူရာတွင် မျိုးကွဲအုပ်စုပါဝင်နှုန်းအဖြစ် ရိုးရိုးအုပ်စု၌ ငါးရာခိုင်နှုန်း၊ မျိုးသန့်၌ သုံးရာခိုင်နှုန်း၊ ပထမတန်းမျိုး၌ တစ်ရာခိုင်နှုန်း၊ အထူးဧည့်မထအုပ်စုတွင် ရိုးရိုး၌ သုံးရာခိုင်နှုန်း၊ မျိုးသန့်၌ သုည ဒသမ ၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း သိရှိရသည်။ ရေမြေဒေသအရ အမျိုးအစား ကောင်းမွန်ပြီး စားသုံးသည့်အရသာမှအစ ကွာခြားသည့် ဧည့်မထစပါးများသည် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း၊ မြို့နယ်ရှစ်ခုက ဖြစ်ကြောင်း သိရှိရသည်။



ကမ္ဘာ့ဈေးကွက်တွင် ဧည့်မထ ငါးမှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀၊ ဆန်ဖြူ၁၀၀ ရာခိုင်နှုန်း တစ်တန်လျှင် ၃၀၀-၄၂၅ ဒေါ်လာ၊ ၁၀ မှတ် တစ်တန်လျှင် ၄၀၀-၄၀၉ ဒေါ်လာ၊ ၁၅ မှတ် တစ်တန်လျှင် ၄၀၀ ဒေါ်လာ၊ ပေါင်းဆန် တစ်တန်လျှင် ၄၃၉ ဒေါ်လာ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ် ဆန် တစ်အိတ်လျှင် ၁၈၇၉၂ ကျပ်မှ ၁၉၄၄၀ ကျပ်ကြား ပေါက်ဈေး ရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် စက်တင်ဘာ ၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက်ဈေးရှိ ကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၅၃ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၄၉ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | ဘာဘေဒို | လီတာ | ၁.၉၁ |
| ၃ | ကူဝိတ် | လီတာ | ၀.၃၅ | Monaco | လီတာ | ၁.၈၉ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၄ |
| ၅ | အီရန် | လီတာ | ၀.၃၆ | နော်ဝေ | လီတာ | ၁.၈၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၈၀ |
| ၃ | အီရန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၇၅ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၁ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Walls and Futuna | လီတာ | ၁.၆၉ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၇ | ၀.၈၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၄ | ၀.၉၄ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃၀.၈.၂၀၁၉ | စည် | ၅၆.၇၁ |
| ၂ | ၂.၉.၂၀၁၉ | စည် | ၅၅.၁၀ |
| ၃ | ၃.၉.၂၀၁၉ | စည် | ၅၃.၉၄ |
| ၄ | ၄.၉.၂၀၁၉ | စည် | ၅၆.၂၆ |
| ၅ | ၅.၉.၂၀၁၉ | စည် | ၅၆.၃၀ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ဩဂုတ် ၃၀ ရက်တွင် ပြည်တွင်းရွှေဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၆၀၀၀၀ ဖြစ်ပေါ်ခဲ့ရာမှ စက်တင်ဘာ ၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၈၀၀၀၀ ဖြင့် ဈေးစဖွင့်၍ ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ ပြည်တွင်းရွှေဝယ်လိုအား များလာခြင်း၊ ဘဏ်ချေးငွေဂယက် ရိုက်ခတ်မှုကြောင့် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃ သိန်းကျော်သို့ စံချိန်တင်ရောက်ရှိလာကြောင်း ရွှေဈေးကွက်အတွင်းမှသိရသည်။ ကမ္ဘာ့ရွှေဈေးမှာ ဩဂုတ် ၃၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၂၆ ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၃ ရက်တွင် ၁၅၃၂ ဒေါ်လာ၊ စက်တင်ဘာ ၅ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၄၂ ဒေါ်လာသို့ မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ စက်တင်ဘာ ၆ ရက်တွင် တစ်အောင်စလျှင် ၁၅၁၈ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။

ရွှေဈေးမှာ ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ အတက်/အကျများခြင်းကြောင့် ရွှေဈေးကွက် တည်ငြိမ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက စက်တင်ဘာ ၄ ရက်တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်ခဲ့ပြီး သတင်းမီဒီယာများသို့လည်း လက်ရှိအခြေအနေအချို့ကို ထုတ်ဖော်ပြောကြားခဲ့သည်ကို သိရှိရသည်။ အစည်းအဝေးတွင် အချက်ငါးချက်ကို သဘောတူညီခဲ့ကြပြီး ရွှေလုပ်ငန်းရှင်များ၏ အသုံးအနှုန်းဖြစ်သော ရွှေထိ၊ ငွေထိ၊ ရွှေမြန်၊ ငွေမြန် ရောင်းချရန်၊ ကြိုရောင်းကြိုဝယ်များ မပြုလုပ်ရန်၊ အသင်းဝင်ဂုဏ် သိက္ခာကျဆင်းအောင် မပြုလုပ်ရန်နှင့် ပြုလုပ်ပါက အသင်းမှထုတ်ပယ်မည်ဟု အသိပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သဘောတူညီချက်များတွင် ရွှေဝယ်ယူမှုကို ဝိတ်တန်းလျှော့ပြီး ဝယ်ယူပေးရန်နှင့် ရွှေဝယ်ရောင်း ပြုလုပ်သူများနှင့် ပွဲစားများက ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းကို ဝိုင်းထိန်းပေးရန်လည်း ရွှေလုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၈-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၁၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၄-၉-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၀၇ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 4-Sep-19 | 11.74 cts/lb | 12.11 cts/lb | 307.00 $/T | 13.93 cts/lb |
| 3-Sep-19 | 11.88 cts/lb | 12.15 cts/lb | 308.80 $/T | 14.01 cts/lb |
| 2-Sep-19 | 11.90 cts/lb | 12.19 cts/lb | 309.15 $/T | 14.02 cts/lb |
| 30-Aug-19 | 11.92 cts/lb | 12.22 cts/lb | 306.45 $/T | 13.90 cts/lb |
| 29-Aug-19 | 11.99 cts/lb | 12.27 cts/lb | 309.65 $/T | 14.05 cts/lb |
| 28-Aug-19 | 12.15 cts/lb | 12.29 cts/lb | 314.35 $/T | 14.26 cts/lb |
| 27-Aug-19 | 12.03 cts/lb | 12.29 cts/lb | 311.05 $/T | 14.11 cts/lb |
| 23-Aug-19 | 12.21 cts/lb | 12.34 cts/lb | 315.20 $/T | 14.30 cts/lb |
| 22-Aug-19 | 12.33 cts/lb | 12.38 cts/lb | 317.10 $/T | 14.38 cts/lb |
| 21-Aug-19 | 12.17 cts/lb | 12.41 cts/lb | 312.75 $/T | 14.19 cts/lb |
| 20-Aug-19 | 12.21 cts/lb | 12.46 cts/lb | 313.95 $/T | 14.24 cts/lb |
| 19-Aug-19 | 12.23 cts/lb | 12.50 cts/lb | 315.25 $/T | 14.30 cts/lb |
| 16-Aug-19 | 12.39 cts/lb | 12.54 cts/lb | 318.80 $/T | 14.46 cts/lb |
| 15-Aug-19 | 12.38 cts/lb | 12.56 cts/lb | 318.40 $/T | 14.44 cts/lb |
| 14-Aug-19 | 12.35 cts/lb | 12.58 cts/lb | 319.25 $/T | 14.48 cts/lb |
| 13-Aug-19 | 12.47 cts/lb | 12.61 cts/lb | 321.90 $/T | 14.60 cts/lb |
| 12-Aug-19 | 12.35 cts/lb | 12.62 cts/lb | 318.90 $/T | 14.47 cts/lb |
| 9-Aug-19 | 12.64 cts/lb | 12.62 cts/lb | 323.60 $/T | 14.68 cts/lb |
| 8-Aug-19 | 12.23 cts/lb | 12.60 cts/lb | 315.25 $/T | 14.30 cts/lb |
| 7-Aug-19 | 12.15 cts/lb | 12.60 cts/lb | 313.10 $/T | 14.20 cts/lb |
| 6-Aug-19 | 12.47 cts/lb | 12.63 cts/lb | 321.30 $/T | 14.57 cts/lb |
| 5-Aug-19 | 12.56 cts/lb | 12.65 cts/lb | 322.75 $/T | 14.64 cts/lb |
| 2-Aug-19 | 12.74 cts/lb | 12.66 cts/lb | 327.95 $/T | 14.88 cts/lb |
| 1-Aug-19 | 12.85 cts/lb | 12.68 cts/lb | 330.10 $/T | 14.97 cts/lb |

Source: www.isosugar.org

၂၀၁၉ ခုနှစ် စက်တင်ဘာလ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၂ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံ တွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၂၇ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၆-၄၆၃၊

စာမျက်နှာ ၁၇ သို့

# မြန်မာ့သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါး ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် အတွက် အကြိုညှိနှိုင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဇေယျာကုန်သွယ်မှုဗဟိုဌာန၌ စက်တင်ဘာ ၃ ရက်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ကြီးမှူး၍ မြန်မာ့သနပ်ခါးညီလာခံနှင့် စာတမ်းဖတ်ပွဲ၊ သနပ်ခါးပြပွဲနှင့် သဘာဝသနပ်ခါးဈေးရောင်းပွဲတော် ပြုလုပ်နိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဇေယျာကုန်သွယ်မှုဗဟိုဌာနတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းပန်းဖြူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက သနပ်ခါးညီလာခံ ကျင်းပရခြင်းနှင့် သနပ်ခါးထုတ်ကုန်ပြပွဲနှင့် သဘာဝသနပ်ခါးဈေးရောင်းပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မြန်မာ့သနပ်ခါး ပျောက်ကွယ်မသွားအောင်နှင့် ဈေးကွက်ပပျောက်ခြင်းမရှိရအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကာကွယ်ပေးစေချင်ကြောင်း၊ သနပ်ခါးဈေးကွက်မြင့်မားလာစေရေးနှင့် သနပ်ခါးစိုက်တောင်သူများ စိုက်ပျိုးမှုရေရှည်ထိန်းသိမ်း စိုက်ပျိုးစေချင်ကြောင်း၊ ပြပွဲပထမနေ့ သနပ်ခါးညီလာခံတွင်သနပ်ခါးနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲလည်း ကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသနပ်ခါးသည် မြန်မာ့ယဉ်ကျေးမှုတစ်ခုလည်းဖြစ်သည်ကို ခံယူထားကြောင်း၊ သနပ်ခါးနှင့်ပတ်သက်သည့် ယဉ်ကျေးမှုများ ပေါ်ထွန်းလာစေရေးလည်း ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံ သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါးထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မုံရွာမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်ပူးပေါင်းပြီး ပထမအကြိမ် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် သနပ်ခါးနှင့် အလှမ်းဝေးနေသည့် မြို့များတွင်လည်း ဆက်လက်၍ ပြပွဲများ ကျင်းပနိုင်ရန်ရည်ရွယ်ထားကြောင်း ဥက္ကဋ္ဌ ဦးကျော်မိုးကပြောကြားသည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# စားသုံးဆီသုံးစွဲမှု အသိပညာပေး ဟောပြောပွဲနှင့် မျိုးမြေပဲ ပေးအပ်လှူဒါန်း

စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကျင်းပသည့် စားသုံးဆီ သုံးစွဲမှု အသိပညာပေး ဟောပြောပွဲနှင့် မျိုးမြေပဲ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲနှင့် မျိုးမြေပဲပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိနှင့် စစ်သည်များ၏ မိသားစုဝင်များ၊ သုံးခွမြို့နယ်မှ စားသုံးသူ ပြည်သူများ အပါအဝင် အင်အား ၄၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က မျိုးမြေပဲများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် စားသုံးဆီသုံးစွဲမှု အသိပညာပေးဟောပြောပွဲများကို သန်လျင်မြို့နယ်၊ လှည်းကူးမြို့နယ်နှင့် သုံးခွမြို့နယ်တို့၌ ပြုလုပ်ခဲ့ပြီး ဆက်လက်၍ စားသုံးသူပြည်သူများ အကျိုးအတွက် အသိပညာပေးဟောပြောပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **နိုင်မိုးကို (YGN, DOCA)**

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၉၇၈ ကျပ်၊ ဘားအံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၃၉၇၈ ကျပ်နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၁၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၇၅ ကျပ်၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင်ကျပ် ၇၈၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၈၇၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

စာမျက်နှာ (၈) တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်တို့၏ . . . မှအဆက်

မြန်မာနိုင်ငံတွင် ဆန်စပါးနှင့်ပတ်သက်ပြီး အဓိက အကျဆုံးမူဝါဒအပြောင်းအလဲမှာ ၂၀၀၃ ခုနှစ် ဧပြီလတွင် ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲထုတ်လုပ်ရေးနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်ရေးများ၌ အစိုးရက တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း မပြုကြောင်း၊ အထူးသဖြင့် တောင်သူထံမှ အစိုးရအနေဖြင့် တိုက်ရိုက်ဝယ်ယူခြင်း မပြုကြောင်း ကြေညာပြီး မူဝါဒပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံအခြေအနေမှာ ဆန်စပါး အထွက်တိုးရေးကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပတင်ပို့ခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ပို့ခွင့်ပြုခဲ့သဖြင့် ဆန်တင်ပို့မှုသည် လျင်လျင်မြန်မြန် တိုးတက်လာပြီး တန်ချိန်တစ်သန်းအထိ ရောက်ရှိလာပါသည်။ သို့ရာတွင် ရေကြီးနစ်မြုပ်မှုများဖြစ်သော သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ နယ်စပ်ကုန်သွယ်မှုများကို တားမြစ်ခဲ့ပြီး ထိန်းသိမ်းခဲ့ခြင်းမျိုးလည်း ရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ်နောက်ပိုင်းမှ ယနေ့အထိ ပြည်ပဆန်တင်ပို့မှုကို တားမြစ်ခြင်းမျိုးမရှိခဲ့ပါ။ အဆိုပါအချက်သည် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒတစ်ခုပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စပါးစိုက်စရိတ် တိုးပေးခြင်းနှင့် လယ်ယာကဏ္ဍတွင် အထောက်အကူဖြစ်စေသော လယ်ယာသုံးစက်ကိရိယာများကို အခွန်မဲ့ တင်သွင်းခွင့်ပြုခြင်း၊ အဆိုပါ စက်ကိရိယာများကို ချေးငွေဖြင့် ဝယ်ယူနိုင်ခြင်း၊ မြန်မာနိုင်ငံတွင်ရှိ ရွှေဘိုပေါ်ဆန်းမွှေးဆန်ကဲ့သို့ ဆန်များသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်တွင်းဈေးရရှိမှု မြင့်မားသော်လည်း အထွက်နှုန်းတွင် နည်းပါးသဖြင့် ထိုင်းနိုင်ငံ၏ အတွေ့အကြုံမျိုးကို အခြေခံပြီး စဉ်းစားဆောင်ရွက်သင့်ပါသည်။ အချို့စာရေးသူများက မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သူများသည် သုံးသီးကို သုံးရာသီလုံးတွင် စိုက်ပျိုးသင့်သည်ဟု ရေးသားသည်ကို တွေ့ရပါသည်။ တောင်သူများသည် ဝင်ငွေတိုးတက်မည့် နည်းလမ်းတစ်ခုဖြစ်သော သုံးသီးစိုက်ပျိုးမှုကိုသိပြီး ရင်းနှီးပြီးဖြစ်ပါသည်။ သုံးသီးစိုက်ရန် အဓိက လိုအပ်ချက်မှာ ရေမှန်မှန်ရရှိရေးပင်ဖြစ်ပါသည်။ ရွှေဘိုခရိုင်တွင် ပေါ်ဆန်းမွှေးကို စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရခြင်း အချက်တစ်ခုမှာ ရေနှင့်နေရောင်ခြည်သည်ပေါ်ဆန်းမျိုးအတွက် အလွန်သင့်လျော်သဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ အခြားနေရာများတွင် စမ်းသပ်ကြသော်လည်း ရွှေဘိုခရိုင်ကဲ့သို့ အောင်မြင်မှုကို သေချာစွာ မတွေ့မြင်ရခြင်းမှာ နေနှင့် ရေကြောင့်ပင်ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အထွက်တိုးရေးကို ကြိုးပမ်းကြရာတွင် တစ်ဖက်မှ မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် အကောင် အထည်ဖော်မှုအခြေအနေများကို ညီညွတ်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

**(မှတ်ချက်။ Sina Xie and Orachos napasintuwong တို့၏ ARE Working Paper No. 2557/1 (March 2014), Review of Rice Policies in China, Thailand and Vietnam ကို အခြေခံပြီး ရေးသားခြင်းဖြစ်ပါသည်)**

စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၃၀.၈.၂၀၁၉ | ၂.၉.၂၀၁၉ | ၃.၉.၂၀၁၉ | ၄.၉.၂၀၁၉ | ၅.၉.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၈၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၄၀၀ |
| ၃ | သီးထပ် | 90(Raw) | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၂၀၀ | ၁၇၇၀၀ | ၁၇၇၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၇၅၀၀ | ၁၇၃၀၀ | ၁၇၃၀၀ | ၁၇၂၀၀ | ၁၇၂၀၀ |
| ၇ | ကရင်မ | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက် အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေ၊ ပုသိမ်နှင့် မြိတ်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၄၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်စက်တင်ဘာ ပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ရွှေဈေး ဆက်တိုက်မြင့်တက်လာခြင်းမှာ နိုင်ငံတကာရွှေဈေး မြင့်တက်လာခြင်း၊ ပြည်တွင်းတွင် ဘဏ်ချေးငွေကိစ္စများကြောင့် လုပ်ငန်းရှင်များက ပြည်တွင်းဘဏ်များမှနေ၍ ငွေများပြန်လည်ထုတ်ယူလာကြပြီး ရွှေဘက်တွင် ပြန်လည်ရင်းနှီးမြှုပ်နှံလာကြခြင်း၊ ယခင်က မူဆယ်လမ်းကြောင်းမှတစ်ဆင့် ပြည်ပမှရွှေများ ဝင်ရောက်သော်လည်း တိုက်ပွဲကြောင့် ကုန်သွယ်မှု ရပ်နားထားရသည့်အတွက်လည်း ပြည်တွင်းတွင်ရှိသည့် ရွှေကိုသာ ရောင်းချနေရခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း ဒေါ်လာဈေးနှုန်း မြင့်တက်လာခြင်းသည်လည်း ရွှေဈေးကို ပိုမိုမြင့်တက်လာစေရန် တွန်းအားပေးနေသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များ အသင်းထံမှ သိရှိရပါသည်။

ရွှေဆိုင်များတွင် ရွှေဝယ်ယူမှုများပြားလာပြီး စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ဈေးကွက်ဖွင့်ပြီးအချိန်ပိုင်းအတွင်း ရွှေငါးပိဿာခန့် ရောင်းချရကြောင်း၊ အဆိုပါရွှေပမာဏကို ယခင်က တစ်နေကုန်အောင် ရောင်းချရကြောင်း၊ သို့သော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်ကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘဏ်များအကြား ပြန်လည်အဆင်ပြေနိုင်မည်ဆိုပါက ရွှေဈေးပြန်လည်ကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ခန့်မှန်းပြောကြားခဲ့သည်ကို သိရှိရသည်။

အမေရိကန်ပြည်ထောင်စု၏ ကုန်ထုတ်လုပ်မှုကဏ္ဍ ကျဆင်းခဲ့ခြင်းနှင့်အတူ ကမ္ဘာ့ရွှေဈေးနှုန်း မှာမြင့်တက်လာခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ အရီဇိုနားပြည်နယ်တွင် အခြေစိုက်ထားသော လေ့ကျင့်သင်ကြားခြင်းအပါအဝင် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည့် Institute for Supply Management (ISM) မှ ထုတ်ပြန်သည့် အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀ ကျော် မြင့်တက်လာခဲ့ပြီး ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၃ ရက်တွင် ISM က ထုတ်ပြန်သည့် စာရင်းအချက်အလက်များ၌ လွန်ခဲ့သည့် ဩဂုတ်လအတွင်း အမေရိကန်ပြည်ထောင်စု၏ ကုန်ထုတ်လုပ်ရေးကဏ္ဍ တိုးတက်မှုပမာဏမှာ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ပမာဏအောက် ၂ ဒသမ ၁ ရာခိုင်နှုန်း လျော့နည်းကာ ၄၉ ဒသမ ၁ ရာခိုင်နှုန်း ခန့်သာရှိခဲ့ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်း ၃ နှစ် ကျော်ကာလအတွင်း အမေရိကန်ပြည်ထောင်စု၏ ကုန်ထုတ်လုပ်ရေးကဏ္ဍ တိုးတက်မှုပမာဏ အနိမ့်ဆုံးအနေအထားဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယင်းအစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး တိုးတက်မှုအပေါ် ယုံကြည်မှုလျော့နည်းသွားခြင်းနှင့်အတူ ငွေကြေးအစား ရွှေဈေးကွက်တွင်သာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လာကြသောကြောင့် ကမ္ဘာ့ရွှေဈေးမှာ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် တရုတ်ကုန်ပစ္စည်းများအပေါ် စက်တင်ဘာ ၁ ရက်မှစ၍ အမေရိကန်အစိုးရက ထပ်ဆောင်းသွင်းကုန်ခွန် တိုးမြှင့်ကောက်ခံခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်အစိုးရအား ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း (WTO) ထံ အမှုဖွင့်တိုင်ကြားသွားမည်ဟု တရုတ်အစိုးရက ကြေညာခဲ့ခြင်းနှင့် အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲများက ရလဒ်ကောင်းများ ထွက်ပေါ်လာခြင်းမရှိဘဲ အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုများ ကာလရှည်ဖြစ်ပေါ်နေမည့်အပေါ် စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာခြင်းသည်လည်း ကမ္ဘာ့ရွှေဈေးနှုန်းကို မြင့်တက်စေခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၄ ရက် နံနက်ပိုင်း ဈေးကွက်ဖွင့်ချိန်တွင် ကမ္ဘာ့ဈေးကွက်အတွင်း ရွှေတစ်အောင်စ၏ ကြိုတင်ရောင်းဝယ်မှုဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ ဒေါ်လာ၊ ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၇၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၅ ဒသမ ၉ ဒေါ်လာ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းသည် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးအနေအထားဖြစ်ကြောင်း www.xinhuanet.com အင်တာနက် website တွင်ဖော်ပြပါရှိသည်။ သို့ရာတွင် စက်တင်ဘာလ ၆ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့်မြန်မာ့ရွှေဈေးအခြေအနေတို့ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃၀-၈-၁၉ | ၂-၉-၁၉ | ၃-၉-၁၉ | ၄-၉-၁၉ | ၅-၉-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၂၁.၇ | ၁၅၂၃.၂ | ၁၅၃၀.၃ | ၁၅၂၉.၄ | ၁၅၃၅.၂ | ၀.၈၉ | ⬆ |
| ၂ | Thai Baht | THB | ၃၀.၅၉၅ | ၃၀.၆၂၅ | ၃၀.၆၆၅ | ၃၀.၅၉၅ | ၃၀.၅၆၅ | -၀.၁၀ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၈၈ | ၁.၃၉၁ | ၁.၃၉၃ | ၁.၃၈၆ | ၁.၃၈၄ | -၀.၂၉ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၂၁၅ | ၄.၂၀၆ | ၄.၂၀၀ | ၄.၂၀၃ | ၄.၁၉၃ | -၀.၅၂ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၈၄ | ၁၄၁၉၄ | ၁၄၂၂၅ | ၁၄၁၅၂ | ၁၄၁၅၁ | -၀.၂၄ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၁၄၇ | ၇.၁၇၂ | ၇.၁၇၆ | ၇.၁၅၁ | ၇.၁၄၇ | ၀.၀၀ | |
| ၇ | Indian Rupee | INR | ၇၁.၄၇၈ | ၇၁.၉၅၈ | ၇၂.၂၅၅ | ၇၂.၀၄၀ | ၇၁.၈၆၃ | ၀.၅၄ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၆.၄၃၅ | ၁၀၆.၂၇၂ | ၁၀၆.၀၅၃ | ၁၀၆.၂၃၈ | ၁၀၆.၅၄၅ | ၀.၁၀ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၈၉ | ၁.၄၈၇ | ၁.၄၈၇ | ၁.၄၇၄ | ၁.၄၆၈ | -၁.၄၁ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၀၆ | ၀.၉၁၁ | ၀.၉၁၃ | ၀.၉၀၈ | ၀.၉၀၆ | ၀.၀၀ | |
| ၁၁ | Pound Sterling | GBP | ၀.၈၂၁ | ၀.၈၂၇ | ၀.၈၃၄ | ၀.၈၂၃ | ၀.၈၁၅ | -၀.၇၃ | ⬇ |


Source– Central Bank of Myanmar

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ဒသမ ၇၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၅၃၅ ဒသမ ၂၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန် ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၈၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ နေ့အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများကို အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဩဂုတ် ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ကျပ်၊ စက်တင်ဘာ ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ကျပ်၊ စက်တင်ဘာ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၂ ကျပ်၊ စက်တင်ဘာ ၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်နှင့် စက်တင်ဘာ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၄၄ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၈.၂၀၁၉ | ၁၁၄၁၅၀၀ | ၁၄၀၇ |
| ၂ | ၂.၈.၂၀၁၉ | ၁၁၅၀၅၀၀ | ၁၄၃၇ |
| ၃ | ၃.၈.၂၀၁၉ | ၁၁၅၄၅၀၀ | ၁၄၄၁ |
| ၄ | ၄.၈.၂၀၁၉ | ၁၁၅၃၅၀၀ | ၁၄၄၁ |
| ၅ | ၅.၈.၂၀၁၉ | ၁၁၆၈၀၀၀ | ၁၄၅၇ |
| ၆ | ၆.၈.၂၀၁၉ | ၁၁၇၅၀၀၀ | ၁၄၆၄ |
| ၇ | ၇.၈.၂၀၁၉ | ၁၂၀၃၀၀၀ | ၁၄၈၉ |
| ၈ | ၉.၈.၂၀၁၉ | ၁၂၁၇၀၀၀ | ၁၅၀၄ |
| ၉ | ၁၀.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |
| ၁၀ | ၁၁.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |
| ၁၁ | ၁၂.၈.၂၀၁၉ | ၁၂၁၃၀၀၀ | ၁၅၀၅ |
| ၁၂ | ၁၃.၈.၂၀၁၉ | ၁၂၃၇၀၀၀ | ၁၅၃၁ |
| ၁၃ | ၁၄.၈.၂၀၁၉ | ၁၂၂၁၀၀၀ | ၁၅၀၇ |
| ၁၄ | ၁၆.၈.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၁၉ |
| ၁၅ | ၁၇.၈.၂၀၁၉ | ၁၂၃၀၀၀၀ | ၁၅၁၃ |
| ၁၆ | ၁၈.၈.၂၀၁၉ | ၁၂၃၀၀၀၀ | ၁၅၁၃ |
| ၁၇ | ၁၉.၈.၂၀၁၉ | ၁၂၂၈၀၀၀ | ၁၅၀၀ |
| ၁၈ | ၂၀.၈.၂၀၁၉ | ၁၂၂၉၀၀၀ | ၁၅၀၄ |
| ၁၉ | ၂၁.၈.၂၀၁၉ | ၁၂၂၆၀၀၀ | ၁၅၀၁ |
| ၂၀ | ၂၂.၈.၂၀၁၉ | ၁၂၂၃၀၀၀ | ၁၄၉၇ |
| ၂၁ | ၂၄.၈.၂၀၁၉ | ၁၂၃၃၀၀၀ | ၁၅၂၇ |
| ၂၂ | ၂၅.၈.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၂၇ |
| ၂၃ | ၂၆.၈.၂၀၁၉ | ၁၂၃၉၀၀၀ | ၁၅၃၀ |
| ၂၄ | ၂၇.၈.၂၀၁၉ | ၁၂၄၄၀၀၀ | ၁၅၃၀ |
| ၂၅ | ၂၈.၈.၂၀၁၉ | ၁၂၅၆၀၀၀ | ၁၅၄၃ |
| ၂၆ | ၃၀.၈.၂၀၁၉ | ၁၂၆၀၀၀၀ | ၁၅၂၆ |
| ၂၇ | ၃၁.၈.၂၀၁၉ | ၁၂၅၈၀၀၀ | ၁၅၂၀ |
| ၂၈ | ၁.၉.၂၀၁၉ | ၁၂၅၂၀၀၀ | ၁၅၂၀ |
| ၂၉ | ၂.၉.၂၀၁၉ | ၁၂၆၅၀၀၀ | ၁၅၂၅ |
| ၃၀ | ၃.၉.၂၀၁၉ | ၁၂၇၃၀၀၀ | ၁၅၃၂ |
| ၃၁ | ၄.၉.၂၀၁၉ | ၁၂၈၀၀၀၀ | ၁၅၄၀ |
| ၃၂ | ၅.၉.၂၀၁၉ | ၁၃၀၇၀၀၀ | ၁၅၄၂ |

Source: estimate of world's exchange rate and gold price page

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၆၈-၅၈၄ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နှင့် ပါကစ္စတန်နိုင်ငံများတွင် သကြားဈေးနှုန်းအနည်းငယ် မြင့်တက်လာခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်နိုင်ငံ များတွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၂၅ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၂၇ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၂ ပေါက် ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၅ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၉ ဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ မော်လမြိုင်နှင့် မန္တလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၁၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။






# ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)၌ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်သူရက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်ခဲ့ရာ သင်တန်းသား/သူများကိုယ်စား ဦးအာကာဖြိုးမောင်က လက်ခံရယူခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူး ဦးအောင်သူရက အုပ်စုလိုက်စာမေးပွဲ အကောင်းဆုံးဆုရရှိသည့် အုပ်စုနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းက အုပ်စုလိုက် စာတမ်းအကောင်းဆုံးရရှိသည့် အုပ်စုတို့အားဆုများ ချီးမြှင့်ပေးခဲ့သည်။

ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းရှင်အသင်းများ ပြုစုပျိုးထောင်မွေးထုတ်ရန်၊ အရည်အသွေးမြင့်မားပြီး စီးပွားရေးကျင့်ဝတ်ကောင်းမွန်သော လုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး မေ ၁၀ ရက်မှ ဩဂုတ် ၃၀ ရက်အထိ ၁၆ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် သင်တန်းသား/သူများကိုယ်စား ဦးရဲမာန်ထက်က ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ နံနက် ၁၁ နာရီခွဲတွင် အခမ်းအနား ပြီးဆုံးခဲ့သည်။

**မောင်မောင်(မန္တလေး)**

# ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၄ ဒသမ ၅၅၈သန်းဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့ ရုံးသို့ အပ်နှံဆောင်ရွက်ခဲ့သော ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ AA&Son Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မူအာဆွန်းတာနှင့် ဝန်ထမ်းများ၊ အရည်အသွေးစစ်ဆေးရေး တာဝန်ယူခဲ့သော MICEG QC Co.Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ပေါ်ကို ယုံကြည်အားကိုးစွာ ပြည်နယ်ဦးစီးမှူးရုံးသစ် အဆောက်အအုံနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ပင်မရုံးအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများ အပ်နှံခဲ့သည့်အပေါ် များစွာဝမ်းမြောက်ကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အခြေခံ အဆောက်အအုံသစ်နှင့် ဝန်ထမ်း တိုးချဲ့ဖွဲ့စည်းပေးမှုများကြောင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုတိုးတက် အထောက်အကူပြုလာတော့မည် ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ ကန့်သတ်ချက်များ၊ အခက်အခဲများ လိုအပ်ချက်များကြောင့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၉ ဖြင့် ပြင်ဆင်ဖြည့်စွက်ခြင်းများအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်အလက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ AA&Son Co. Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်မူအာဆွန်းတာက စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသစ် အဆောက်အအုံသစ်ကြီး၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကာလကြာမြင့်ချိန်၊ အထွေထွေကုန်ကျစရိတ်၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ရုံးသစ်ဆိုင်ရာ အချက်အလက်စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# မြင့်မြတ်တော်ဝင်

## ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ အထူးကုဆေးခန်း

ပိတ်ရက်မရှိဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

# အဘယ

'ထ' အမှတ်တံဆိပ်

သွေးပေါင်ချိန်ကို ထိန်းညှိပေးမယ့်

## သွေးတိုးကျ ခေါင်းကြည်ဆေး




လူတိုင်းကျန်းမာ အဘယ ဓာတ်ဆေး

အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ဈေးမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
-၀၁-၆၄၇၄၂၅၊ -၀၉-၃၁၆၉၇၁၁၇၊ -၀၉-၇၃၂၄၂၂၂၇၊ -၀၉-၅၀၄၃၅၆၁၊ -၆၄၂၀၄၇

MYANMAR EXCITED GROUP CO.,LTD

BD SOUND
Originated in Germany

# BD SOUND

အမိအဖြေ
ကောင်း



09-427100600
09-777013138

**Head Office :**
No.7-B, Yuzana Street,
Mingalar Taung Nyunt Township, Yangon.

# MCS

MYANBIZ CONSULTING SERVICE

Available service –

1) Company Registration
2) Inward Investment Advice
3) MIC Permit
4) Export-Import registration, license
5) Trade Mark, Patent, copyright
6) FDA
7) Stay Permit & Visa Processing
8) Business License

Add - Shwe Own Pin Housing(2), No.27, Room 21, Yanshin Street, (5)Ward, Yankin Township, Yandon.
Contact us - +959260441728, +959791670945, +959253429462
Email - tinmyint@myanbiz-consulting.com
Website - www.myanbizconsulting.com



# မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအမျိုးအစားများ

အာဆီယံအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် SMEs များအတွက် ပိုမိုဆီလျော်ကောင်းမွန်သော ဒေသဖြစ်လာစေရန် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အထူးအလေးပြုဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အကောက်ခွန် မဟုတ်သော အတားအဆီးများနှင့် အကောက်ခွန် မဟုတ်သော အစီအမံများကြောင့်ဖြစ်ပေါ်လာသော အတားအဆီးများကို ဖြေရှင်းရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ရာတွင် ဒေသတွင်းအဆင့် ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရေးဆိုင်ရာ ဦးစီးဦးဆောင်ပြုမှု အစီအမံများစွာကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဇင်းအပြင် အာဆီယံသည် ဒေသတွင်းကုန်သွယ်မှုကုန်ကျစရိတ်ကို ၂၀၂၀ ပြည့်နှစ်တွင် ၁၀ ရာခိုင်နှုန်းလျှော့ချသွားရန်နှင့် ၂၀၁၇-၂၀၂၅ခုနှစ်အတွင်း အာဆီယံဒေသတွင်း ကုန်သွယ်မှုကို နှစ်ဆဖြစ်လာစေရန် အဖွဲ့ဝင်နိုင်ငံများက ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါရည်ရွယ်ချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေ ရေးဆိုင်ရာပြဿနာများကို ဖြေရှင်းသွားနိုင်ရေးတို့အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပွင့်လင်းမြင်သာမှုရှိစေရေးသည် အဓိကကျသော အချက်တစ်ခုဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ပတ်ဝန်းကျင်ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေမည့် အမျိုးသားအဆင့်ကုန်သွယ်မှုသုတဘဏ်တိုက် (National Trade Portal and Trade Repository website) ကို မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်ကတည်းက ထူထောင်ထားရှိပြီးဖြစ်သည်။ ထို့ကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အကောက်ခွန်နှုန်းထားများ၊ အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများအပါအဝင် ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အဆိုပါကုန်သွယ်မှု သုတဘဏ်တိုက်တွင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ ဖြင့် ဆောင်ရွက်ထားရှိသည်။

ယင်းအပြင် အာဆီယံသည် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (NTMs) ပွင့်လင်းမြင်သာရှိရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် NTMs များတွင် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများရှိနေပါက ဖြေရှင်းဆောင်ရွက်ရန် ကြိုးပမ်းချက်အနေဖြင့် 'ကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများဆိုင်ရာ အာဆီယံ သဘောတူညီချက်များ( NTM Guidelines)'ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ NTM Guidelines ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ်(work plan) ကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ လုပ်ငန်းစဉ်များကို လက်ခံအတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် လိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည်လည်း အဆိုပါလုပ်ငန်းစဉ်များကို လိုက်ပါဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး Non-Tariff Measures ဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ကတည်းက အမျိုးသားအဆင့် ပြည်တွင်းအစိုးရဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အမျိုးသားအကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုကော်မတီ (The National Committee on Non-Tariff Measures - NCNTM) ကိုဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီသည် အစိုးရ အဖွဲ့အစည်းများသာမက ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် stakeholders များအကြား NTMs များ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိသည်။

ဥရောပသမဂ္ဂ၏ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အထောက်အပံ့ အစီအစဉ်အရ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအထောက်အပံ့အဖြစ် ပေးအပ်သွားမည့်စီမံကိန်း (ASEAN Regional Integration Support by the EU - Myanmar Trade Related Technical Assistance – ARISE Plus Myanmar) အတွက် ငွေကြေးထောက်ပံ့ခြင်း သဘောတူညီချက် စာချုပ် လွှဲပြောင်းပေးအပ်မှုအခမ်းအနားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၆ ရက်တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ အကြီးအကဲ Dr. Johann Hesse နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ဥရောပသမဂ္ဂပူးပေါင်းဆောင်ရွက်ရေးဌာနနှင့် နိုင်ငံတကာကုန်သွယ်ရေးစင်တာ (International Trade Centre - ITC) တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဥရောပသမဂ္ဂ၏ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အထောက်အပံ့ အစီအစဉ်အရ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအထောက်အပံ့အဖြစ် ပေးအပ်သွားမည့်စီမံကိန်း (ASEAN Regional Integration Support by the EU - Myanmar Trade Related Technical Assistance – ARISE Plus Myanmar) ကို မြန်မာနိုင်ငံတွင် ITC ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်မှုမူဝါဒနှင့် စီမံခန့်ခွဲရေး၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး၊ ဒေသတွင်းကုန်သွယ်မှုသဘော တူညီချက် (Regional Trade Agreement)၊ Food Safety and SPS၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ပညာပေးခြင်း/ သင်တန်းများပေးခြင်းနှင့် စာရင်းအင်းကဏ္ဍများတွင် နည်းပညာအကူအညီပေးသွားမည်ဖြစ်သည်။ စီမံကိန်းကို ၂၀၁၉ ခုနှစ်မှစတင်၍ ဆောင် ရွက်သွားမည်ဖြစ်ပြီး ARISE Plus Myanmar စီမံကိန်းအကောင်အထည်ဖော်ဆောင်ရန်အတွက် စီမံကိန်းတန်ဖိုးသည် စုစုပေါင်း ယူရိုရှစ်သန်းဖြစ် သည်။

ARISE Plus စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇွန်မှ ၂၀၂၃ ခုနှစ် ဇူလိုင်အထိ လေးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အနေဖြင့် နိုင်ငံတကာ ကုန်သွယ်ရေးစင်တာ (ITC) နှင့်အတူ စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် စပ်လျဉ်း၍ EU-ARISE Plus အနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးရည်ရွယ်၍ အဓိကဧရိယာခြောက်ခုဖြစ်သည့် (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ (ASEAN member states – AMS) အားလုံး၏ လူ၊ တိရစ္ဆာန်၊ အပင်များကျန်းမာရေးနှင့်ပိုးမွှားအန္တရာယ်ကင်းရှင်းရေး (Sanitary and Phytosanitary – SPS) ဆိုင်ရာ အစီအမံများအပါအဝင် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non-tariff Measures – NTMs) အားလုံးကို အမျိုးအစားသတ်မှတ်၍ ATR တွင် ဖော်ပြရေး၊ (၂) ASEAN Solutions for Investments, Services and Trade – ASSIST Website အား ကုန်စည်ကုန်သွယ်မှုအတွက်သာမက ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းကိုပါ တိုးချဲ့ဆောင်ရွက်သွားရေး၊ (၃) NTM Guidelines များအား AMS များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကူအညီပေးရေး၊ (၄) ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ပေးရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ပေးရေး၊ (၅) ASEAN Trade Repository – ATR Website တွင် စုံစမ်းမေးမြန်းခြင်းစာမျက်နှာ (enquires webpage) တစ်ခုထပ်မံဖြည့်ရန်နှင့် ပုဂ္ဂလိကနှင့် ဆွေးနွေးမည့် eplatform တစ်ခု ထူထောင်၍ ASSIST Website နှင့် ချိတ်ဆက်ထားရေး (၆) ASEAN Work Program၊ အပိုင်း (၁) အရ ARISE Plus အကူအညီပေးထားသည်များကို ပြန်လည် သုံးသပ်ရေးတို့ကို နည်းပညာကူညီ ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် EU-ARISE Plus အနေဖြင့် အာဆီယံ၏ NTMs များကို အမျိုးအစားခွဲခြား၍ National Trade Repository – NTR နှင့် ATR တွင် ဖော်ပြနိုင်ရေး အကူအညီပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ SPS NTMs များ အမျိုးအစားခွဲခြားခြင်းကို နည်းပညာအကူအညီများ ဆောင်ရွက်ပေးခဲ့ပြီး measures ၄၉ ခုကို သက်ဆိုင်ရာဌာနများ၏ အတည်ပြုချက်များရယူ၍ ATR သို့ သွားရောက်ချိတ်ဆက်ထားနိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ARISE Plus သည် မြန်မာနိုင်ငံ၏ Technical Barriers to Trade – TBT measures များကို အမျိုးအစားခွဲခြား၍ ATR သို့ ထပ်မံချိတ်ဆက်နိုင်ရေးအတွက် နည်းပညာအကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည်။

ARISE Plus စီမံကိန်းသည် မြန်မာ့ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး မျှော်မှန်း၍ ဒေသတွင်းအာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂ နိုင်ငံများနှင့် အခြားကမ္ဘာ့ဈေးကွက်အများအပြားတွင် မြန်မာနိုင်ငံက ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုအမျိုးအစားများ တိုးပွားလာစေရေး ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ARISE Plus စီမံကိန်း၏ အဓိကရလဒ်သုံးခုဖြစ်သော ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းမှသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန်၊ ထုတ်ကုန်များ၏ အရည်အသွေးများ တိုးတက်ကောင်းမွန် စေရေးအတွက် လူ၊ တိရစ္ဆာန်၊ အပင်ဇီဝ ကျန်းမာသန့်ရှင်းစေရေးဆိုင်ရာ အစီအမံများကို မြှင့်တင် ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုမူဝါဒချမှတ်မှုနှင့် အကောင်အထည်ဖော်မှုတို့အား ပိုမိုအားကောင်းစေရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ARISE Plus Myanmar စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ဒေသတွင်းဈေးကွက်ဖြစ်သည့် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်များဖြစ်သည့် ဥရောပသမဂ္ဂအောက်ရှိ နိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်များသို့ မြန်မာနိုင်ငံက ပါဝင်ပေါင်းစည်းဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှုအမျိုးအစားများ တိုးပွားလာစေရန်ဖြစ်သည့်အတွက် ဥရောပသမဂ္ဂ၏ ကူညီမှုများမှာ မိမိတို့ဌာန၊ မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိသည်ကို တွေ့ရှိရသည်။

# မလေးရှား - မြန်မာ ချိတ်ဆက်မှုပြုလုပ်ပြီးနောက်

## rav;&m;SukËD Dsm;aygufcsvmawmhnf

ဩဂုတ် ၃၀ ရက်က ရန်ကုန်မြို့ ဝန်ဒန်ဂရင်းဟိုတယ် (Wyndham Grand Hotel) ၌ မလေးရှား-မြန်မာချိတ်ဆက်မှု (Malaysia- Myanmar Connect 2019) အခမ်းအနားတစ်ရပ်ကျင်းပခဲ့၏။ ယင်း အခမ်းအနားပွဲကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) နှင့် မလေးရှားနိုင်ငံ ပြည်ပဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (MATRADE) တို့က ပံ့ပိုးကြပြီး မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးနှင့် မလေးရှား-မြန်မာစီးပွားရေးကုန်သည်ကြီးများအသင်း (MMBC) တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သတင်းမီဒီယာဖော်ပြချက်များအရ သိရသည်။ အခမ်းအနားတွင် မလေးရှား- မြန်မာစီးပွားရေး ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ မစ္စတာဂီလ်ဘတ်လီ (Mr. Gilbert Lee) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၎င်းက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြင်ပ၌ ရရှိထားသော သတင်းအချက်အလက်များသည် လက်ရှိ အခြေအနေနှင့် အလွန်ကွာခြားမှုရှိနေကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပူပေါင်းဆောင်ရွက်ရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံထဲလာရောက်ပြီး ကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး လေ့လာမည်ဆိုလျှင် မြန်မာနိုင်ငံအတွင်း ရှိနေသည့် အခြေအနေများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်အမှန်၊ အခြေအနေအမှန်တို့ကို သိရှိနိုင်လိမ့်မည် ယူဆကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ မလေးရှား- မြန်မာ ချိတ်ဆက်မှု (၂၀၁၉) အခမ်းအနားပွဲသို့ မလေးရှားနိုင်ငံက ကုမ္ပဏီပေါင်း ၁၀၀ ကျော်၊ စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၅၀ ကျော်တက်ရောက်ခဲ့သည် သိရ၏။ ယင်းကဲ့သို့ မလေးရှားနိုင်ငံဘက်က တက်ရောက်ခဲ့သည့် ပမာဏ၏ သုံးပုံနှစ်ပုံခန့်သည် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်ဟုလည်း ဆိုကြ၏။ အခမ်းအနားပွဲသို့ တက်ရောက်လာကြသူများထဲတွင် မလေးရှား ပြည်ပဖွံ့ဖြိုးရေးကော်ပိုရေးရှင်း၊ စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (MED)၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဦးစီးဌာနလက်အောက်ရှိ မလေးရှားဒစ်ဂျစ်တယ် စီးပွားရေးကော်ပိုရေးရှင်း (MDEC) နှင့် နည်းပညာအကြံပေးအဖွဲ့ အဆင့်မြင့်နည်းပညာဆိုင်ရာ မလေးရှားစက်မှုအစိုးရအဖွဲ့ (MIGHT) စသည့် မလေးရှားစီးပွားရေးလုပ်ငန်း အသင်း အဖွဲ့များနှင့် အစိုးရအေဂျင်စီအဖွဲ့များနှင့် စီးပွားရေး ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ အများဆုံး ပါဝင်တက်ရောက်သည် သိရ၏။

မလေးရှား- မြန်မာချိတ်ဆက်မှု (၂၀၁၉) အခမ်းအနားပွဲသည် မလေးရှားအဆင့်မြင့်စီးပွားအဖွဲ့အစည်းများ မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်လေ့လာကြသော၊ စီးပွားရေးလုပ်ကိုင်ခွင့်များ စနည်းနာသော၊ တစ်ခါမျှမလုပ်ဖူးသေးသော ပွဲတစ်ပွဲဟု ဆိုနိုင်သည်။ လက်ရှိအချိန်တွင် မလေးရှားသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေရာတွင် အဆင့် (၈)နေရာတွင် ရပ်တည်နေ၏။ မလေးရှားသည်လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် နိုင်ငံများစာရင်းတွင် ထိပ်သီးငါးနိုင်ငံ စာရင်း၌ ပါဝင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟုလည်း သိရသည်။ မြန်မာနိုင်ငံတွင် မလေးရှားကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှာဖွေတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ယခုလို မလေးရှား- မြန်မာချိတ်ဆက်မှု အခမ်းအနားပွဲ စီစဉ်ကျင်းပကြခြင်းဖြစ်သည်ဟု နားလည်မိသည်။ ယင်းအခမ်းအနားပွဲကျင်းပရခြင်း ရည်ရွယ်ချက်သည်လည်း မလေးရှား- မြန်မာ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် အကျိုးပြုပူးပေါင်းနိုင်ရေးတာဝန်ခံဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးအခွင့်အလမ်းကောင်းများ ဆက်လက်

| မောင်လွင်ပြင် |

မြှင့်တင်နိုင်ရေးကြိုးပမ်းချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း အခမ်းအနားကျင်းပခြင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ အဓိက ရည်မှန်းချက်ကြီးကတော့ မြန်မာနိုင်ငံအတွင်း စီးပွားရေးတိုးတက်ကြီးထွားလာနိုင်သော အလားအလာကို လေ့လာသုံးသပ်ရန်နှင့် လမ်းဖွင့်ပေးရန် မလေးရှားနိုင်ငံက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအား ပြည်တွင်းသို့ခေါ်ဆောင်လာနိုင်ရေးပင်ဖြစ်သည်။ ထို့ကြောင့်လည်း မလေးရှား- မြန်မာ ချိတ်ဆက်မှု အခမ်းအနားသို့ မလေးရှားစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၅၀ ကျော် အင်တိုက်အား တိုက်တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ မလေးရှားသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁ ဒသမ ၉၆၃ ဘီလီယံဖြင့် ပြည်ပနိုင်ငံများ ရင်းနှီးမြှုပ်နှံမှုစာရင်း၌ နံပါတ် (၈)နေရာတွင် ရှိနေသည်။

အလျဉ်းသင့်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော စာရင်းများကိုလေ့လာကြည့်မိသည်။ ၁၉၈၈- ၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လက်ရှိအချိန် (၂၀၁၉ ခုနှစ် ဇူလိုင်လအထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏအနေအထားအရ စင်ကာပူနိုင်ငံသည် ဒေါ်လာ ၂၁ ဒသမ ၈၅ ဘီလီယံဖြင့် ပထမနေရာ၊ တရုတ်နိုင်ငံဒေါ်လာ ၂၀ ဒသမ ၈ ဘီလီယံဖြင့် ဒုတိယ၊ ဟောင်ကောင်က ဒေါ်လာ ၈ ဒသမ ၂၇၆ ဘီလီယံဖြင့် တတိယ၊ ဗြိတိန်နိုင်ငံက ဒေါ်လာ ၄ ဒသမ ၅၂၈ ဘီလီယံဖြင့် စတုတ္ထ၊ တောင်ကိုရီးယားနိုင်ငံက ဒေါ်လာ ၃ ဒသမ ၉၆၅ ဘီလီယံဖြင့် ပဉ္စမနေရာ၊ မလေးရှားနိုင်ငံက ဒေါ်လာ ၁ ဒသမ ၉၆၃ ဘီလီယံဖြင့် အဋ္ဌမနေရာတွင် ရှိနေကြောင်း တွေ့ရှိရသည်။ မလေးရှားသည် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း မြန်မာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ထိပ်ဆုံးငါး နိုင်ငံစာရင်းထဲ ဝင်ရောက်ရန် ယခုပိုမိုရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ရှိနေကြောင်း သိရသည်။

မလေးရှား ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာ ဇာဟိုင်းရီဘဟာရင်မ် (Mr. Zahairi Baharim) ကလည်း မလေးရှား- မြန်မာချိတ်ဆက်မှု အခမ်းအနားပွဲတွင် မီဒီယာသို့ ယခုလိုပြောကြားခဲ့သည်။ "Axiata၊ Berjaya၊ MayBank၊ Muhibbah Engineering၊ Nissan Tan Chang၊ Petronas နဲ့ Texchem တို့အပါအဝင် မလေးရှားစီးပွားရေးလုပ်ငန်းတော်တော်များများ ဒီနိုင်ငံမှာ ရှိနေပါပြီ။ ဒီတော့ မြန်မာနိုင်ငံမှာ အဲဒီလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်" ဟုဆိုသည်။ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် အောင်မြင်မှုရနေသော သီလဝါ အထူးစီးပွားရေးဇုန်တွင်လည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၀ ကျော်က ကုမ္ပဏီပေါင်း ၁၁၂ ခုကျော်တို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေရာ ဂျပန်နိုင်ငံက ကုမ္ပဏီပေါင်း ၅၀ ကျော်ဖြင့် ဦးဆောင်နေပြီး မလေးရှားနိုင်ငံက ကုမ္ပဏီသုံးခု ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည်။

၂၀၁၉ ခုနှစ် ပထမလေးလတာ နှောင်းပိုင်းကာလများကတည်းကပင် မလေးရှားသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရန် စီစဉ်လာခဲ့သည်။ မလေးရှား- မြန်မာ စီးပွားရေးကုန်သည်ကြီးများအသင်း (MMBC) သည် မလေးရှားနိုင်ငံ၏ ဝန်ကြီးဌာနများ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ မလေးရှားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရွေးချယ်မှုတစ်ရပ်ဖြစ်အောင် တက်ကြွစွာ အကောင်အထည်ဖော်ခဲ့သည်ဟု သိရသည်။ မလေးရှားနိုင်ငံအတွင်း MMBC ၏ တက်ကြွစွာဆောင်ရွက်မှုကြောင့် ဒေသတွင်းကုမ္ပဏီများ၊ စီးပွားရေးအဖွဲ့အစည်းများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေး စိတ်ဝင်တစား ရှိလာကြသည်ဟု မလေးရှားဒေသဆိုင်ရာ သတင်းများကဆိုသည်။ လက်ရှိကာလတွင် စက်မှုလုပ်ငန်းနယ်ပယ်အသီးသီးရှိမလေးရှားကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အခွင့်အလမ်းများနှင့် ချိတ်ဆက်မိရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြပြီးဟုလည်း ပြောဆိုနေကြသည်။ မလေးရှားသံအမတ်ကြီးကတော့ ယခုလို ဆိုသည်။ မလေးရှား - မြန်မာ ချိတ်ဆက်မှုအခမ်းအနားသည် အစပဲရှိသေးကြောင်း၊ နောက်ပိုင်းတွင် အခွင့်အလမ်းများစွာရှိနေသော ရွှေနိုင်ငံတွင် မလေးရှားနှင့် မြန်မာနိုင်ငံသားများအတွက် အဆင်ပြေလွယ်ကူ အပြန်အလှန် အကျိုးပြုဆောင်ရွက်နိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းများကို ပြောဆိုသွားခဲ့သည်။ ဤသို့ဖြင့် လာမည့်နှစ်များတွင် မလေးရှားက မြန်မာနိုင်ငံ၌ မည်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်လဲကို စောင့်ကြည့်လေ့လာအကဲဖြတ်သွားရတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



# ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုအလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ တောင်ကြီးတွင်ကျင်းပ

ထောပတ်အစုအဖွဲ့များ ရှင်သန်ရေး၊ ထောပတ်ကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဩဂုတ် ၂၂ ရက်တွင် တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် 'ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်နိုင်ရေး' အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ရှမ်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့များနှင့် ထောပတ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဟိုပုံးမြို့ကို ထောပတ်မြို့တော်အဖြစ် ဆောင်ရွက်ခဲ့၍ ထောပတ်ဇုန်အစ ဟိုပုံးမြို့နယ်(ကျောက်တန်း)က ဆိုရမည်ဖြစ်ကြောင်း ထောပတ်အစုအဖွဲ့များ၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုကြောင့် ယခုအချိန်တွင် ပြည်ပ ဈေးကွက်ဝင်ထောပတ်ကိုင်းဆက်မျိုးတူ ဧကအလိုက် စိုက်ဧကများလာပြီဖြစ်၍ ထောပတ်သီးထွက်ရှိလာမည့် အချိန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင် ထောပတ်အသင်း အတွင်းရေးမှူး ဦးမျိုးညွန့်၊ တောင်ကြီး ထောပတ်အစုအဖွဲ့ အဖွဲ့ဝင် ဒေါ်နန်းခမ်းရီ၊ မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးလင်းသန့်အောင်နှင့် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးတို့က ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ချိတ်ဆက် ဖော်ဆောင်နိုင်ရေး၊ နိုင်ငံခြားဈေးကွက် ရရှိနိုင်ရေး၊ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ထောပတ်သီးလှိုင်လှိုင်ထွက် ပေါ်သည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ထောပတ်သီးစား ပွဲတော်များ နေရာဒေသအလိုက်ကျင်းပသွားရန်၊ ထောပတ်တွင် ပိုး မွှားရောဂါများ စတင်ကျရောက်ပါက ထောပတ်အစုအဖွဲ့နှင့် သက်ဆိုင်ရာဌာနသို့ အချိန်မီ သတင်းပို့သွားကြရန်၊ ထောပတ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံထောပတ်အသင်းမှ ကြီးမှူး၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ထောပတ်သီးစိုက်ဧက၊ စိုက်ပျိုးသည့်မျိုး၊ ထုတ်လုပ်မှု အတိအကျရရှိရေး ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်သွားရန်၊ ထောပတ်သီးစားသုံးခြင်းကို ယဉ်ကျေးမှုတစ်ရပ်အဖြစ် ဆောင်ရွက်သွားခြင်းဖြင့် Tourism လုပ်ငန်းကိုလည်း အထောက်အကူပြုနိုင်သဖြင့် ထောပတ်သီးစားဖွယ်ရာများ ပြင်ဆင် ချက်ပြုတ်နည်းသင်တန်းကို နေရာဒေသအလိုက် ဆောင်ရွက်သွားကြရန်၊ ဒေသနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ဝင်ထောပတ်သီးမျိုး ကောင်းမျိုးသန့်များ စိုက်ပျိုးသွားကြရန်၊ အခြေခံပညာကျောင်းများတွင်အလျှုရှင်များ၏ အာဟာရဒါနကျွေးမွေးလှူဒါန်းမှုများနှင့် အလှူမင်္ဂလာပွဲများတွင် ထောပတ်သီးများကို စားသုံးခြင်းယဉ်ကျေးမှုထွန်းကားလာစေရေး ထောပတ်အစုအဖွဲ့များက ဆောင်ရွက်သွားကြရန်၊ ထောပတ်စိုက်ပျိုးထုတ်လုပ်မှု၊ ခူးဆွတ်မှု၊ သယ်ယူမှု ဈေးကွက်ချိတ်ဆက်ခြင်း နည်းပညာများကို စာအုပ်စာစောင်များဖြန့်ဝေခြင်း၊ သတင်း၊ မီဒီယာ၊ ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် အသိပညာပေးခြင်းများ ဆောင်ရွက်သွားကြရန်၊ ထောပတ်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားကြရန်၊ ထောပတ် အစုအဖွဲ့ဝင်များအနေဖြင့် GAP နှင့် GMP နည်းစဉ်များကို လိုက်နာ ကျင့်သုံးသွားပြီး လက်မှတ်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ထောပတ်စိုက်ပျိုးထွက်ရှိလာမည့် ပမာဏကိုတွက်ချက်ပြီး ထုပ်ပိုးစက်ရုံ( packing house)နှင့် အဆီထုတ်စက်ရုံများ တည်ဆောက် သွားကြရန်၊ မြန်မာ့ထောပတ်ကမ္ဘာ့ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အသင်းအဖွဲ့နှင့် သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည့် ဖော်ထုတ်ချက် ရလဒ် ၁၂ ခုကို အတည်ပြုချမှတ်နိုင်ခဲ့သည်။

**စောမောင် (တောင်ကြီး)**

# မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒုတိယအကြိမ် အထွေထွေ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ရှမ်းတောင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ထောပတ်သီးအသင်း ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင် စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် တောင်သူများကို မြန်မာ GAP Organic နှင့် သက်ဆိုင်သည့် အသိပညာပေးခြင်း၊ လက်မှတ်များထုတ်ပေးခြင်း၊ ပြည်နယ်အတွင်း မြေအမျိုးအစား အရည်အသွေးစမ်းသပ်မှုများ ဆောင်ရွက်ပေးခြင်း၊ သီးနှံများအတွက် ဓာတ်ခွဲခန်းများကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အဆင့်မြှင့်တင်၍ ဆောင်ရွက်ပေးနေမှုများနှင့် ဈေးကွက်သို့ ကောင်းစွာတင်ပို့နိုင်ရေးအတွက် လိုအပ်သည့်နည်းစနစ်များကို ကူညီဆောင်ရွက်လျက်ရှိကြောင်း ယခုလို အသင်းအဖွဲ့ဖြင့် စုပေါင်း လုပ်ဆောင်ခြင်းဖြင့် ရေရှည်မှာ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများ ရရှိလာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အသင်းမှတာဝန်ရှိသူများက အစီရင်ခံစာတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြခြင်း၊ အသင်းရေးရာကိစ္စများ၊ Logo ကိစ္စရပ်များကို ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း အတည်ပြုဆုံးဖြတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ တာဝန်ရှိသူမှ ကုမ္ပဏီမှတ်ပုံတင်အကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ (၂၀၀၁) | F | ၂၉၀ သိန်း | ၃.၀၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ်ရှပ်တဲလ် (၂၀၁၁) | M | ၂၇၀ သိန်း | |
| ၃။ | ဘယ်လ်တာ (၂၀၁၁) | G | ၂၀၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဒီမီယို (၂၀၁၀) | I | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ရက်တစ် (၂၀၀၉) | I | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အက်တီဂါ (၂၀၁၇) | P | ၂၄၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အာလ်ဖတ် (၂၀၀၃) | J | ၃၈၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပါဂျဲရိုး (၉၈) | F | ၁၆၅ သိန်း | ၂.၇ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဟွန်ဒါ စီအာဗီ (၂၀၀၂) | G | ၂၅၂ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၂၀၀ စ/ပေ | MB (1), BR (1) | ၁၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1), BR (1) | ၁၄၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | (ပ)ထပ်ပြင်ဆင်ပြီး | ၁၂ သိန်း | အဆင့်မြင့်ပြင်ဆင်ပြီး | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | မြေ | သန်လျင်မြို့နယ်၊ ဆေးလုံးကြီးကျေးရွာ | (၆၀ x ၁၃၀ ) ပေကျော် | မြေသီးသန့် | ၁၀၀ သိန်း | ကားလမ်းပေါက် လျှပ်စစ်မီးရရှိ | ၀၉/၅၁၅၄၉၄၄ |
| ၅။ | အိမ်/မြေ | ဒဂုံ(မြောက်)မြို့နယ်၊ (၄၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းသွယ် | (၄၀ x ၆၀ ) ပေ | မြေသီးသန့်၊ ခြံခတ် | ၇၅၀ သိန်း | လမ်းကောင်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၃ x ၅၀ )ပေ | အခန်းဖွဲ့(ပ)ထပ် | ၆၀၀ သိန်း | လမ်းမကြီးအနီး | ၀၉/၄၀၂၀၇၁၉၂၂ |
| ၇။ | မြေ | ဒဂုံ(တောင်)မြို့နယ်၊ (၁၀၇) ရပ်ကွက် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၃၅၀ သိန်း | ရပ်ကွက်ကောင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | ရပ်ကွက်ကောင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | (၆၀ x ၆၀)ပေ | မြေသီးသန့် | ၁၈၀ သိန်း | ရပ်ကွက်ကောင်း | ၀၉/၂၅၀၃၇၆၃၇၉ |

## မြန်မာ့ဆန်အရည်အသွေး စံချိန်စံညွှန်းနှင့် အကဲဖြတ်ရေး နည်းပညာသင်တန်းဖွင့်လှစ်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း ကျင်းပပြုလုပ်သော 'မြန်မာ့ဆန်အရည်အသွေး စံချိန်စံညွှန်းနှင့် အကဲဖြတ်ရေးနည်းပညာ'သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဝါးတန်းကုန်စည်ဒိုင်ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို တက်ရောက်၍ ဆန်စပါးစံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်ခဲ့မှုများအား ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်နှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ ဖိတ်ကြားထားသည့် ဧည့်သည်များ သင်တန်းဆရာများ၊ သင်တန်းသားများ စုစုပေါင်း ၈၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နှင်းနွယ် (YGN, DOCA)**

## နန်နင်းပြပွဲသို့ သွားရောက်ပြသမည့် လုပ်ငန်းရှင်များအတွက် Pre Trade Fair Participation for CAEXPO လုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ သွားရောက်ပြသမည့် လုပ်ငန်းရှင်များအား ကုန်စည်ပြပွဲများတွင် ထိရောက်စွာ ပါဝင်ပြသနိုင်ရေးအတွက် Pre Trade Fair Participation for CAEXPO အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့နှင့် စက်တင်ဘာ ၆ ရက်တွင် မန္တလေးမြို့တို့၌ GIZ ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြပွဲသို့ မသွားရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များ၊ ပြပွဲကာလပြသနေစဉ်အတွင်း လိုက်နာပြုမူနေထိုင်သင့်သည့် အချက်များနှင့် ပြပွဲပြသပြီးနောက် Follow up ဆောင်ရွက်ရမည့် အချက်တို့ကို အဓိကထား၍ လက်တွေ့စာတွေ့ အပြန်အလှန်ပုံစံဖြင့် ဆွေးနွေးတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဒုတိယထပ် အစည်းအဝေးခန်းမနှင့် စက်တင်ဘာ ၆ ရက်တွင် မန္တလေးမြို့၊ Marvel Hotel ၌ လည်းကောင်း အသီးသီး ကျင်းပခဲ့ရာ ဆွေးနွေးပွဲတစ်ခုလျှင် စုစုပေါင်းကိုယ်စားလှယ် ၂၅ ဦးစီ တက်ရောက်ခဲ့ကြသည်။

**မြတ်မြတ်စိုးမိုး (MYANTRADE)**

## စိုက်ပျိုးရေးသုံးပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေသြဇာ ကိုင်တွယ်အသုံးပြုခြင်းသင်တန်း ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) (CTQM) ၌ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေသြဇာကိုင်တွယ်အသုံးပြုခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ ဘုရင့်နောင် ကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌဦးခင်ဟန်၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းဆိုင် နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းအကြံပေး ဦးစိုးဝင်းမောင်တို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးသုံးပိုးသတ်ဆေး ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ စစ်ဆေးရာတွင် အရေးပါသော ကုန်ညွှန်းအမှတ်အသား၊ အမှတ်တံဆိပ်၊ ကုတ်နံပါတ် စသည်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကောင်းမွန်သောစိုက်ပျိုးရေးကျင့်စဉ် (GAP) အသိအမှတ်ပြုလက်မှတ်များအကြောင်း၊ သိုလှောင်သီးနှံဖျက်ပိုးများနှင့် ပိုးသတ်ဆေးများအကြောင်း၊ ပိုးသတ်ဆေးဥပဒေ၊ ဓာတ်မြေသြဇာဥပဒေများ အကြောင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်း ကျင်ပညာရှင်များ၊ CTQM မှ ပညာရှင်များက စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဆွေးနွေးပို့ချခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှ သင်တန်း သား/သင်တန်းသူ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲက ဦးဆောင်၍ ပြည်သူလူထုအပေါ် ဆင့်ပွားသင်တန်းများပြုလုပ်၍ အသိပညာပေးဟောပြောနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းဖြစ်သည်။

**မောင်မောင် - CTQM**

## ငါးနှင့် ပုစွန်မှ ထုတ်လုပ်သော ထုတ်ကုန်များ အရည်အသွေးအာမခံစနစ် ထူထောင်ခြင်း ဆွေးနွေး

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရွှေဝါ ထွန်းဟိုတယ်တွင် စက်တင်ဘာ ၃ ရက်က ကျင်းပသော မြန်မာနိုင်ငံ ငါးနှင့် ပုစွန်မှ ထုတ်လုပ်သော ထုတ်ကုန်များ အရည်အသွေးအာမခံစနစ်ထူထောင်ခြင်း အစီအစဉ်ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် အများဆုံး ထွက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ကို ရွေးချယ်ထားပြီး တိုင်းဒေသကြီးတစ်ခုတွင် ကဏ္ဍခြောက်ခု ရွေးချယ်ထားကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးလေးချဉ်၊ ငါးပိရည်ကျို၊ စိမ်းစားငါးပိ၊ ငါးရံ့ခြောက် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် စားသုံး သူအန္တရာယ်ကင်းရှင်းရေး၊ ဈေးကွက်ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့က ငါးချဉ်၊ ငါးပိ၊ ငါးခြောက်များ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သင့်သောကိစ္စများ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းစာသားကို မြန်မာစာဖြင့် ဖော်ပြသွားရန် ဆွေးနွေးပြီးဆွေးနွေးပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**DOCA (ပဲခူး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း**-၀၁ ၂၅၄၀၂၄ **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်**- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## ခုနစ်ရက် သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၉-၉-၂၀၁၉ မှ ၁၅-၉-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် ထင်သလောက် အရောင်းအားနည်းနေတတ်သည်။ ဝင်ငွေထွက်ငွေ မမျှ ရှိနေမည်။ လုပ်ငန်းခွင်တွင် စိတ်တိုင်းမကျရှိလိမ့်မည်။ စားသောက်ကုန်လုပ်ငန်းအကျိုးပြုပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်အခက်အခဲများရှိသော်လည်း ညှိနှိုင်းယူရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်အစာမကြေခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ ဆီထမင်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** ရေထွက်လုပ်ငန်းများနှင့်ပတ်သက်ပြီး အောင်မြင်မှုများရရှိမည်။ ရေထွက်တိရစ္ဆာန်ပစ္စည်း၊ ငါးပိ၊ ငါးခြောက်၊ ငန်ပြာရည်စသောလုပ်ငန်း၊ ပွဲရုံလုပ်ငန်းများ အကျိုးဖြစ်ထွန်းပါလိမ့်မည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ချွဲသလိပ်များသောဝေဒနာခံစားရမှုရှိတတ်ပါသည်။
**ယတြာ။ အုန်းနို့ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများကိုစိတ်ကူးအကောင်အထည်ဖော်ဖြစ်လိမ့်မည်။ အထည်ချုပ်လုပ်ငန်းအောင်မြင်မည်။ လက်အောက်ငယ်သား၊ တပည့်များစွာဖြင့် လုပ်သောအလုပ်အောင်မြင်မည်။ ပညာရေးကောင်းနေမည်။ ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် ပင်ပန်းမောဟိုက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။
**ယတြာ။ အလင်းတိုင်ဓာတ်မီးလှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အကျိုးတူလုပ်ကိုင်နေသော ပုဂ္ဂိုလ်များ၊ စီးပွားရေးသမားများ၏ အကြံဉာဏ်ကောင်းများကြောင့် လုပ်ကိုင်သောလုပ်ငန်းတိုးတက်အောင်မြင်မည်။ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရော်ဘာနှင့်ရော်ဘာပစ္စည်းများ၊ အမိုးအကာအခင်းနှင့် မိုးရေကာပစ္စည်းများရောင်းချလုပ်ကိုင်ပါက အောင်မြင်အကျိုးရှိမည်။ ပညာရေးကောင်းသည် ဥပဒေပညာထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် အစာမကြေခြင်း၊ ခေါင်းမူးခြင်း၊ ပျို့အန်ခြင်းများဖြစ်တတ်ပါသည်။ **ယတြာ။ ဥပုသ်နေ့တွင်ဘုရားတစ်ဆူဆူသွား၍လာသမျှ ပရိသတ်တို့အား အချိုရည်ဒါနပြုပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးဆောင်ရွက်ရာတွင် ပေါင်းသင်းဆက်ဆံရေးနှင့် စည်းရုံးမှုအဓိကကျကြောင်း၊ သိရှိနားလည်သဘောပေါက်လာမည်။ အမြတ်များသောလုပ်ငန်းများလုပ်ကိုင်ရတတ်သည်။ မြေတွင်းထွက်ပစ္စည်းများအကျိုးပေးမည်။ ပညာရေးကံကောင်းနေသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင်စီးပွားအတူလုပ်ဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါဖြစ်တတ်သည်။
**ယတြာ။ ဘုရားတွင် မုန့်လုံးရေပေါ် ကိုးလုံးကပ်လှူ၍ လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဓာတုဗေဒပစ္စည်းများ၊ ဘယဆေးပစ္စည်းများအကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင်ရိုးသားစွာလုပ်ကိုင်ဆောင်ရွက်နေတတ်သည်။ ရာထူးတိုးတက်ပြောင်းရွှေ့ရှိတတ်သည်။ ပညာဉာဏ်ကောင်းသဖြင့် အောင်မြင်မှုများရရှိနေမည်။ အချစ်ရေးတွင်ချစ်သူမရှိလျှင် ချစ်သူတွေ့မည့်ကာလဖြစ်သည်။ မိမိထက်အသက်ကြီးနေတတ်သည်။ ကျန်းမာရေး နားအူခြင်း၊ နားကိုက်ခြင်း၊ နားလေထွက်ခြင်း ရာသီဥတုအပြောင်းအလဲတွင်ဖြစ်တတ်သောအဖျားအနာရောဂါတို့ကို ဂရုစိုက်သင့်ပါသည်။ **ယတြာ။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်တို့ဆောက်လှူသောနေရာတွင် သဲလှူ၍လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** အကျိုးဆောင်လုပ်ငန်းများ၊ ငွေကြေးလဲလှယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းများအကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိမည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ဒဏ်ရာမှရသော အနာဂရုစိုက်သင့်ပါသည်။ ရောဂါကြီးတတ်သည်။
**ယတြာ။ ထန်းပင်ကို အနောက်တောင် ထောင့်တွင်စိုက်ပါ။**

## ဥရောပသို့ ရေထွက်ကုန်တင်ပို့ခွင့် ရလာသည့် စက်ရုံ ၂၅ ရုံအထိ ရှိလာ

ဥရောပနိုင်ငံများသို့ အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရေထွက်ကုန်ပစ္စည်း တင်ပို့ခွင့်ရလာသည့် စက်ရုံပေါင်း ၂၅ ရုံအထိ ရှိလာပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“တင်ပို့ခွင့်ရရှိပြီး ခြောက်လကျော်ကြာတဲ့အထိ တင်ပို့ရေးအပိုင်းတွေမလုပ်ရင် ထုတ်ပယ်ခံရမှာ ဖြစ်တယ်။ ဇွန်လအထဲထိ တင်ပို့ခွင့်ရတဲ့ စက်ရုံ ၂၃ ရုံပဲ ရှိတာ။ အခု ရန်ကုန်နဲ့ ရခိုင်ပြည်နယ်သံတွဲမှာရှိတဲ့ စက်ရုံနှစ်ရုံထပ်တိုးလာတာ ဖြစ်တယ်” ဟု စက်တင်ဘာ ၃ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာန ပြည်ပပို့ကုန် အရည်အသွေးစစ်ဆေးရေးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

အဆိုပါ ဥရောပနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်များ တင်ပို့ရန် ဈေးကွက်ရှိနေသော်လည်း အရည်အသွေးနှင့် ကိုက်ညီအောင် ထုတ်လုပ်သည့် စက်ရုံနည်းပါးခြင်း၊ လိုအပ်ချက်နှင့်အမီ ထုတ်လုပ်နိုင်မှု အားနည်းနေသည့် အခက်အခဲများ ရှိနေကြောင်း သိရသည်။

“သူတို့လိုချင်တာ တီလားပီးယား၊ ဘနားမီးတို့ဆိုပေမယ့် ဒီက မတင်ပို့နိုင်သေးဘူး။ သူတို့ လိုချင်တဲ့ ကုန်စည်ဆိုရင် ရအောင်မွေးမြူထုတ်လုပ်ပေးနိုင်မှ လုပ်ငန်းတွေ တိုးတက်လာမှာပါ။ လိုအပ်ချက်နဲ့ လျော်ညီတဲ့ ရေထွက်ကုန်အများကြီး မပို့နိုင်သေးဘူး”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

လက်ရှိတွင် EU နိုင်ငံများကို မွေးမြူရေး ငါး/ ပုစွန်များ တင်ပို့ခွင့်ရရှိနေသော်လည်း မြန်မာနိုင်ငံတွင်ရှိသည့် ငါး၊ ပုစွန် မွေးမြူသူများအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေး၊ ၎င်းတို့ လိုလားသည့် မွေးမြူရေးထွက်ကုန် ဖြစ်စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက်လည်း အရေးကြီးသည့်အတွက် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေး ကျင့်စဉ်စနစ်ကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

ယခု ဘဏ္ဍာနှစ်အတွင်း EU နိုင်ငံများသို့မြန်မာ့ရေထွက်ပို့ကုန် တန်ချိန် ၁၀၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်သာရရှိထားကြောင်း သိရသည်။ မြန်မာ့ရေထွက်ကုန်များကို ၂၀၁၈ ခုနှစ်မှစ၍ စတင် တင်ပို့ခဲ့ခြင်းဖြစ်ပြီး တရုတ်၊ ထိုင်း၊ ဆော်ဒီ၊ ဂျပန်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကာ ပြည်ပ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် ငါးအမျိုးအစားပေါင်း ၂၀ ကျော်ကို တင်ပို့လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

## ကန်ဒေါ်လာ သန်း ၂၀၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော်ကို လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံခွင့်ပြု

လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခွင့် ပြုလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

စက်တင်ဘာ ၅ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“အခုက လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ တစ်ရာခိုင်နှုန်းတောင် မရှိဘူးဆိုတော့ နည်းတယ် ပြောရမှာပေါ့။ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု လက်ရှိရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကို တိုးမြှင့်ဖို့ စဉ်းစားတဲ့အခါမှာ လယ်ယာကဏ္ဍနဲ့ စက်မှုကဏ္ဍနှစ်ခုကို ချိတ်ဆက်ပြီး တိုးတက်အောင် လုပ်သွားရမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိခွင့်ပြုလိုက်သည့်လုပ်ငန်းများမှာ လယ်ယာကဏ္ဍ မှ လုပ်ငန်းတစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်းနှစ်ခုနှင့် အိမ်ရာ အဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍမှ လုပ်ငန်းသုံးခု စုစုပေါင်း လုပ်ငန်းခြောက်ခုဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၇၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယင်းသို့ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာခြင်းဖြင့် ပြည်တွင်းရှိ တောင်သူများ စိုက်ပျိုးရေး နည်းစနစ်များ ကျန်ရှိနိုင်ခြင်း၊ တိုင်းပြည်ဝင်ငွေတွင် စိုက်ပျိုးရေးကဏ္ဍတို့မှ ဝင်ငွေတိုးတက်လာခြင်းတို့ကြောင့် အောင်မြင်သည့် စိုက်ပျိုးရေး နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်ဟု ဆိုသည်။ ယခုအချိန်၌ စိုက်ပျိုးရေး ကဏ္ဍသည် ပြည်တွင်း အသားတင် ထုတ်ကုန်တန်ဖိုး GDP ၏ ၃၂ ရာခိုင်နှုန်းရှိပြီး ပြည်ပပို့ကုန်ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းသာရှိကြောင်း ၎င်းက ပြောသည်။

မြန်မာ့လယ်ယာကဏ္ဍတွင် လက်ရှိ တရုတ်၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ ပြင်သစ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့က ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ နိုင်ငံပေါင်း ၅၀ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခု တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၇၇၉ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၂၄၉ ဒသမ ၁၉၃ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးထားပြီး ရင်းနှီးမြှုပ်နှံ မှု အများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

## ဩဂုတ်လတွင် ရော်ဘာတန်ချိန် ခြောက်ထောင်ကျော်တင်ပို့



မြန်မာ-တရုတ် နယ်စပ်နှင့်မြန်မာ-ထိုင်းစပ်ရှိကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၂၄ ရက်မှ ၃၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဒသမ ၂၇၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၉၆၀ ကျော် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၈၁၀ ကျော်နှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber Latex 60% DRC အမျိုးအစား တန်ချိန် ၁၅၀ တင်ပို့ခဲ့သည်။ ဩဂုတ်လအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုံးဒသမ ၁၈၂ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၇၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၈၀၀ ကျော် လျော့နည်းခဲ့သည်။ ယခုလတွင် မြန်မာ-တရုတ် နယ်စပ်မှ ကုန်သွယ်မှု လျော့ကျခဲ့သောကြောင့်ဖြစ်သည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၉၀၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်တွင် ရေကြောင်းမှ တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ပြီး တရုတ်နိုင်ငံသို့ Synthetic ရော်ဘာ အမျိုးအစား တန်ချိန် ၅၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား တန်ချိန် ၂၀၀ ကျော်တင်ပို့ ခဲ့ ကြောင်း သိရသည်။ ယခုလတွင် ရေကြောင်းမှ အမေရိကန်ဒေါ်လာ ငါးဒသမ ၇၈၄ သန်းတန်ဖိုးရှိရော်ဘာတန်ချိန် ၄၀၈၀ နီးပါးတင်ပို့တင်ပို့ခဲ့ပြီး ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၀၀၀ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**


# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၅) မှ သင်တန်းသား၊ သင်တန်းသူတို့၏ စကားသံများ

သိန်းမြင့်ဝေ

ကုန်သွယ်မှုသင်တန်းကျောင်းကို ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံး၌ ဖွင့်လှစ်ထားသည်။ အဓိကအားဖြင့် လက်တွေ့လုပ်ကိုင်ကြမည့် ပို့ကုန်လုပ်ငန်းရှင်နှင့် သွင်းကုန်လုပ်ငန်းရှင်များကို လေ့ကျင့်ပေးရန် ရည်ရွယ်ပါသည်။ ပို့ကုန်သွင်းကုန် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော လုပ်ငန်းရှင်နှင့် ကုမ္ပဏီဝန်ထမ်းများ၊ စီးပွားရေး လုပ်ငန်းတစ်ခုခု စတင်လုပ်ကိုင်ရန် Line of Business ရွေးချယ်နေသူများ၊ လက်ရှိမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုသူများ၊ မြန်မာ့ ကုန်သွယ်ရေးနှင့် စီးပွားရေးကို လက်တွေ့ကျကျ နားလည်လေ့လာလိုသူများ၊ စီးပွားရေးအချိတ်အဆက် (Business contact) ရရှိလိုသူများ တက်ရောက်သင့်သော သင်တန်းတစ်ခု ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (International Trade Basic Course) ကို ရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ ရုံးဖွင့်ရက်ဖြစ်သော တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိလည်းကောင်း လေးလ ကြာသင်ကြား ပို့ချလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၅) ကို ၂၀၁၉ ခုနှစ် ဧပြီ ၂၇ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းတက်ရောက် အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူအချို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

## a':Zifmxe;



ကုန်သွယ်မှုသင်တန်းကျောင်း TTI Weekend Batch (5) တွင် ပညာသင်ယူစဉ် ကာလတစ်လျှောက်လုံး မျှော်လင့်ထားသည်ထက် ပိုမိုထိရောက်မှုရှိပြီး Apply ဖြစ်တဲ့ International Trading, Banking, Networking, Logistics ဆိုင်ရာ အကြောင်းအရာတွေကို သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက လာရောက်ပို့ချပေးပါတယ်။ ဆရာတွေရဲ့ စေတနာပြည့်ဝသော၊ ကျွမ်းကျင်မှုရှိသော၊ လက်တွေ့ဆောင်ရွက်နေရသော Experience များကို ပြည့်ဝစွာသင်ကြားပေးတဲ့အတွက်ကြောင့် သင်တန်းချိန်တိုင်း တန်ဖိုးရှိလှတယ်။ မိမိနိုင်ငံရဲ့ Trade အနေအထားကို Up to Date သိရှိနိုင်ပြီး Myanmar's Trade Opportunity ကို ဖန်တီးဆောင်ရွက်ရယူနိုင်ဖို့ တွန်းအားပေးသလို ဖြည့်ဆည်းပေးတဲ့အတွက် မရှိမဖြစ်သင်တန်းတစ်ခုပင် ဖြစ်ပါတယ်။

Trade နှင့် မခွဲဆက်စပ်နေသော Investment, Taxation, Law, Marketing and Production, Educastion Social Net Working, Insurance စသည်တို့ကို တစ်နေရာတည်းမှာ သင်ယူခွင့်ရတဲ့အတွက် အကျိုးများလှတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။

## a':,rifjatmif



ဒီသင်တန်းလေးကို မတက်ရောက်ခင်က ကုန်သွယ်မှုဆိုင်ရာတွေနဲ့ ပတ်သက်ပြီး လုပ်သာလုပ်နေရတယ် တကယ့်အခြေခံကျတဲ့ သိသင့်သိထိုက်တာတွေကို တိတိကျကျ သေသေချာချာ မသိဘူး။ ကိုယ့်ရဲ့ Senior တွေကိုတောင် မေးလို့မသိနိုင်တဲ့ ကုန်သွယ်မှုဆိုင်ရာနဲ့ ပတ်သက်တဲ့ တကယ့်အခြေခံကျတဲ့၊ တကယ်လိုအပ်တဲ့ အကြောင်းအရာတွေချည်းပဲ ဒီသင်တန်းလေးကနေ ရခဲ့တယ်။ ဒီသင်တန်းမှာဆိုရင် Trade Payment Methods 5 မျိုးရှိကြောင်း၊ Methods တစ်ခုချင်းစီရဲ့ အသုံးပြုပုံ၊ အသုံးဝင်ပုံ အားသာချက်၊ အားနည်းချက်တွေကို သေသေချာချာ တိတိကျကျ မှတ်သားသင်ယူခွင့်ရခဲ့တယ်။ ကျွန်မအနေနဲ့ Incoterms အမျိုးမျိုးကို သုံးဖူးတယ်ဆိုပေမယ့်လည်း Incoterms (2010) ၁၁ မျိုးမှာ FOB/CIF/CFR/FAS တို့ကို Sea and Inland Waterway Trasnport အတွက်သုံးပြီး ကျန်တဲ့ Incoterms ခုနစ်မျိုးကိုတော့ Any mode or modes of Transport အတွက် သုံးနိုင်တယ်ဆိုတာကို ဒီသင်တန်းတက်ပြီးမှ သိခွင့်ရခဲ့ပါတယ်။ Incoterms တစ်ခုချင်းစီရဲ့ Seller နဲ့ Buyer ကြား တာဝန်ယူမှု အပိုင်းလေးတွေကိုလည်း သေသေချာချာ လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ အခွန်နဲ့ပတ်သက်ပြီးတော့လည်း ဝင်ငွေခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်တွေကို သေသေချာချာသိခွင့်ရခဲ့ပါတယ်။

Stock ဈေးကွက်နဲ့ ပတ်သက်လို့ အရင်က ဘာမှမသိခဲ့ရိုးအမှန်ပါ။ အခုဒီသင်တန်းရဲ့ ကျေးဇူးကြောင့် Securities Business License ရထားတဲ့ Securities Co., ၆ ခုရှိကြောင်း၊ Stock Share တွေဝယ်ချင်ရင် ဘယ်ကနေစပြီး လုပ်ရမယ်ဆိုတာတွေ၊ Market Order/ Limit Order/ Price Priority System/ Time Priority System ရဲ့ အကျိုးသက်ရောက်ပုံ၊ အသုံးပြုပုံ အကြောင်းတွေကို ဗဟုသုတအနေနဲ့ လေ့လာခွင့်ရခဲ့တာ သိပ်ကိုအကျိုးရှိလှပါတယ်။

## OD;ifol& 'g½dkufwm(xufrifjatmif ukÜDVd;wuf)



ကုန်သွယ်မှု စီးပွားရေးနယ်ပယ်အတွင်း လုပ်ကိုင်နေကြသော လုပ်ငန်းရှင်တွေနဲ့ ဝန်ထမ်းများဖြစ်စေ၊ ကုန်သွယ်မှုနှင့် တိုက်ရိုက်ထိစပ်မှုမရှိသော လုပ်ငန်းများကို လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များနဲ့ ဝန်ထမ်းများဖြစ်စေ ကုန်သွယ်မှုလုပ်ငန်းများကို လေ့လာချင်သူများအတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ပုံမှန်ဖွင့်လှစ်သင်ကြားပေးနေသော Trade Training Institute (TTI) သင်တန်းသည် အလွန်ပြီးပြည့်စုံပြီး ကောင်းမွန်သော သင်တန်းတစ်ခု ဖြစ်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းနယ်ပယ်အတွင်း လုပ်ကိုင်နေကြသူတွေအနေနဲ့ မိမိလုပ်ကိုင်နေသော လုပ်ငန်းဆောင်တာများကို စနစ်ကျစွာသိရှိနားလည်သွားပြီး မိမိအလုပ်အပေါ်တွင် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးမြင့်လာနိုင်မည် ဖြစ်ပါတယ်။

TTI သင်တန်းကို တက်ရောက်လိုက်ခြင်းအားဖြင့် မိမိနိုင်ငံရဲ့ ကုန်သွယ်မှုလုပ်ငန်းဆောင်တာများကို စနစ်တကျ လေ့လာသိရှိနိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ ဆိပ်ကမ်းများ၊ ကုန်စည်ဒိုင်များသို့ သွားရောက် လေ့လာနိုင်ခြင်း၊ ကုန်သွယ်မှုနယ်ပယ်မှ အသိမိတ်ဆွေများ တိုးပွားလာနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများကို ရှိစေနိုင်ပါတယ်။ ထို့အတွက် ကုန်သွယ်မှုကို ကျွမ်းကျင်သူဖြစ်အောင် လေ့လာလိုသူများအတွက် သာမက ကုန်သွယ်မှုဗဟုသုတရရှိစေဖို့ အခြေခံမှစတင်လေ့လာလိုသူများအတွက်ပါ သင့်တော်သော သင်တန်းတစ်ခုဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

## O;DP;ÜOtmif



TTI တက်ရောက်ခဲ့ရတာဟာ မျှော်မှန်းထားတာထက် များစွာ အကျိုးရှိခဲ့ပါတယ်။ နိုင်ငံတကာ ကုန်သွယ်ရေးနည်းစနစ်တွေနဲ့ လက်ရှိ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းတွေကို သိရှိဖို့သာ တက်ရောက်ခဲ့သော်လည်း လက်တွေ့တွင် ထောင့်စေ့ကွက်စေ့ ဘက်ပေါင်းစုံက လိုအပ်သည်များကို သင်ယူလေ့လာခွင့်ရရှိခဲ့ပါတယ်။ ဆေးနဲ့ ဆေးဝါးပစ္စည်းများအပြင် အခြားလိုအပ်သည့်ပစ္စည်းတွေကို ဝယ်ယူ တင်သွင်းရာတွင် လုပ်ဆောင်ရမယ့် လုပ်ထုံးလုပ်ငန်းကိစ္စရပ်များကိုလည်း လေ့လာ ခွင့်ရခဲ့ပါတယ်။ နိုင်ငံတကာ ငွေပေးချေမှု နည်းလမ်းနဲ့ ဘဏ်များတွေရဲ့ အခန်းကဏ္ဍတို့ကို ယခင်လေ့လာသိရှိထားသည်ထက် ပိုမိုကျယ်ပြန့်စွာ သိရှိခဲ့ရပါတယ်။ Market research နှင့် Market intelligence တို့၏ အရေးပါပုံနဲ့ တန်ဖိုးရှိပုံတို့ကို ပိုမိုသိခဲ့ရပါတယ်။ Incoterms အကြောင်း အသေးစိတ်လေ့လာခွင့်ရခဲ့သလို အာမခံလုပ်ငန်း (Insurance) ရဲ့ သဘောသဘာဝနှင့် လုပ်ငန်းဆောင်တာများကိုလည်း သိရှိခဲ့ရသည်။ အခွန်စီးကြပ်ခြင်း (Taxation) ရဲ့ သဘောသဘာဝနဲ့ အထူးကုန်စည်၊ ဝင်ငွေခွန်စတဲ့ အသေးစိတ် လေ့လာခွင့်ရခဲ့တာဟာ များစွာ တန်ဖိုးရှိလှပါတယ်။ သက်ဆိုင်ရာ အစိုးရဌာနအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ သံရုံးများမှ ကုန်သွယ်ရေး စီးပွားရေးပညာရှင်များ၊ ပြင်ပကုမ္ပဏီများမှ အတတ်ပညာရှင်၊ အသိပညာရှင်များက သင်တန်းကာလ လေးလအတွင်း များစွာ ပို့ချပေးခဲ့ကြပါတယ်။

## a':cifmpk;



ဆရာဦးသိန်းမြင့်ဝေရဲ့ Seminar တစ်ခုကနေ TTI သင်တန်းအကြောင်းကို စသိခဲ့တာပါ။ ဆရာပြောကတည်းက အရမ်းစိတ်ဝင်စားခဲ့ပါတယ်။ မိဘတွေက နယ်မှာ ကုန်သွယ်ရေးလုပ်တာဆိုတော့ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး အရမ်းသိချင်နေတာပါ။ ဒီသင်တန်းလေး တက်လိုက်တော့ မျက်စိပွင့်နားပွင့်ဖြစ်သွားပြီး နယ်ကနေ နိုင်ငံတကာထိ ကုန်သွယ်ရေးလုပ်လို့ရပါလားဆိုတာ သိခဲ့ရပါတယ်။ နိုင်ငံတကာနဲ့ ကုန်သွယ်ရေးလုပ်ရင် ကုန်ပစ္စည်းတွေကို ဘယ်လိုနည်းနဲ့တင်ပို့ရတယ်၊ တင်သွင်းရတယ်၊ ငွေပေးချေရင် ဘယ်လိုပေးချေရမယ်၊ အခွန်တွေ ဘယ်လိုဆောင်ရတယ် စသည်ဖြင့် လေ့လာခဲ့ရပါတယ်။ စာတွေ့တင်မဟုတ်ဘဲ လက်တွေ့အနေနဲ့ SEZ၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မြဝတီ ကုန်သွယ်ရေးဇုန်တို့လိုနေရာတွေပါ လေ့လာခဲ့ရတော့ လုပ်ငန်းရှင်တွေနဲ့ တိုက်ရိုက်စကားပြောခွင့်ရပြီး အဆက်အသွယ်တွေလည်း ရခဲ့ပါတယ်။ ဒ့ါအပြင် တန်ဖိုးဖြတ်မရတဲ့ အပေါင်းအသင်းမိတ်ဆွေ သူငယ်ချင်းတွေလည်း အများကြီးရခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေလည်း အများကြီး မြင်လာမိပါတယ်။

ကျွန်မတို့လို နယ်ကလာတဲ့သူတွေအတွက်တော့ ဒီသင်တန်းလေးက တန်ဖိုးဖြတ်မရပါဘူးရှင်။ ကျွန်မရဲ့ စိတ်ကူးဖြစ်တဲ့ မိဘလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် လုပ်ဖို့အတွက် ဒီသင်တန်းလေးကရတဲ့ ဗဟုသုတတွေက များစွာအထောက်အကူဖြစ်စေပါတယ်။ ကျွန်မတတ်ခဲ့တဲ့ TTI Weekend Batch - 5 က မိတ်ဆွေသူငယ်ချင်းတွေ၊ ဘာသာရပ်ပေါင်းစုံက ဆရာ၊ ဆရာမတွေကို အမြဲသတိရ ကျေးဇူးတင်နေမိပါတယ်။ မိတ်ဆွေအပေါင်း အသင်းသူငယ်ချင်းတွေလည်း တကယ်အကျိုးကျေးဇူးရှိပြီး တန်ဖိုးဖြတ်မရတဲ့ ဗဟုသုတတွေရမယ့် ဒီသင်တန်းလေးကို တက်ရောက်ဖို့ အကြံပေးချင်ပါတယ်။

# ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများပြားလာစေရန် ဂျပန်ကူညီမည်




ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ များပြားလာစေရန်အတွက် ဂျပန်နိုင်ငံက အကူအညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

ထိုကဲ့သို့ ကူညီပေးရန်အတွက် စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည့် YSX Expo 2019 ပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်ဖို့အတွက် မြန်မာအစိုးရနဲ့ ဂျပန်ဘက်က ပူးပေါင်းပြီးတော့ လုပ်သွားမှာပါ။ မြန်မာကုမ္ပဏီတချို့ကိုလည်း စာရင်းဝင်ကုမ္ပဏီဖြစ်အောင် အကြံဉာဏ်ပေးမှုတွေ လုပ်နေပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama က ပြောသည်။

ယင်းကဲ့သို့ စာရင်းဝင်ကုမ္ပဏီများ များလာရန်အတွက် လတ်တလောတွင် မလွယ်ကူသေးသော်လည်း စနစ်တကျ အချိန်ယူ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရသည်။

ပြည်တွင်းရှိစတော့ဈေးကွက် ကောင်းလာရန်အတွက် စာရင်းဝင်ကုမ္ပဏီများ ပိုမိုများပြားလာရန် လိုအပ်ကြောင်း၊ သို့ရာတွင် အများပိုင်ကုမ္ပဏီများ ရန်ကုန်စတော့အိတ်ချိန်းကို ဝင်ရောက်ရန်နှင့် အများက လေးစားယုံကြည်ထားသည့် ကုမ္ပဏီများအနေဖြင့်လည်း အများပိုင်အဖြစ်ပြောင်းလဲရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောသည်။

"အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီအဖြစ်ပါဝင် ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့လိုအပ်တဲ့အရင်းအနှီးများ စုဆောင်းရှာဖွေနိုင်မယ်။ အောင်မြင်မှုရရှိနေတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေအနေနဲ့လည်း အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် အသွင်ပြောင်းပြီး အရင်းအနှီးရှာဖွေဖို့ စတော့အိတ်ချိန်းကို သုံးနိုင်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

လက်ရှိတွင် ပြည်တွင်းရှိ စတော့အိတ်ချိန်းဈေးကွက် ဖွံ့ဖြိုးလာရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းနှင့်အတူ ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ဘဏ္ဍာရေးဝန်ဆောင်မှုကြီးကြပ်ရေးအဖွဲ့ရ ဂျပန်စတော့အိတ်ချိန်းတို့မှ ကျွမ်းကျင်သူများမှ ကူညီလုပ်ဆောင်ပေးနေကြောင်း သိရသည်။ **ချောစု**

# ကုန်သည်စက်မှုအသင်းချုပ် ရာပြည့်အထိမ်းအမှတ် ကုန်စည်ပြပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ တိုက်ရိုက်ရရှိနိုင်မည့် UMFCCI Centennial International Expo 2019 အတွက် အကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်လုပ်ကိုင်နိုင်စေရေး၊ နိုင်ငံတကာဈေးကွက်သို့မြန်မာ့ထုတ်ကုန်ပစ္စည်းများ ထိုးဖောက်ဝင်ရောက် ရောင်းချနိုင်စေရေး၊ ပြည်ပမှ အရည်သွေးမြင့် သွင်းကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာနိုင်ရေးရည်ရွယ်ပြီး UMFCCI Centennial International Expo 2019 ပြပွဲကြီးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကြီးက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေက ဒေသထုတ်ကုန်များကို နိုင်ငံတွင်းကနေ တစ်ဆင့် ကမ္ဘာကသိအောင် ချပြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာက စီးပွားရေးမိတ်ဖက်တွေနဲ့ အတူတကွ ပူးပေါင်းပြီး နိုင်ငံ့အကျိုးစီးပွားတိုးတက်ဖို့ ပါဝင်ဆောင်ရွက်သွားကြမှာပါ"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ဆိုသည်။

ပြပွဲအတွင်း ဂျာမနီ၊ နယ်သာလန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ မော်တော်ယာဉ်များ၊ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းများနှင့် အဝတ်အထည်များ၊ လက်ဝတ်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတို့ ပါဝင်ပြသမည်ဖြစ်ပြီး ဆွေးနွေးပွဲအစီအစဉ်များကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

UMFCCI ရာပြည့်အထိမ်းအမှတ်အဖြစ် UMFCCI Centennial International Expo 2019 ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza (Myanmar Expo) တွင် ကျင်းပသွားမည်ဖြစ်သည်။

**သန်းထိုက်အောင်**




# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းစေရေး မော်တော်ယာဉ်ရောင်ပြန်ပြား တပ်ဆင်ခြင်း ဆောင်ရွက်ပေးနေ

အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်သွားလာနေသော ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ထော်လာဂျီယာဉ်များကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစေရေးအတွက် မော်တော်ယာဉ်ရောင်ပြန်ပြား တပ်ဆင်ခြင်းလုပ်ငန်းကို သတ်မှတ်နှုန်းထားဖြင့် စက်တင်ဘာလမှစတင်ကာ ဆောင်ရွက်ပေးနေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မော်တော်ယာဉ်တွင်ရောင်ပြန်ပြား တပ်ဆင်မှုမရှိခြင်း၊ တပ်ဆင်ထားသော်လည်း အရည်အသွေးမပြည့်မီသည့် ရောင်ပြန်ပြားမဟုတ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety)ကို ထိခိုက်စေနိုင်ကြောင်း၊ မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားများ တပ်ဆင်အသုံးပြုခြင်းဖြင့် လမ်းအန္တရာယ်ကင်းရှင်းရေး အထောက်အကူပြုနိုင်မည့်အပြင် ယာဉ်သုံးစွဲသူ၊ လမ်းအသုံးပြုသူများအတွက်ပါ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီရောင်ပြန်ပြားတွေကို မကပ်ဘူးဆိုရင်တော့ မော်တော်ယာဉ်နည်းဥပဒေ အရအရေးယူမှာ ဖြစ်ပါတယ်။ ဒါက တပ်ကို တပ်ဆင်ရမှာဖြစ်တယ်။ ယာဉ်ပိုင်ရှင်အနေနဲ့ ဒါကိုတပ်ဆင်ထားမယ်ဆိုရင် ယာဉ်အန္တရာယ်ကိုကြိုတင်ကာကွယ်တာဖြစ်လို့ ယာဉ်ပိုင်ရှင်တွေအတွက် အကျိုးရှိပါတယ်။ ကားတွေအားလုံးကို စိစစ်ပြီး သတ်မှတ်နှုန်းထားနဲ့ တပ်ဆင်သွားမှာဖြစ်ပါတယ်။ ဒီကာလထဲမှာ သက်တမ်းတိုးဖို့မလိုသေးတဲ့ကားတွေလည်း ရောင်ပြန်ပြားတွေကို လာရောက်တပ်ဆင်ချင်တယ်ဆိုရင် ကျွန်တော်တို့က တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်က ဆိုသည်။

ဝန်တင်အားတစ်တန်အထက် ဗင်၊ လိုက်ထရပ်နှင့် လယ်ယာသုံး ထရပ်ယာဉ်များ၊ ထရပ်နှင့် ကုန်တင်ဝန်လေးယာဉ်များ၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်မှအပ ကျန်အခြားအုပ်စုဝင် ယာဉ်များ၊ နောက်တွဲယာဉ်များမှာ ရောင်ပြန်ပြား Type A၊ ဝန်တင်အားတစ်တန်အထိ ဗင်၊ လိုက်ထရပ်နှင့် လယ်ယာသုံး ထရပ်ယာဉ်များ၊ ပစ်ကပ်ယာဉ်များမှာ ရောင်ပြန်ပြား Type B ကို တပ်ဆင်ရမည်ဖြစ်သည်။

မိုက္ကရိုဘတ်စ်၊ မီနီဘတ်စ်၊ ဘတ်စ် အမျိုးအစားခရီးသည်တင်ယာဉ်များ၊ အခြားအုပ်စုဝင်မှ လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များ၊ ဘေးတန်းခုံဖြင့် ခရီးသည်တင်ပြေးဆွဲနေသည့် ပစ်ကပ်ယာဉ်၊ လိုက်ထရပ်နှင့် ထရပ်ယာဉ်များမှာ Type C၊ သုံးဘီး၊ သုံးဘီးဆိုင်ကယ်နှင့် ထရော်လာဂျီအုပ်စုဝင်ယာဉ်များမှာ Type D၊ မော်တော်ဆိုင်ကယ်မှာ Type E ကို တပ်ဆင်ရမည်ဖြစ်သည်။

**သန်းထိုက်အောင်**

# စိုက်ပျိုးမွေးမြူရေး အခြေခံလုပ်ငန်းများအနေဖြင့် ချေးငွေများ လျှောက်ထားနိုင်

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအနေဖြင့် ချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လျှောက်ထားရာတွင် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက လယ်ယာ မြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) မူရင်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြစ်ပါက လန ၃၉၊ ပုံစံ ၁၀၅၊ ၁၀၆ မူရင်း၊ ချေးငွေယူလိုသူနှင့် ပူးတွဲအာမခံသူနှစ်ဦး၏ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ် တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေအတွက် သက်တမ်းကို နှစ်တိုနှင့် နှစ်ရှည်ဟူ၍ သတ်မှတ်ထားပြီး နှစ်တိုချေးငွေအတွက် ကျပ်သိန်း ၅၀၀ နှင့် နှစ်ရှည်ချေးငွေအတွက် ကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးလျက်ရှိကြောင်း အတိုးနှုန်းမှာတစ်နှစ်လျှင် ၉ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပြီး ငွေချေးယူမှုရာဇဝင်၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းသဘာဝနှင့် ပမာဏ၊ ဝင်ငွေပြန်လည်ရရှိမှု၊ အာမခံတင်သွင်းနိုင်မှုတို့အပေါ် စိစစ်၍ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ချေးငွေအတွက် အာမခံပစ္စည်း လုံလောက်စွာမပေးနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့် ဆက်သွယ်၍ လျှောက်ထားနိုင်ပြီး ကျပ် သိန်း ၂၀၀ ထက်ပိုသည့်ချေးငွေဖြစ်ပါက မီးအာမခံ၊ ဘဏ်ရွှေ့နေနှင့် ဘဏ်ရာဖြတ် အစီရင်ခံစာတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း၊ ချေးငွေရယူလိုသူများအနေဖြင့် နေထိုင်ရာမြို့နယ်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲသို့မဟုတ် နီးစပ်ရာဘဏ်ခွဲတို့တွင် စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရသည်။

**ချောစု**

# မြန်မာနိုင်ငံကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် Single Registration ID ပြောင်းလဲအသုံးပြုနိုင်ရေး ခြေလှမ်းသစ်များ

မျိုးကောင်း

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပါ အချက်များအား update ပြင်ဆင်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သတင်းလွှာ (၄/၂၀၁၉)ဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃ ရက်စွဲဖြင့် ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်။ အဆိုပါအသိပေးချက်အရ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် ပြည်ပသို့ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန် မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃ ရက်နောက်ဆုံးထားပြင်ဆင်ရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်ပြင်ဆင်မှုမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန် ကုမ္ပဏီမှတ်ပုံတင်စာရင်းမှပယ်ဖျက်သွားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာခဲ့ပြီး လုပ်ငန်းရှင်များ ပိုမိုအဆင်ပြေနိုင်စေရန် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

မြန်မာနိုင်ငံမှာ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအရ ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်မယ်ဆိုရင် ပို့ကုန်သွင်းကုန်ကုမ္ပဏီမှတ်ပုံတင်(ပသက) ပြုလုပ်ပြီးမှသာ လိုအပ်တဲ့ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များကို လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ (ခြွင်းချက်အနေဖြင့် ကုန်သွယ်မှုပမာဏတိုးတက်စေဖို့နဲ့ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိစေဖို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် (Individual Trading Card) စနစ်နဲ့ကန့်သတ်ပမာဏတစ်ခုနဲ့ခွင့်ပြုချက်ပေးခြင်းမှလွဲပြီး) အဲဒီအတွက် လုပ်ငန်းရှင်တစ်ယောက်ဟာ ရင်းနှီး/ကုမ္ပဏီမှတ်ပုံတင်ဌာနမှာ ကနဦး ကုမ္ပဏီမှတ်ပုံတင်ရမှာဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်ပြီးမှသာ အဆိုပါ အချက်အလက်များအပေါ် အခြေခံပြီးမှ ပြည်ပနဲ့ကုန်သွယ်မှုဆောင်ရွက်မယ့် ကုမ္ပဏီတွေဟာ ကုန်သွယ်ရေးဦးစီးဌာနမှ ပသက မှတ်ပုံတင်ကိုထပ်မံလျှောက်ထားရမှာဖြစ်ပါတယ်။ ပသက မှတ်ပုံတင်ပြီးမှ မိမိတို့ဆောင်ရွက်လိုတဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းစဉ်တွေဖြစ်တဲ့ ကုန်သွယ်ရေးဦးစီးဌာနမှာ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်လျှောက်ထားခြင်းကိုဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါပြီးတာနဲ့အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ဖို့ အကောက်ခွန်ဦးစီးဌာနမှာ IE Code ကိုထပ်မံလျှောက်ထားရပါတယ်။ ကုန်သွယ်မှုလုပ်ငန်းစဉ်တွေပြီးလို့ကျသင့်တဲ့ အခွန်ပေးဆောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်တဲ့နေရာမှာလည်း သက်ဆိုင်ရာ ကုမ္ပဏီအမည်နဲ့ သက်ဆိုင်ရာ ပြည်တွင်းအခွန်များရုံးမှာပေးချေရတာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကုမ္ပဏီတစ်ခုဟာ ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်သွယ်လုပ်ကိုင်ရတဲ့ဌာနတစ်ခုချင်းမှာ လူကိုယ်တိုင်သွားရောက် မှတ်ပုံတင်ရသလို ဌာနတစ်ခုချင်းစီကနေ မတူညီတဲ့ ကုမ္ပဏီ ID Code တစ်မျိုးစီသုံးစွဲနေရတာ ဖြစ်ပါတယ်။ ဥပမာ ယခင်က ရင်းနှီး/ကုမ္ပဏီမှတ်ပုံတင်ဦးစီးဌာန ကုမ္ပဏီမှတ်ပုံတင်နံပါတ်အဖြစ် ၁၁၅/၉၅-၉၆(၂၅-၄-၉၅) ၁၁၊ ကုန်သွယ်/ဦးစီးက ပသကနံပါတ်ကို Digit လေးမှငါးလုံး (ဥပမာ- ၁၂၃၄၅)၊ အကောက်ခွန်ဦးစီးဌာနမှ IE Code ကို ပသကနံပါတ်ကိုအခြေခံပြီး Digit ရှစ်လုံး (ဥပမာ- ၁၂၃၄၅၀၀၁) အဖြစ်သုံးစွဲကြပြီး အခွန် ပေးဆောင်မှုများအတွက် ကုမ္ပဏီအမည်ဖြင့်ပုံစံအမျိုးမျိုးသုံးစွဲခဲ့ကြတာဖြစ်ပါတယ်။

ဒါကြောင့်ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် Single ID တစ်မျိုးတည်းကိုသုံးစွဲနိုင်ရေး အစိုးရဌာနများကြားညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ်မှတ်သည့် အခွန်ထမ်းအမြဲတမ်းမှတ်ပုံတင်အမှတ် Taxpayer Identification Numbers (TIN) နံပါတ်တစ်ခုတည်းကို တူညီစွာသုံးစွဲဖို့ သဘောတူဆောင်ရွက်ခဲ့ကြပါတယ်။ (TIN) နံပါတ်မှာဆိုရင် Digit ကိုးလုံးရှိပြီး ဥပမာ (၁၂၃၄၅၆၇၈၉) အဆိုပါနံပါတ်ကိုပဲရင်းနှီး/ကုမ္ပဏီ ၊ ကုန်သွယ်ရေး၊အကောက်ခွန်၊ ပြည်တွင်းအခွန်ဌာနများအားလုံးက တူညီစွာသုံးစွဲကြတော့မှာဖြစ်ပါတယ်။

ကနဦး ရင်းနှီး/ကုမ္ပဏီမှတ်ပုံတင်ဦးစီးဌာနအနေနဲ့၂၀၁၉ မှ MyCo စနစ် စတင်ကျင့်သုံးတဲ့အချိန်မှာ ယခင်ကုမ္ပဏီအချက်အလက်စာရွက်မျိုးစုံနဲ့ လူကိုယ်တိုင်သွားရောက်မှတ်ပုံတင်ရာကနေ အွန်လိုင်းပေါ်မှ ပြောင်းလဲဆောင်ရွက် ဝန်ဆောင်မှုပေးလာနိုင်ခဲ့သလို ကုမ္ပဏီ အမှတ်ကိုလည်း ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်ပြီးDigit ကိုးလုံးနဲ့စတင်ပြောင်းလဲအသုံးပြုခဲ့ပါတယ်။

တစ်ဖက်မှာလည်း ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့လည်း ၂၀၀၄ ခုနှစ်ကစပြီး ဆောင်ရွက်ထားရှိတဲ့ ပို့ကုန်သွင်းကုန်လိုင်စင်စနစ် (Import Export Licence& Permit System (IELPS) နှင့်အတူ ပို့ကုန်သွင်းကုန်ကုမ္ပဏီမှတ်ပုံတင်စနစ် (Export Import Company Registration) ကို စတင်အသုံးပြုဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ အဆိုပါ ပသက မှတ်ပုံတင်စနစ်အား အွန်လိုင်းမှ လျှောက်ထားနိုင်ရန် ပြင်ဆင်ခဲ့ပြီး ဝန်ဆောင်မှုပေးခဲ့ပါတယ်။ သို့သော်လည်း ဌာနသို့ကုမ္ပဏီမူရင်းအချက်အလက်များ ပူးတွဲတင်ပြရပြီး လုပ်ငန်းရှင်ကိုယ်တိုင် အဆိုပါမှတ်ပုံတင်ကတ်ကိုလာရောက်ထုတ်ယူရပါတယ်။ ကုမ္ပဏီရဲ့မူရင်းအချက်အလက်များForm ၆/ ၂၆ Director list အပါအဝင် အခြားအချက်အလက်များကိုတိုက်ဆိုင်စစ်ဆေးရတဲ့အတွက် လုပ်ငန်းရှင်က ရုံးသို့လာရောက်တင်ပြ ထုတ်ယူရတဲ့အနေအထားဖြစ်ပါတယ်။

ယခုအခါ ကုန်သွယ်ရေးအနေနဲ့ MyCO စနစ်ကနေ ကုမ္ပဏီအချက်အလက်များကို အွန်လိုင်းပေါ်မှ (API) စနစ်နဲ့ချိတ်ဆက်ရယူပြီးပြင်ဆင်နေပြီး ရရှိပါက ပသက မှတ်ပုံတင်မှုအတွက် ရုံးသို့လာရောက်ဖို့မလိုဘဲ အွန်လိုင်းပေါ်ကနေပဲ ဆောင်ရွက်နိုင်မှာဖြစ်သလို ပသက နံပါတ်ကိုလည်း TIN နံပါတ်အတိုင်း Digit ကိုးလုံးနဲ့ပြောင်းလဲအသုံးပြုသွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများအတွက် ၂၀၁၇ နှစ်ဦးပိုင်းမှာ အကောက်ခွန်ဦးစီးဌာနအနေဖြင့် MACCS စနစ်ကို စတင်ကျင့်သုံးလာခဲ့ ပါတယ်။ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များဟာ ပို့ကုန်သွင်းကုန်လိုင်စင် အချက် အလက်ပေါ်မှာ ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကုမ္ပဏီအချက်အလက်များ အပါအဝင် ပို့ကုန်သွင်းကုန် လိုင်စင်အချက်အလက်များကို MACCS စနစ်ကို အီလက်ထရောနစ်ဒေတာနဲ့ချိတ်ဆက်ပေးပို့နေတာဖြစ်ပါတယ်။ဒါကြောင့် MACCS စနစ်မှာလည်း IE Code ကို Digit ကိုးလုံးနဲ့တူညီစွာအသုံးပြုသွားမှာဖြစ်ပါတယ်။

ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့်လည်း အခွန်ပေးဆောင်မှုလုပ်ငန်းရပ်များကို အွန်လိုင်းစနစ်နဲ့ပေးချေနိုင်အောင် စနစ်တည်ဆောက်ဆောင်ရွက်နေသလို ကုန်သွယ်မှုလုပ်ငန်းစဉ်များမှ ချိတ်ဆက်ရရှိလာမည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များတွင် တူညီသည့် ကုမ္ပဏီမှတ်ပုံတင် ID နှင့်အတူ ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ ချိတ်ဆက် ရရှိလာမည့်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ကုမ္ပဏီမှတ်ပုံတင်ထားပြီး ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေနဲ့ MyCo တွင် ပြောင်းလဲထားရှိသည့် ကုမ္ပဏီမှတ်ပုံတင်အား ကုန်သွယ်/ဦးစီးမှ ပသကနံပါတ်အဖြစ်ပြောင်းလဲနိုင်ရေး သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။လက်တလောမှာ ရင်းနှီး/ကုမ္ပဏီမှတ်ပုံတင်ဌာန MyCo မှ ၎င်းတို့၏ ကုမ္ပဏီဒေတာအချက်အလက်များအား အီလက်ထရောနစ်စနစ်ဖြင့် ဆက်စပ်ဌာနများကို ထုတ်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေဆဲကာလဖြစ်သည့်အတွက် ချိတ်ဆက်ရယူရမည့် ကုန်သွယ်ရေးဦးစီးဌာနသို့ လုပ်ငန်းရှင်များမှ လူကိုယ်တိုင် လာရောက်ပြောင်းလဲရမည်ဖြစ်သော်လည်း ချိတ်ဆက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် ပသကနှင့် ဆက်စပ်သည့်မှတ်ပုံတင်ခြင်းလုပ်ငန်းရပ်များကို အွန်လိုင်းပေါ်မှ လျှောက်ထားထုတ်ယူနိုင်မှာဖြစ်ပါတယ်။

ကျန်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသည့် (ကုမ္ပဏီမှတ်ပုံတင်မထားသည့်)အစိုးရဌာနများ၊ အသင်းအဖွဲ့များလူပုဂ္ဂိုလ်များအတွက်လည်း ယခင်ထုတ်ပေးထားသည် ပသက အမှတ်အားအဆင့်လိုက် ပြောင်းလဲဆောင်ရွက်ရမှာဖြစ်ပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းအစီအစဉ်ကို ကုန်သွယ်/ဦးစီးဘက်က ပသက အမှတ်များအားလုံး ပြောင်းလဲပြင်ဆင်ပြီးချိန်မှာ အကောက်ခွန်ဦးစီးဌာန (MACCS) စနစ်၏ IE Code များကိုပါဆက်လက်ပြောင်းလဲနိုင်ရေးကိုအဆင့်လိုက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းစဉ်မှာပါဝင်ကြတဲ့ဌာနများအနေနဲ့ ၎င်းတို့ရဲ့ဝန်ဆောင်မှုလုပ်ငန်းများကို အွန်လိုင်းစနစ်ပြောင်းလဲဆောင်ရွက်ပြီး စနစ်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ခြင်း System /Data Integration ဆောင်ရွက်နိုင်ခဲ့ကြပြီး National Single Window ပြတင်းတစ်ပေါက်စနစ်ကို ဦးတည်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

ဒါကြောင့် ကုမ္ပဏီလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့၏ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ပသက မှတ်ပုံတင်အမှတ်များအား သတ် မှတ်ချိန်အတွင်း အပြီးပြောင်းလဲနိုင်ရေး ကြိုတင်ဆောင်ရွက်သွားကြ ရန်နှင့် ပသက မှတ်ပုံတင်တွင်ပါဝင်သည့် ကျန်ကုမ္ပဏီ အချက်အလက်များအား ကန့်သတ်ထားခြင်းမရှိသည့်အတွက် မည်သည့် အချိန်မဆို ကုန်သွယ်ရေးဦးစီးဌာနသို့လာရောက် ပြင်ဆင်ပြောင်းလဲနိုင်ပါကြောင်းနဲ့ MyCo မှ ကုမ္ပဏီအချက်အလက်များအား အီလက်ထရောနစ်ဒေတာနှင့် ချိတ်ဆက်ရယူနိုင်ပါက ကုန်သွယ်ရေး ၏ ပသကနှင့် ဆက်စပ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များအားလုံးအား အွန်လိုင်းပေါ်မှ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## ဇလုံတောင်ဘုရားဖူးပြီး ဇလုံတောင်ဆင်စခန်း ဝင်ရောက်အပန်းဖြေနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်ဘုရားသည် ဘုရားဖူး ဧည့်သည်များ လေ့လာရေး လာရောက်သည့် ဧည့်သည်များဖြင့် စည်ကားလျက်ရှိနေသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ဘုရားဖူးဧည့်ဝင်ရောက်မှု ငါးသိန်းကျော်ရှိခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။ မီးခိုးမထွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကသာအနောက် သစ်ထုတ်ရေးမှ ဇလုံတောင်ခြေ CBT စခန်းအနီး 'ဇလုံတောင်အပန်းဖြေဆင်စခန်း'ကို ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ ဒေသအသီးသီးက ဘုရားဖူးဧည့်သည်များ လေ့လာရေးလာရောက်သူများအနေဖြင့် ဇလုံတောင်ဘုရား ဖူးမြော်နိုင်သလို တောတောင်သဘာဝရှုခင်းများလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ဇလုံတောင်ဆင်စခန်း၌လည်း အပန်းဖြေအနားယူနိုင်ကြမည်ဖြစ်သည်။ ဆင်စခန်း၌ သဘာဝစမ်းချောင်း၊ ရေတံခွန်များရှိပြီး ရေကစားအပန်းဖြေနိုင်သလို ဆင်စီးပြီးလှည့်ပတ်သွားလာနိုင်ရန်လည်း စီစဉ်ထားသည်။ တောတောင် သဘာဝသစ်ပင်ကြီးများ ကျေးငှက်တိရစ္ဆာန်များ လေ့လာနိုင်ရန်စီစဉ်ထားပြီး ဘုရားဖူးဧည့်သည်များ ဆင်စီးပြီး တောင်တက်ဘုရားဖူးနိုင်ရေးလည်း စီစဉ်လျက်ရှိသည်။ ဘုရားဖူးဧည့်ဝင်ရောက်မှုပိုမိုများပြားလာနိုင်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။ မြန်မာပြည်အောက်ပိုင်း၌ ကျိုက်ထီးရိုးဘုရား တန်ခိုးကြီးသကဲ့သို့ အထက်ပိုင်း၌ ဇလုံတောင်ဘုရားသည်လည်း တန်ခိုးကြီးလှသည့်အတွက် လာရောက် ဖူးမြော်ပြီး ဘုရားတောင်ခြေဆင်စခန်း၌ အပန်းဖြေနိုင်ပါကြောင်း သတင်းစကားပါး လိုက်ရပါသည်။

ကြည်နိုင်ဦး (အင်းတော်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်း ခရိုင်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စားသုံးသူတို့၏ အကျိုးကို ရှေးရှု၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ရှိအ-လ-က(၁၀) ကျောင်းသို့ စက်တင်ဘာ ၃ ရက်တွင်လည်းကောင်း၊ ထခွဲအ-လ-က(၇) အား စက်တင် ဘာ ၄ ရက်တွင်လည်းကောင်း စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းများရှိ မုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉) အရ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက် ထုတ်ပြန်လိုက်သော ဥပဒေအသစ်တွင် ပါဝင်သည့် စားသုံးသူ တို့၏အခွင့်အရေးအား ကမ္ဘာ့ကုလသမဂ္ဂမူနှင့်အညီ ရှစ်ချက်ထိ ပြောင်းလဲသတ်မှတ်ခဲ့သည့် အကြောင်းအရာများ၊ စားသုံးသူပြည်သူတို့၏အခွင့်အရေးနှင့် အကျိုးစီးပွားတို့ကို ကာကွယ်ပေးခြင်း ကိစ္စရပ်များ၊ စားသုံးသူများ အနေဖြင့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုတို့အပေါ် ဝယ်ယူအသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် (CICC) စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာနများ ဖွင့်လှစ်ထားမှုအခြေအနေများ၊ ၎င်းဥပဒေ ပုဒ်မ(၄၁) အခန်း (၁၈) ပါကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ (၄၁)(ခ)နှင့် (ဆ) တို့ပါ ဖော်ပြရမည့် အကြောင်းအရာများအား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မဖြစ်မနေ ဖော်ပြရမှာဖြစ်ပြီး ယင်းဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာတည်စေရမည် စသည့် ဥပဒေပါ အကြောင်းအရာ အချက်အလက်များအား ဟောပြောဆွေးနွေးခဲ့သည်။



ထို့နောက် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က သဘာဝဆိုးဆေး၊ ဓာတုဆိုးဆေးများအကြောင်း၊ တာရှည်ခံဆေးများ၊ မှည့်ဆေးနှင့် ယင်မနားဆေးတို့၏ဆိုးကျိုးများအကြောင်း၊ ပိုးသတ်ဆေး သံသရာလည်ပုံနှင့် ဘေးဥပဒ်အန္တရာယ်တို့အား ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသော ကျောင်းမုန့်ဈေးတန်းများသို့ ဈေးသူ/ဈေးသားများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုရှိ/မရှိနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မှ ဈေးကွက်အတွင်းရောင်းချရန် ပိတ်ထားသော မုန့်နှင့် အစားအသောက်များ ရောင်းချနေခြင်း ရှိ/မရှိတို့ကို ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း (ရန်ကုန်)**

# ကံပုလဲ အလက( ခွဲ )၌ ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ် ဖွဲ့စည်းမှုနှင့် ဟောပြောပွဲပြုလုပ်

ကလေးမြို့နယ် ပုဂ္ဂလိကမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဦးဆောင်၍ မိတ်ဖက်ဌာန အဖွဲ့အစည်းများဖြစ်ကြသော ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ Clean Kalay ၊ အမှတ်(၁)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ အထက်တန်းရှေ့နေ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အမှတ်( ၁၀၇ ) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့မှ စုပေါင်းပြီး ကံပုလဲကျေးရွာ အလက (ခွဲ) ကျောင်းသို့ စက်တင်ဘာ ၄ ရက်တွင် သွားရောက်ပြီး အသိပညာပေး ဟောပြောပွဲပြုလုပ်၍ ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ် ဖွဲ့စည်းခဲ့သည်။

အသိပညာပေး ဟောပြောမှုများတွင် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းအိက ဆေးဝါးများသုံးစွဲမှုနှင့် အလှကုန်များ အသုံးပြုရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရေး၊ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်ရတနာကျော်က စားသောက်ကုန်နှင့် အရောင်ဆိုးဆေးများအကြောင်း၊ Clean Kalay တာဝန်ခံ ဒေါ်ယုဝေလွင်က စွန့်ပစ်အမှိုက်များအကြောင်း အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်၊ တပ်ဖွဲ့စိတ်မှူး၊ ရဲအုပ်သန့်ဇော်ထွန်းက လူကုန်ကူးမှုနှင့်သက်ဆိုင်သည့်အကြောင်းအရာများ အများပြည်သူများ လူကုန်ကူးမှု မခံရစေရေး အသိပညာပေး အကြောင်းအရာများ၊ အထက်တန်းရှေ့နေ ဒေါ်ထက်ထက်ဆွေမှ ကလေးသူငယ်များ လိင်အကြမ်းဖက်မှုများ မဖြစ်ပွားစေရန်အတွက် အနေအထိုင်၊ အသွားအလာအသိပညာပေး အကြောင်းအရာများ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း၊ (၁/၂၀၁၉)ပါ ဥပဒေအကြောင်းအရာများ၊ ကုန်ပစ္စည်းတစ်ခု၊ အစားအသောက်တစ်ခုဝယ်ယူမည်ဆိုပါက ရွေးချယ်ဝယ်ယူတတ်စေရေးနည်း လမ်းအကြောင်းအရာများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာကြီးကြပ်-၂ ဒေါ်အေးစုမွန်က ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားရခြင်း အကြောင်းအရာများ၊ ရောဂါဖြစ်ပွားပါက နေထိုင်ရမည့် အချက်အလက်များ၊ ရောဂါများမဖြစ်ပွားစေရေးကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေပြည့်က သဘာဝဘေးအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင် ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောဆွေးနွေးခဲ့ကြသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

# မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ စားသုံးသူများအား အသိပညာပေး ဟောပြောခြင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၅ ရက်တွင် မန္တလေးမြို့ အဆင့်မြင့် ဈေးချိုတော်သို့ စားသုံးသူ ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ ပါ စားသုံးသူ ကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေး နှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ကုန်ပစ္စည်းများပေါ်၌ ကုန်အညွှန်းအမှတ်အသား များ မဖြစ်မနေ ဖော်ပြရမည်မှာ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှ စ၍ တစ်နှစ်ပြည့် မြောက်သည့်နေ့ ၂၀၂၀ ပြည့်နှစ်မတ် ၁၅ ရက်နောက်ပိုင်း ကုန်ပစ္စည်းများပေါ်၌ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်သီတာဟိန်းက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ကာ ဈေးအတွင်းသို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ၊ မရှိနှင့် စားသုံးရန်မသင့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**သီတာဝင်း (စားသုံးသူ - မန္တလေး)**

# အောင်ပန်းမြို့ပေါ်ရှိ ကိုယ်ပိုင်ကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူးရုံး လက်အောက်ရှိ (မြို့နယ်တာဝန်ခံရုံး) အောင်ပန်းမှ ဝန်ထမ်းများသည် စက်တင်ဘာ ၄ ရက်တွင် အောင်ပန်းမြို့အတွင်းရှိ ကိုယ်ပိုင်ကျောင်းများဖြစ်သော ပညာကျော်နှင့် ဖြူစင် မေတ္တာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၀ ခန့် အား စားသုံးသူကာကွယ်ပေးရေး ဆိုင်ရာများဖြစ်သော ဥပဒေအကြောင်းအရာများ၊ ကုန်စည်တွင်ပါဝင်ရမည့်အချက်များ၊ စားသုံးသူများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာမှုများရှိပါက တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များစသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဟောပြောပွဲတက်ရောက်ကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား လက်ကမ်းစာစောင်များနှင့် တိုင်ကြားမှုပုံစံများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**DOCA (အောင်ပန်း)**



# ယင်းမာပင်ခရိုင်အတွင်း မြို့နယ်များရှိ ကျောင်းများ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော၊ ဈေးကွက်စောင့်ကြည့်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ပုလဲမြို့နယ်တာဝန်ခံ ဒေါ်ဝင်းနုဆွေနှင့် ဒေါ်မိုးမိုးမြင့်တို့သည် စက်တင်ဘာ ၃ ရက်တွင် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် ရွာထင်ကျေးရွာ၊ အလယ်ဘုံကျေးရွာ၊ ကြိုးကြာဥကျေးရွာတို့ရှိ အ. လ. က ကျောင်းနှင့် အ. မ. က ကျောင်းတို့၌ စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပြီး ရွာထင် အ. လ. က ကျောင်းရှိ ကျောင်းဈေးဆိုင်များအား ကျောင်းကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမများနှင့်အတူ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၄ရက်တွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ဆားလင်းကြီးမြို့နယ်တာဝန်ခံ ဒေါ်မိုးမိုးမြင့်နှင့် ဒေါ်ဝင်းနုဆွေတို့သည် ဆားလင်းကြီးမြို့နယ်၊ အ. ထ. က ကျောင်း၌ နံနက်ပိုင်းတွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်ရာ ဒေါ်ခိုင်မို့မို့က စားသုံးနည်း၊ အသုံးပြုနည်းများရွေးချယ်မှု မှန်ကန်စေရန်အကြောင်း၊ စားသုံးသူကာကွယ်ပေး ဥပဒေပါအချက်အလက်များနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး ဟောပြောသည်။

ထို့နောက် ဆားလင်းကြီးမြို့နယ်တာဝန်ခံ ဒေါ်မိုးမိုးမြင့်က ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် စားသုံးသူဥပဒေနှင့်အညီ လေ့လာသိရှိစေနိုင်ရန် ဆွေးနွေးဟောပြောခြင်းများဆောင်ရွက်ပြီး အထကကျောင်းရှိ ကျောင်းဈေးဆိုင်များအား ကျောင်းစားသုံးသူရေးရာ အသင်းအဖွဲ့ တာဝန်ရှိ ဆရာ/ဆရာမများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အတူ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ဆားလင်းကြီးမြို့နယ် မြေဇွန် မူလွန်ကျောင်း စားသုံးသူကာကွယ်ပေးရေး အသိပညာဟောပြောပွဲများ ကျင်းပဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခိုင်မို့မို့(မြင်းမူ)**

# ဖြူးမြို့တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော၊ ဈေးကွက်လေ့လာ စောင့်ကြည့်ခြင်း ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်သည် ခရိုင်ဦးစီးမှူးရုံးနှင့် ဖြူးမြို့နယ် တာဝန်ခံရုံးတို့မှ ဝန်ထမ်းများ၊ ဖြူးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှု ကော်မတီဝင်ဌာနဆိုင်ရာများ ဖြစ်ကြသည့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖြူးမြို့ ဆေးရုံရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းကျန်းမာရေး အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော အစားအသောက်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်လေ့လာစောင့်ကြည့်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်ခန်းများတွင် ရောင်းချနေသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် နေ့လယ် ၁း၃၀ နာရီအချိန်တွင် ကျောင်းခန်းမ၌ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်ဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးခင်မောင်အေးက စားသုံးသူ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက တိုင်ကြားနိုင်ရေးအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမြင့်သူက စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများက သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၅၅၀ ခန့် တက်ရောက်ခဲ့သည်။

**အေးအေးခိုင် (တောင်ငူ)**

# ဘားအံမြို့တွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၆ ရက်တွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးစိန်လွင်က SME နှင့် ပတ်သက်သော လုပ်ငန်းလုပ်ဆောင်နေမှုများ ကူညီဆောင်ရွက်ပေးနေသည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဒေါက်တာမောင်မောင်သီဟထွေးက ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအပိုင်းနှင့်ပတ်သက်၍ ဌာန နှင့်ဆက်စပ်မှုရှိသော လုပ်ဆောင်ချက်များ နှင့်ဈေးကွက်ကွင်းဆင်းစစ်ဆေးမှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှခက်က အသေးစားလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းများ၊ မှတ်ပုံတင်ဆောင်ရွက်ရန် နည်းလမ်းများ၊ တစ်နိုင်တစ်ပိုင်ဆောင်ရွက်မည့် အသေးစားလုပ်ငန်းများကို အားပေး ဆောင်ရွက်မှုများအား ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေအခန်း (၁၈) ပါ ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်း၊ ပုဒ်မ ၄၁ မှ ၄၃ တို့ကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များ လိုက်ပါဆောင်ရွက်ရန် လိုအပ်ပုံ၊ မိမိတို့၏ ထုတ်ကုန်များကို စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းအောင် ထုတ်လုပ်ရန် လိုအပ်ပုံ၊ ဆွေးနွေးပွဲ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့၏ထုတ်ကုန်များကို ပြည်နယ်တွင်သာမက အခြားပြည်နယ်တိုင်းများ၊ ပြင်ပအထိပါ တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းဆွေးနွေးပြောကြားသွားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည်သူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

# မော်လမြိုင် ပညာရေးကောလိပ်၌ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၃၀ ရက်က မော်လမြိုင်ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၇၁၅ ဦးအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် မော်လမြိုင်ပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအကြောင်း၊ အာဆီယံစားသုံးသူကာကွယ်ရေးအစီအစဉ်တွင် စားသုံးသူရေးရာဦးစီးဌာနက လိုက်ပါဆောင်ရွက်နေမှုအခြေအနေများ၊ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် စားသုံးသူများက တောင်းဆိုနိုင်သည့်အခွင့်အရေးများ၊ တားမြစ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်က စားသုံးသူနစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားမှုအခြေအနေ၊ တိုင်ကြားနိုင်သည့်နေရာ၊ Consumer Complaint System, Mobile Application နှင့် တိုင်ကြားမှုများကို ဖြေရှင်းပေးသည့်အခြေအနေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# ပြည်ခရိုင်အတွင်းရှိ စာသင်ကျောင်းများ၌ မိတ်ဖက်ဌာနဆိုင်ရာ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ သဲကုန်းမြို့နယ်၌ စက်တင်ဘာ ၃ ရက်တွင် အ. ထ. က (ခွဲ) ရွာလှကျောင်း၊ စက်တင်ဘာ ၄ ရက်တွင် အ. ထ. က (ခွဲ)အင်ပင်လှကျောင်း၊ ပြည်မြို့နယ်၊ စက်တင်ဘာ ၄ ရက်တွင် ရတနာ မဥ္ဇရီသီလရှင် ပရဟိတကျောင်းနှင့် စက်တင်ဘာ ၅ ရက်တွင် ယူဖရေစီ (Euphrasie Private Middle School) ရွှေတောင်မြို့နယ်၊ စက်တင်ဘာ ၅ ရက်တွင် အထက်တန်းကျောင်းတို့၌ကျောင်းကျန်းမာရေး မိတ်ဖက်ဌာနမြို့နယ် စားသုံးသူရေးရာဦးဌာနတို့ ပူးပေါင်းကာ စားသုံးသူကာကွယ်ရေး အသိပညာဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲများတွင် ကျောင်းကျန်းမာရေးဌာမှ သွားဆရာဝန်က သွားကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် အာဟာရဆိုင် ရာကျောင်းကျန်းမာရေး တာဝန်ခံ သူနာပြုဆရာမက အာဟာရအုပ်စုသုံးအုပ်စုဖြစ်သည့် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးစေသောအုပ်စု၊ အင်အားဖြစ်ထွန်းစေသောအုပ်စု၊ ရောဂါ ကာကွယ်ပေးသောအုပ်စု စသည့် အာဟာရအုပ်စုများကို အချိုးအစားမျှတစွာ စားသုံးတတ်ရေး ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံများက စားသုံးသူ ကာကွယ်ရေးဥပဒေ(၂၀၁၉) ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ၊ စားသုံးသူအခွင့်အရေး ရှစ်ချက်နှင့် တာဝန်လေးချက်၊ ဥပဒေ၏ အခန်း(၁၈) ကုန်းအညွှန်းအမှတ်အသား ဖော်ပြချက်များသည် ၂၀၂၀ မတ် ၁၅ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များမှ အလေးထား လိုက်နာဆောင်ရွက်ကြရန်နှင့် စားသုံးသူပြည်သူများကလည်း ကုန်စည်များ ဝယ်ယူရာတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များအား သတိထားဖတ်ရှုဝယ်ယူသွားကြရန် လိုအပ်ကြောင်း၊ မိမိဌာနတွင် (CICC) (စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ)များ ဖွင့်လှစ်ထားရှိပြီး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခြင်းများ၊ ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဝင်းလဲ့ဝါ (ပြည်)**

Vol: 19, No.34 Monday September 9 2019

# ယခုနှစ် ရာသီကုန်တွင် ဘာစီလိုနာမှ မက်ဆီ ထွက်ခွာမည်ဟု သတင်းများထွက်ပေါ်



ဘာစီလိုနာအသင်းမှ အဓိကကစားသမားဖြစ်သူ မက်ဆီသည် ယခုနှစ် ရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိသည်။

မက်ဆီသည် လက်ရှိအချိန်တွင် အသက်(၃၂)နှစ်သာရှိသေးပြီး ၎င်းအနေဖြင့် နောက်ထပ် အနည်းဆုံး သုံးနှစ်ခန့်အထိ ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်သေးကြောင်း၊ အများထင်သလို၊ သတင်းများထွက်ပေါ်နေသလို မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းကို စွန့်ခွာသွားမည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ ဗယ်လ်ဗာဒီက ပြောဆိုထားသည်။

မက်ဆီသည် ၂၀၀၃ ခုနှစ် ၎င်း၏ အသက်(၁၆)နှစ်အရွယ်ကပင် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့သူဖြစ်သည်။ ဘာစီလိုနာ-စီ အသင်း၊ ဘာစီလိုနာ-ဘီ အသင်း စသည်ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကစားခဲ့သည်။ သို့သော် မက်ဆီသည် အဆိုပါ အသင်းများတွင် ကစားစဉ်ကပင် ဘာစီလိုနာအသင်းကြီးတွင်လည်း ပါဝင်ကစားပေးနေသည်။

ဘာစီလိုနာအသင်းနည်းပြ ဗယ်လ်ဗာဒီက 'မက်ဆီလို ကစားသမားမျိုးက နောက်ထပ်တစ်ယောက် မရှိတော့ပါဘူး။ သူ့အနေနဲ့ နောက်ထပ်သုံးနှစ်၊ လေးနှစ်လောက်အထိတော့ ကောင်းကောင်း ကစားနိုင်ပါသေးတယ်။ ဘာစီလိုနာအသင်းနဲ့ မက်ဆီက ခွဲခြားလို့မရပါဘူး။ ဘာစီလိုနာအသင်းရဲ့ အသက်က မက်ဆီပါပဲ။ ဘာစီလိုနာအသင်းမှာ မက်ဆီမရှိတော့ဘူးဆိုရင် အသင်းလည်း တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်ပါတယ်။ သူနဲ့ပတ်သက်ပြီး လောလောဆယ် ထွက်ပေါ်နေတဲ့ သတင်းတွေက ကောလာဟလတွေပါ။ ဘာမှ အတည်ပြုလို့မရနိုင်ပါဘူး။ သူလို အသင်းရဲ့ ငယ်မွေးခြံပေါက် ကစားသမားမျိုးက အသင်းအပေါ်မှာ ထာဝရသစ္စာရှိသွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်'ဟု ပြောခဲ့သည်။

မက်ဆီသည် ယခုနှစ် ရာသီကုန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မည်ဆိုသည့်သတင်းများ ထွက်ပေါ် နေမှုအပေါ် ကစားသမားကိုယ်တိုင်က မည်သည့်တုံ့ပြန်မှုမျိုးမျှမရှိကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။





# လာလီဂါသို့ စီရိုနယ်ဒိုနှင့် မော်ရင်ဟိုတို့ကို ပြန်လာစေလိုဟု လာလီဂါဥက္ကဋ္ဌ ပြောဆို

ဂျူဗင်တပ်အသင်းမှ ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုနှင့် လက်ရှိ အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ မော်ရင်ဟိုတို့ကို လာလီဂါသို့ ပြန်လာစေချင်ကြောင်း လာလီဂါဥက္ကဋ္ဌဖြစ်သူ ဂျာဗီရာတိဘစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂျာဗီရာတိဘစ်က 'စီရိုနယ်ဒိုလို ကစားသမားမျိုး စပိန်လာလီဂါမှာရှိနေဖို့ လိုအပ်ပါတယ်။ ဒီလို ကစားသမားမျိုး လာလီဂါမှာ ရှိနေမယ်ဆိုရင် လူတွေက လာလီဂါကိုပိုပြီးစိတ်ဝင်စားကြတယ်။ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ လာလီဂါမှာ ရှိနေတာက ဂုဏ်ယူစရာတစ်ခုပါ။ သူ့ကို ကျွန်တော်တို့ ပြန်လည်တမ်းတနေပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ စီရိုနယ်ဒိုအနေနဲ့ စပိန်လာလီဂါက ဘယ်အသင်းမှာဖြစ်ဖြစ် ပြန်လည်ပြီးတော့ ကစားစေချင်ပါတယ်။ သူ့ရဲ့ ကစားသမားဘဝ အဆုံးသတ်တဲ့အထိပေါ့'ဟု ပြောဆိုခဲ့သည်။

ထို့ပြင် ဂျာဗီရာတိဘစ်က စီရိုနယ်ဒိုအပြင် လက်ရှိ အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ မော်ရင်ဟိုကိုလည်း လာလီဂါသို့ပြန်လာစေချင်ကြောင်း၊ လာလီဂါတွင် မော်ရင်ဟိုရှိခဲ့စဉ်က ပြိုင်ပွဲများမှာ ယှဉ်ပြိုင်မှုပြင်းထန်ခဲ့ကြောင်း၊ အပတ်စဉ်တိုင်းမှာ ပြိုင်ပွဲများက လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြောင်း၊ မော်ရင်ဟို၏ ဟန်ပန်အမူအရာများကို ပရိသတ်များ စိတ်ဝင်စားကြောင်း၊ မော်ရင်ဟိုလို နည်းပြမျိုးက ပရိသတ်ကို ဆွဲဆောင်နိုင်ကြောင်း၊ မော်ရင်ဟိုအနေဖြင့် လာလီဂါသို့ ပြန်လာပါက လာလီဂါပြိုင်ပွဲမှာ ပိုမိုအသက်ဝင်လာမည်ဖြစ်ကြောင်း ထပ်မံပြောဆိုခဲ့သည်။

လက်ရှိ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတွင် ကစားနေသည့် စီရိုနယ်ဒိုသည် စပိန်လာလီဂါ ကလပ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကစားခဲ့သူဖြစ်သည်။

ထို့ပြင် လက်ရှိ အသင်းလက်မဲ့ဖြစ်နေသည့် ပေါ်တူဂီနိုင်ငံသား နည်းပြ မော်ရင်ဟိုသည်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ရီးရဲလ်မက်ဒရစ်အသင်းကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။



# ဂျာဒွန်ဆန်ချို ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိ

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းမှ အင်္ဂလန် တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုသည် လာမည့်ရာသီတွင် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားဖွယ် ရှိနေကြောင်း သိရသည်။

အသက်(၁၉)နှစ်သာရှိသေးသည့် ဂျာဒွန်ဆန်ချိုကို အင်္ဂလန်ပရီးမီးယားလိဂ် အသင်းကြီးများ အပါအဝင် ဥရောပထိပ်တန်းအသင်းကြီးများကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြသည်။ ထိုကဲ့သို့ အသင်းကြီးများက ဂျာဒွန်ဆန်ချိုကိုခေါ်ယူရန် အပြိုင်စိတ်ဝင်စားနေခြင်းကြောင့် ၎င်းကစားသမား၏ တန်ကြေးမှာလည်း မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် ဂျာဒွန်ဆန်ချို၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၁၀၀ ကျော်ပင်ရှိနေခဲ့ပြီဖြစ်သည်။ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသည့် ဂျာဒွန်ဆန်ချိုကို လာမည့်ရာသီတွင် ခေါ်ယူနိုင်ရေးအတွက် ရီးရဲလ်မက်ဒရစ်အသင်းမှ တာဝန်ရှိသူများသည် ၎င်းကစားသမား၏ အေးဂျင့်ဖြစ်သူ အီမီကာအိုဘာဆီနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျာဒွန်ဆန်ချိုက မိမိအနေဖြင့် အခွင့်အရေးရပါက အင်္ဂလန်ပရီးမီးယားလိဂ် အသင်းကြီး တစ်သင်းသင်းတွင် ကစားလိုကြောင်း၊ အင်္ဂလန်မြေတွင် ပြန်လည်ကစားလိုကြောင်း၊ သို့သော် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်ကဲ့သို့ ကမ္ဘာ့ထိပ်တန်းအသင်းကြီးမျိုးတွင်လည်း ကစားလိုကြောင်း ပြောဆိုထားဖူးသည်။

# စပိန်အသင်း သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးထဲတွင် နောက်ခံလူ ရာမို့စ် ပါဝင်လာ



စပိန်အသင်း၏ လက်ရွေးစင် နောက်ခံကစားသမား ရာမို့စ်သည် စပိန်အသင်း သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားများထဲတွင် ပါဝင်လာခဲ့သည်။ ရာမို့စ်သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ၂၀၂၀ ယူရို ခြေစစ်ပွဲအဖြစ် ရိုမေးနီးယားအသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်၌ ပထမပိုင်း ပွဲချိန် ၂၉ မိနစ်တွင် ပင်နယ်တီမှ စပိန်အသင်းအတွက် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် စပိန်အသင်းသည် ရိုမေးနီးယားအသင်းကို ၂-၁ ဂိုးဖြင့် အဝေးကွင်း နိုင်ပွဲရရှိခဲ့သလို နောက်ခံကစားသမား ရာမို့စ်သည်လည်း စပိန်အသင်းအတွက် သွင်းဂိုး ၂၁ ဂိုးဖြင့် စပိန်အသင်း သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမား ၁၀ ဦးထဲတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းအတွက် နောက်ဆုံးကိုးပွဲတွင် ရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ရာမို့စ်သည် ဂန္ထဝင်ကစားသမားများဖြစ်သည့် အင်္ဂလန်ငွေကြယ်ပွင့် ကစားသမား ဒေးဗစ်ဘက်ခမ်းနှင့် အီတလီလက်ရွေးစင်ကစားသမား တော့တီတို့ထက်ပင် သွင်းဂိုး ပိုများလာခဲ့သည်။ ထို့ပြင် ရာမို့စ်သည် စပိန်အသင်း၏ နောက်ထပ်ပွဲစဉ်များတွင် ပါဝင်ကစားဦးမည်ဖြစ်ခြင်းကြောင့် ၎င်းကစားသမား၏ စပိန်အသင်းအတွက် သွင်းဂိုးများကို ထပ်မံမြင် တွေ့ရဖွယ်ရှိနေသေးသည်။ စပိန်အသင်း သမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံး ရရှိထားသည့် ကစားသမားများကို ကြည့်မည်ဆိုလျှင် ဒေးဗစ်ဗီလာ(၅၉ ဂိုး)၊ ရာအူးလ်(၄၄ ဂိုး)၊ ဖာနန်ဒိုတောရစ်(၃၈ ဂိုး)၊ ဒေးဗစ်ဆေးလ်ဗား(၃၅ ဂိုး)၊ ဖာနန်ဒိုဟိုင်ရာရို(၂၉ ဂိုး)၊ မိုရီရန်တစ်(၂၇ ဂိုး)၊ ဘူထရာဂူနို(၂၆ ဂိုး)၊ ဒီစတီဖာနို(၂၃ ဂိုး)၊ ဂျူလီယိုဆာလီနစ်(၂၂ ဂိုး)၊ မီချယ်(၂၁ ဂိုး)နှင့် ရာမို့စ်(၂၁ ဂိုး)တို့ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# ၂၀၁၉ ခုနှစ်အတွက် လယ်ယာထွက်ကုန်ပစ္စည်း (ဂျုံ ပြောင်း၊ ဆန်၊ ဝါဂွမ်း၊ သကြား) သွင်းကုန် Tariff Quota ပမာဏအား ထပ်မံ ခွဲဝေသတ်မှတ်ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ထုတ်ပြန်ကြေညာ

၂၀၁၉ ခုနှစ် ဩဂုတ် ၂၀ ရက် တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုး သားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်း လဲရေးကော်မတီ (NDRC) နှင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတို့၏ အမိန့်စာအမှတ် (၂၀၁၉/ အမှတ်၆) အရလယ်ယာထွက်ကုန်ပစ္စည်း များအတွက် Measures for the Administration of Import Tariff Quotas for Agricultural Products ဆိုင်ရာ မူဝါဒ လုပ်ထုံးလုပ်နည်းများအရ ၂၀၁၉ ခုနှစ် အတွက် လယ်ယာထွက် ကုန်ပစ္စည်း သွင်းကုန် TariffQuota ပမာဏအား ထပ်မံခွဲဝေသတ်မှတ် ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာစာအရ ၂၀၁၉ ခုနှစ်အတွက် ဂျုံ ပြောင်း၊ ဆန်၊ ဝါဂွမ်း နှင့် သကြားတို့၏ သွင်းကုန်TariffQuota ပမာဏ တင်သွင်းမှုများအတွက် နောက် ဆုံးအသုံးပြုသူအနေဖြင့် ၎င်းနှစ် Quota ပမာဏအားလုံးအား အရောင်းအဝယ် စာချုပ်ချုပ်ဆို တင်သွင်းနိုင်ခြင်းမရှိပါ က (သို့) တင်သွင်းရန် အရောင်းအဝယ် စာချုပ်ချုပ်ဆိုထားသော်လည်း ခန့်မှန်း ထားသည့် နှစ်ကုန်ပိုင်းကာလမတိုင်ခင် ဆိပ်ကမ်းမှ ထွက်ခွာနိုင်ခြင်းမရှိပါက အဆိုပါ Quota ပမာဏအတွင်း အသုံး မပြုနိုင်၍ ကျန်ရှိနေသည့် Quota ပမာဏ အား စက်တင်ဘာလ ၁၅ ရက်မတိုင်မီ သက်ဆိုင်ရာပြည်နယ်ရှိ အာဏာအပ် နှင်းခြင်းခံရသည့် စီးပွားရေးအဖွဲ့အစည်း ဌာနတို့သို့ ပြန်လည်အပ်နှံသွားရမည် ဖြစ်ကြောင်း၊ ထို့နောက် တရုတ်နိုင်ငံ၊ NDRCနှင့် MOFCOM ဌာနတို့မှ ပြန် လည်အပ်နှံလာသည့် Quota ပမာဏ အရ Quota များကို ထပ်မံခွဲဝေသတ် မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ Quota ပမာဏအား နှစ်ကုန်ပိုင်းကာလ မတိုင် ခင် ပြည့်ဝစွာ အသုံးမပြုနိုင်သည့်အပြင် စက်တင်ဘာ ၁၅ ရက်မတိုင်ခင် ပြန် လည်အပ်နှံခြင်းမရှိသည့် နောက်ဆုံး အသုံးပြုသူအနေဖြင့် တရုတ်နိုင်ငံ၊ NDRC နှင့် MOFCOM ဌာန တို့မှ လာမည့်နှစ် အတွက် လယ်ယာထွက်ကုန်ပစ္စည်း သွင်းကုန် TariffQuota ပမာဏ ထပ်မံ ခွဲဝေပေးသည့်အချိန်တွင် သတ်မှတ် အချိုးနှင့်အညီ နုတ်ယူသွားမည်ဖြစ် ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွက် ဂျုံ ပြောင်း၊ ဆန်၊ ဝါဂွမ်းနှင့်သကြားတို့၏သွင်းကုန် Tariff Quota ပမာဏတင်သွင်းမှုများ အတွက် ၎င်းနှစ် Quota ပမာဏအားလုံး အား အပြည့်အဝ အသုံးပြုခဲ့သည့် (သွင်း ကုန် တင်သွင်းမှုဆိုင်ရာ အထောက် အထား မိတ္တူတင်ပြရန်လိုအပ်) နောက် ဆုံးအသုံးပြုသူအနေဖြင့် Quota လျှောက် ထားမှုနှင့် ခွဲဝေသတ်မှတ်မှုဆိုင်ရာ သတ် မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ နှင့် ကိုက်ညီသော်လည်း နှစ်အစပိုင်း ကာလ Quota ခွဲဝေသတ်မှတ်ပေးသည့် အချိန်တွင် ၂၀၁၉ ခုနှစ်သွင်းကုန် Tariff Quota ပမာဏ၏ အသုံးပြုသူအသစ် အဖြစ် လျှောက်ထားခြင်းမရှိပါက သက် ဆိုင်ရာပြည်နယ်အတွင်းရှိ အာဏာ အပ်နှင်းခြင်းခံရသည့် စီးပွားရေးအဖွဲ့ အစည်းဌာနတို့သို့ လယ်ယာထွက်ကုန် ပစ္စည်းသွင်းကုန် Tariff Quota ပမာဏ ထပ်မံခွဲဝေရရှိရေးအတွက် လျှောက် ထားနိုင်ကြောင်း သိရသည်။

လျှောက်လွှာ တင်သွင်းသူအနေ ဖြင့် စက်တင်ဘာ ၁ ရက်မှ ၁၅ ရက် အထိ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ အာဏာအပ်နှင်းခြင်းခံရသည့် စီးပွား ရေးအဖွဲ့အစည်းဌာနတို့သို့ လယ်ယာ ထွက်ကုန်ပစ္စည်း သွင်းကုန် Tariff Quota ပမာဏ ထပ်မံခွဲဝေရရှိရေး အတွက် လျှောက်ထားနိုင်ကြောင်းနှင့် သက်ဆိုင်ရာပြည်နယ် အသီးသီးရှိ အာဏာအပ်နှင်းခြင်းခံရသည့် စီးပွား ရေး အဖွဲ့အစည်းဌာနတို့မှ လျှောက် လွှာ တင်သွင်းလာမှုများကို လက်ခံပြီး နောက် စက်တင်ဘာ ၁ ရက်မှစ၍ လယ် ယာထွက်ကုန်ပစ္စည်းသွင်းကုန် အခွန် Quota အတွက် သတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီသည့် လျှောက်လွှာများအား Computer Management System ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကာ စက်တင် ဘာ ၂၀ ရက်မတိုင်မီ လျှောက်လွှာများ အား လျှောက်ထားလာသည့် အချိန်အရ အစဉ်လိုက်ပြုစုပြီးနောက် တရုတ်နိုင်ငံ NDRC နှင့် MOFCOM ဌာနတို့သို့ စာဖြင့် အသီးသီး တင်ပြသွားရမည်ဖြစ် ကြောင်း သိရသည်။

တရုတ်နိုင်ငံ NDRC နှင့် MOFCOM ဌာနတို့မှ Online မှတစ် ဆင့်လျှောက်ထားလာသည့် အမှတ်စဉ် အတိုင်း ပြန်လည်အပ်နှံလာသည့် Quota ပမာဏအပေါ် မူတည်၍ Quota ထပ်မံ ခွဲဝေ သတ်မှတ်ပေးမှုများကို ပြုလုပ် သွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်မတိုင်မီ Quota ပမာဏ ထပ်မံခွဲဝေ ပေးသည့်ရလဒ်အား နောက်ဆုံး အသုံး ပြုသူသို့ အသိပေးကြေညာသွားမည်ဖြစ် ကြောင်း၊ သတ်မှတ်လုပ်ထုံးလုပ်နည်း များနှင့် ကိုက်ညီသည့်လျှောက်လွှာ စုစု ပေါင်းပမာဏသည် သွင်းကုန် Tariff Quota ထပ်မံခွဲဝေပေးမည့် ပမာဏ ထက်လျော့နည်းနေပါက လျှောက်လွှာ တင်သွင်းသူတိုင်း Quota ပမာဏအား အပြည့်အဝရရှိနိုင်မည်ဖြစ်ပြီး အကယ် ၍ လျှောက်လွှာ စုစုပေါင်းပမာဏသည် သွင်းကုန်Tariff Quota ထပ်မံ ခွဲဝေပေး မည့် ပမာဏထက်များနေပါက Quota ခွဲဝေသတ်မှတ်မှု လုပ်ထုံးလုပ်နည်းနှင့် ဆက်စပ်စည်းမျဉ်းစည်းကမ်းများအရ Quota ထပ်မံခွဲဝေပေးမှုကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

Quota ထပ်မံ လျှောက်ထားမှုများ အတွက် သတ်မှတ်ကာလအပါအဝင် အခြားသော ကိစ္စရပ်များအား Measures for the Administration of Import Tariff Quotas for Agricultural Products ဆိုင်ရာ မူဝါဒလုပ်ထုံးလုပ် နည်းများနှင့် Quota လျှောက်ထားမှုနှင့် ခွဲဝေသတ်မှတ်မှုဆိုင်ရာ လုပ်ထုံးလုပ် နည်းများအရ ကျင့်သုံးဆောင်ရွက်သွား မည်ဖြစ်သည်။

ဂျုံ ပြောင်း၊ ဆန်နှင့် ဝါဂွမ်းတို့၏ သွင်းကုန် Tariff Quota ထပ်မံ ခွဲဝေမှု များအတွက် သက်ဆိုင်ရာ ပြည်နယ် အသီးသီးရှိ အာဏာအပ်နှင်းခြင်းခံရ သည့် စီးပွားရေး အဖွဲ့အစည်းဌာနတို့နှင့် အတူ တရုတ်နိုင်ငံ၊ NDRC နှင့် MOFCOM ဌာနတို့က ကြီးမှူး၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ သကြားတင် သွင်းမှု Tariff Quota ထပ်မံခွဲဝေမှုများ အတွက် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နှင့်တကွ ပြည်နယ်အသီးသီးရှိ အာဏာ အပ်နှင်းခြင်းခံရသည့် စီးပွားရေး အဖွဲ့ အစည်းဌာနတို့မှ ကြီးမှူး၍ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဖော်ပြပါရှိသည်။

**ဒေါက်တာနုနုခိုင်**

**Source: http://www.ndrc.gov.cn**

# စင်ကာပူတွင် Alibaba ၏ Artificial Intelligence (AI) မူပိုင်ခွင့် သုံးလအတွင်းရရှိခဲ့

စင်ကာပူနိုင်ငံတွင် တရုတ်နိုင်ငံ၏ e-commerce ကုမ္ပဏီ ကြီးတစ်ခုဖြစ်သည့် Alibaba Group Holdings Limited (Alibaba Group) က Artificial Intelligence (AI) မူပိုင်ခွင့်ကို လျှောက်ထားခဲ့ရာ သုံးလအတွင်း ရရှိခဲ့သဖြင့် ကမ္ဘာ့မှတ်တမ်း ဝင်ခဲ့သည်။ ပုံမှန်အားဖြင့် Artificial Intelligence (AI) မူပိုင်ခွင့်ရရှိရန် လျှောက်ထားရာတွင် ပျမ်းမျှ နှစ်နှစ်မှ လေးနှစ် အထိ ကြာမြင့်ကြောင်း၊ သို့သော် ယခုအခါ စင်ကာပူမူပိုင်ခွင့်ရုံး (Intellectual Property Office of Singapore- IPOS) ၏ AI မူပိုင်ခွင့်အား လျင်မြန်စွာပေးအပ်နိုင်ရေး အစီအစဉ်အရ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း IPOS က ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။




ယင်းအစီအစဉ်သည် တီထွင်ဖန်တီးမှုများအား စင်ကာပူ မှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိနိုင်ရေး အတွက် ကူညီပေးနိုင်မည်ဖြစ်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး အဆောက်အအုံတွင် နောက်ဆုံးပေါ် နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုဌာနတစ်ခု အဖြစ် စင်ကာပူကို မြှင့်တင်ပေးနိုင်မည်ဟု IPOS က ပြော ကြားသည်။

နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်ဆိုင်ရာ တီထွင်ဖန်တီးမှု များ၏ ရလဒ်အဖြစ် AI နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုး လာသည့်အတွက် AI မူပိုင်ခွင့်ကို လျှောက်ထားမှု များပြား လာကြောင်း၊ တရားဝင်ထုတ်ပြန်ထားသည့်စာရင်းအရ ကမ္ဘာ တွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း AI နည်းပညာ တီထွင် ဖန်တီးမှုပေါင်း ၁၈၀၀၀၀ ကျော်ရှိကြောင်းနှင့် တီထွင်ဖန်တီး သူများအတွက် ၎င်းတို့၏ AI နည်းပညာများကို အသုံးပြု၍ စီးပွားဖြစ်ဆောင်ရွက်လာနိုင်ပြီး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာရေးအတွက် IPOS ၏ AI မူပိုင်ခွင့်အား လျင်မြန်စွာပေး အပ်နိုင်ရေးအစီအစဉ်က ကူညီ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်သည်။

**သတင်းရင်းမြစ် ။ ။ Intellectual Property Office of Singapore, Press Release**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# စင်ကာပူတွင် ၂၀၂၅ ခုနှစ်မှစ၍ ချက်လက်မှတ်များ အသုံးမပြုတော့ရန် ရည်မှန်း

စင်ကာပူနိုင်ငံတွင် အီလက်ထရောနစ်ငွေပေးချေရေး ဝန်ဆောင်မှုများကို လက်ခံကျင့်သုံးမှု မြင့်တက်လာသည့်အတွက် လွန်ခဲ့သည့် သုံးနှစ်တာကာလ အတွင်း ချက်လက်မှတ်အသုံးပြုမှု အရေအတွက်သည် နှစ်စဉ်ရှစ်ရာခိုင်နှုန်းခန့် ကျဆင်း လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်ခန့်တွင် ငွေပေးငွေယူကိစ္စရပ်များအတွက် ချက်လက် မှတ်အသုံးမပြုတော့ရေး ရည်မှန်းချက်ကို စင်ကာပူ အစိုးရက ၂၀၁၉ ခုနှစ် ဇွန်လတွင် ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ATM ကတ်များဖြင့် ငွေထုတ်၍ပေးချေခြင်းနှင့် ATM မှ လွှဲပို့ငွေထုတ် ယူ၍ ပေးချေခြင်းတို့သည် လွန်ခဲ့သည့်သုံးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းနှင့် ငွေသားပေးချေမှုနှင့် ချက်လက်မှတ် သုံးစွဲမှုများသည် သိသာစွာကျဆင်းခဲ့ပြီဖြစ်ကြောင်း စင်ကာပူငွေကြေးကြီးကြပ်မှု အာဏာပိုင်က ပြောကြားသည်။

စင်ကာပူရှိ ဘဏ်ကိုးခုမှ ချိတ်ဆက်ဆောင်ရွက်သော PayNow ငွေလွှဲ ဝန်ဆောင်မှုစနစ် ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် စတင်အသုံးပြုချိန်၌ ပထမဆုံး လတွင်ပင် စင်ကာပူဒေါ်လာ ၂၄ သန်းတန်ဖိုးရှိ ငွေပေးချေမှုအကြိမ်အရေ အတွက်ပေါင်း ၁၅၀၀၀၀ ခန့်ဆောင်ရွက်ခဲ့ရကြောင်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ တွင် PayNow အသုံးပြု၍ ငွေပေးချေသည့် အကြိမ်အရေအတွက်သည် ငါး သန်းကျော်နှင့် စင်ကာပူဒေါ်လာတစ်ဘီလီယံကျော်အထိ တိုးတက်လာပြီဖြစ် ကြောင်း၊ လက်ရှိ PayNow အသုံးပြုရန် မှတ်ပုံတင်ထားသူဦးရေ ၂ ဒသမ ၈ သန်းရှိပြီး ၎င်းအနက် ၁ ဒသမ ၈ သန်းမှာ ဘဏ်စာရင်းနှင့် မိုဘိုင်းဖုန်းနံပါတ်တို့ အား ချိတ်ဆက်ဆောင်ရွက်ကြပြီး ကျန်ဦးရေမှာ အမျိုးသားမှတ်ပုံတင်ကတ်နှင့် ချိတ်ဆက်ထားကြောင်း၊ အသက် ၂၀ နှစ်မှ ၇၅ နှစ်အတွင်းရှိ စင်ကာပူနိုင်ငံ သားများ၏ ၆၅ ရာခိုင်နှုန်းကျော်သည် PayNow မှတ်ပုံတင်၍ အသုံးပြုလျက် ရှိသည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

PayNow ဖြင့် ငွေပေးချေမှုစနစ်အပြင် QR ကုဒ်အသုံးပြု၍ ငွေပေးချေမှု စနစ် တိုးတက်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ QR ကုဒ်ပေါင်း ၃၂၀၀၀ ကျော်ကို စင်ကာပူ၏ တစ်ခုတည်းသော QR ငွေပေးချေမှုစနစ်သို့ ပေါင်းစည်းထားပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ လက်လီစတိုးဆိုင်၊ စားသောက်ဆိုင်များနှင့် စူပါမားကက်များအပါအဝင် လုပ်ငန်းအမျိုးမျိုးတွင် သုံးစွဲလျက်ရှိကြောင်း သိရှိရသည်။

**သတင်းရင်းမြစ် ။ ။ ABS & The Business Times**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# မဟာပင်လယ်အော်ဒေသမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နေသည့် ကွမ်ရှီးပေပုပင်လယ်ကွေ့

ဩဂုတ် ၂၈ ရက်တွင် ၂၀၁၉ ကွမ်ရှီးပေပု ပင်လယ်ကွေ့ စီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ပွဲကို ကျင်းပခဲ့ပြီး ကွမ်ရှီးနှင့် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော်ဒေသတို့အကြား စီမံကိန်း ၁၆ ခုအပေါ် သဘောတူညီမှုများ ရရှိခဲ့သည်။

ကွမ်ရှီးပေပုပင်လယ်ကွေ့ စီးပွားရေးဇုန်တွင်ရှိသည့် မြို့တော်များနှင့် စက်မှုဇုန်များမှ တက်ရောက်သူဦးရေ ၂၀၀နီးပါးအပြင်၊ မဟာပင်လယ်အော်ဒေသဘက်မှ ဇီဝဆေးဝါး၊ လျှပ်စစ်သတင်းအချက်အလက်၊ ပစ္စည်းအသစ်များ၊ စွမ်းအင်အသစ်၊ ဓာတုဗေဒဆိုင်ရာ၊ ထောက်ပို့ သယ်ယူပို့ဆောင်ရေးနှင့် အခြားလုပ်ငန်းများမှ ကိုယ်စားလှယ်များပါ တက်ရောက်ခဲ့ကြသည်။ နှစ်ဦးနှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကို စူးစမ်းရှာဖွေရန်၊ အသိဉာဏ်ပစ္စည်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် ပေါင်း စည်းထားသော ဖွံ့ဖြိုးမှုများကို ရှာဖွေရန် အဆိုပါမြှင့်တင်ရေး အစည်းအဝေးတွင် လာရောက်စုရုံးခဲ့ကြခြင်း ဖြစ်သည်။



ပေပုပင်လယ်ကွေ့ စီးပွားရေးဇုန်၏ ဒုတိယ ညွှန်ကြားရေးမှူးဖြစ်သူ Wei Ran က ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ သဘော်ာပြေးဆွဲရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းရည်နယ်ပယ်တို့၏ အလွန်အရေးပါမှုကို သိရှိကြလျက် ယင်းနယ်ပယ်များတွင် မဟာပင်လယ်အော်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှု တောင့်တင်းခိုင်မာရေးကို မျှော်မှန်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုကျင်းပခဲ့သည့် မြှင့်တင်ရေးပွဲ၏ ရည်ရွယ်ချက်မှာ ကွမ်ရှီးနှင့် ရှမ်းကျန့်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ထိရောက်စွာဖလှယ်ရေးကို မြှင့်တင်ရန်၊ စီးပွားရေးပတ်ဝန်းကျင်ကို တိုး မြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများနှင့် စွမ်းရည်များအတွက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ထိရောက်သည့် ဝန်ဆောင်မှုများကို ပံ့ပိုးကူညီပေးရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြှင့်တင်ရေးပွဲတွင် ကွမ်ရှီးပေပုပင်လယ်ကွေ့ စီးပွားရေးဇုန်နှင့် အနောက်ပိုင်းကုန်းမြေ- ပင်လယ်ကုန်သွယ်ရေးစင်္ကြံတို့၏ အောင်မြင်မှုများနှင့် အခွင့်အလမ်းများ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စီးပွားရေးပတ်ဝန်းကျင်၊ ပေဟိုင်၊ ဖန်ကျင်းကန်နှင့် ကွင်းကျိုးတို့၏ စက်မှုဇုန်များအကြောင်းတို့ကို မိတ်ဆက်ခဲ့သည်။

မြှင့်တင်ရေးပွဲအပြီး သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် စီမံကိန်း ၁၆ ခုတို့မှာ စက်မှုလုပ်ငန်းအလိုက် လိုက်ဖက်ရာအတွဲပြုခြင်း၊ ကိရိယာတန်ဆာပလာများထုတ်လုပ်ခြင်း၊ ဇီဝဆေးဝါးနှင့် ဂေဟစနစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းကဲ့သို့သော နယ်ပယ်များကို ခြုံငုံမိပါသည်။ ဤသည်တို့မှာ စက်မှုလုပ်ငန်းဆိုင်ရာ တည်ဆောက်မှုကို အမြင့်ဆုံးဖြစ်စေရေး ထပ်မံတိုးချဲ့ပေးနိုင်ပြီး ပေပုပင်လယ်ကွေ့ စီးပွားရေးဇုန်ဖွံ့ဖြိုးရေးနှင့် အဆင့်မြှင့်တင်ရေးကို အထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ရင်းမြစ်။ en.gxzf.gov.cn**
**ဒေါက်တာရွှေစင်ကို၊**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ထိုင်းနိုင်ငံရှိ GM ကုမ္ပဏီ အလုပ်အကိုင်ပေါင်း ၃၂၇ ခုကို လျှော့ချ

ထိုင်းနိုင်ငံတွင် ပြည်တွင်းကားထုတ်လုပ်မှု လုပ်ကိုင်နေသော အမေရိကန်နိုင်ငံမှ General Motor (GM ) ကားကုမ္ပဏီအနေဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ထုတ်လုပ်မှု အခြေအနေကိုလျှော့ချရန် ရည်ရွယ်၍ ရယောင်း (Rayong) ရှိ ၎င်းတို့၏ စက်ရုံမှ နောက်ထပ် အလုပ်အကိုင်ပေါင်း ၃၂၇ ခုကို လျှော့ချခဲ့သည်။

ထိုင်းနိုင်ငံရှိ GM ကုမ္ပဏီမှ ပုံမှန်နှင့် ကန်ထရိုက်ဖြင့် အလုပ်လုပ်နေသူ အလုပ်သမားများထံသို့ ဗုဒ္ဓဟူးနေ့က အလုပ်မှ ထုတ်ပယ်ကြောင်းစာများ ပေးပို့ခဲ့သည်ဟု ဆိုရှယ်မီဒီယာများတွင် လွန် စွာပျံ့နှံ့ခဲ့သည်။ လျှော့ချလိုက်သည့် စာရင်းတွင် ပုံမှန်အလုပ်သမား ၁၄၁ ဦးပါရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နီးစပ်သည့်ရင်း မြစ်များ၏ Bangkok post ကို ပြောကြားချက်အရ ယခုအစီအစဉ်မှာ GM၏ ဒေသတွင်းရှိ ၎င်း၏ ဖွဲ့စည်းပုံအင်အားပြင်ဆင်ရေးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ သို့ရာတွင် ထိုင်းပြည်တွင်းကုမ္ပဏီအနေဖြင့် လက်ရှိအခြေအနေအရပ်ရပ်အရ ယှဉ်ပြိုင်စွမ်းအားရှိစေရေးအတွက် လုပ်သားအင်အားကုန်ကျစရိတ်ကို ပြန်လည်ချိန်ညှိရန်လိုအပ်ခြင်းကြောင့်ဖြစ်ကြောင်း၊ GM ၏ အလုပ်သမားလျှော့ချမှုမှာ ထိုင်းနိုင်ငံရှိ အခြားမော်တော်ကားထုတ်လုပ်သူများနှင့် အလားတူပင်ဖြစ်ကြောင်း ၎င်းရင်းမြစ်၏ ပြောကြားချက်အရ သိရှိရသည်။

GM ကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် တစ်နှစ်လျှင် ကားအစီးရေ ၁၈၀၀၀၀ တပ်ဆင်ထုတ်လုပ်သည့် စက်ရုံနှင့် တစ်နှစ်လျှင် အစီးရေ ၁၂၀၀၀၀ ထုတ်လုပ်သည့် ရထားစက်ခေါင်းစက်ရုံ (powertrain plant) တို့ပါဝင်သော Rayong's




WHA Eastern Seaboard Industrial Estate ကို ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဖြင့် ထူထောင်ခဲ့ကြောင်း သိရှိရသည်။

GM အနေဖြင့် အလုပ်သမားစုစုပေါင်း ၁၉၀၀ ရှိပြီး ၁၂၀၀ မှာ ထုတ်လုပ်ရေးလိုင်း အတွက်ဖြစ်ပါသည်။ မော်တော်ကားများကို Chevrolet နှင့် Holden nameplates များဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံရှိGM ပြည်တွင်းစက်ရုံမှာ ယခင်က Chevrolet ခရီးသည်သုံးကား (passerger car)များကို ထုတ်လုပ်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်းထုတ် လုပ်မှုမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် GM အရှေ့တောင်အာရှ ဖွဲ့စည်းပုံပြင်ဆင်ရေး ကြေညာချက်ထွက်ရှိပြီးနောက် ဖျက်သိမ်းခဲ့သည်။ ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရေးစီမံချက်အရ ရယောင်းစက်ရုံရှိ အလုပ်အကိုင်ပေါင်း ၇၄၉ အားလျှော့ချခဲ့ကြောင်း ထိုင်းနိုင်ငံရှိGM အလုပ်သမားသမ္မဂ၏ ပြောကြားချက်အရ သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**

# ထိုင်းအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်ရေး အစီအမံများချမှတ်ဆောင်ရွက်

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ယခုနှစ်လက်ကျန်လများတွင် ပို့ကုန်အလျင်အမြန် တိုးမြှင့်ရန်အတွက် အီရတ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ တူရကီနှင့် နယူးဇီလန်နိုင်ငံများသို့ ပို့ကုန်မြှင့်တင်ရန် ကတိပြုထားသည်။

ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin က ကုန်သွယ်ရေးစစ်ပွဲမှ ရှောင်ရှားရန်နှင့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုအပေါ် ထိုင်းနိုင်ငံအနေဖြင့် အထူးအာရုံစိုက်ရန် ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ပုံမှန်ဝယ်လက်များသာမက ကုန်သွယ်ရေးမိတ်ဖက်များကိုပါ အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဟောင်းများအတွက် ဆိုပါက ၂၀၁၆ခုနှစ်၌ ဆန်အရည်အသွေးဆိုင် ရာနိမ့်ကျမှုကြောင့် ပြည်ပဆန်တင်ပို့မှုရပ်ဆိုင်းခဲ့ရသည့် အီရတ်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့နိုင်ရေးအတွက် အစိုးရအနေဖြင့် Government to Government (G to G) ဆောင်ရွက်ပေးသင့်ကြောင်း၊ အီရတ်နိုင်ငံအစိုးရအနေဖြင့် ဆန်ပြန်လည်ဝယ်ယူရန် G to G စာချုပ်ဖြင့် ဆောင်ရွက်ရန် ထိုင်းနိုင်ငံအစိုးရသို့ အသိပေးထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် အီရတ်နိုင်ငံနှင့် အရည်အသွေး အာမခံချက်ပါဝင်သော G to Gဖြင့် ဆောင်ရွက်နိုင်ရေး စေ့စပ်ဆွေးနွေးရန် ပုဂ္ဂလိကများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

လက်ကျန်လများမှာ ပို့ကုန်မြှင့်တင်ရေးအတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်တောင်ပိုင်းတွင် ဈေးကွက်ရရှိရေးနှင့် အိန္ဒိယ၊ တူရကီနှင့် နယူးဇီလန်တို့တွင် ဈေးကွက်သစ်များ ရရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုင်းအမျိုးသားသဘော်ာတင်ပို့ရေးကောင်စီမှ ဥက္ကဋ္ဌ Ghanyapad Tantipipatpong က အစိုးရအနေဖြင့် လယ်ယာထွက်ကုန်များ၊ အစားအစာနှင့် ရော်ဘာထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရန် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြည်ပတင်ပို့သူများအနေဖြင့် တိုင်းပြည်၏ ပို့ကုန်တင်ပို့မှုအား ယခုနှစ် အတွက် ၀ မှ ၁ ရာခိုင်နှုန်း ရရှိရန် မျှော်မှန်းထားကြောင်း၊ အဆိုပါ မျှော်မှန်းချက်မှာ ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**

# ကမ္ဘာ့ဆန် ခေါက်ဆွဲပြပွဲ နန်နင်းမြို့တွင် ပထမအကြိမ် ကျင်းပမည်

ရပ်ဝန်းနှင့် လမ်းကြောင်းစီးပွားရေး အခွင့်အလမ်းတစ်ရပ်အဖြစ် ပထမအကြိမ် ကမ္ဘာ့ဆန်ခေါက်ဆွဲပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

၎င်းပြပွဲကို တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံး၊ တရုတ်အစားအသောက်ပြင်ဆင်ရေးနှင့် တရုတ်အစားအစာနှင့် ထုပ်ပိုးမှု စက်ပစ္စည်းလုပ်ငန်းအသင်းတို့၏ ကမ္ဘာလုံးဆိုင်ရာ အသင်းချုပ်နှင့် ကွမ်ရှီးအပြည်ပြည်ဆိုင်ရာပြပွဲများအုပ်စု ကုမ္ပဏီလီမိတက်တို့က ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

ယင်းပြပွဲကို ရပ်ဝန်းနှင့် လမ်းကြောင်းတွင်ပါဝင်သော နိုင်ငံများမှ ဆန်နှင့်ပတ်သက်သည့် ထုတ်လုပ်ထောက်ပံ့ပေးသော ကွင်းဆက်လုပ်ငန်းကြီးတစ်ရပ်လုံးကို အထူးပြုကာ စီးပွားရေးအခွင့် အလမ်းများ ပေါ်ပေါက်လာစေရန် ဦးတည်ကျင်းပသွားမည်ဖြစ်သည်။

၎င်းပြပွဲတွင် ကြိုတင်၍ ထုပ်ပိုးထားသော ဆန်ခေါက်ဆွဲ၊ ဟင်းခတ်အမွှေးအကြိုင်၊ အစားအသောက်များတွင် ထည့်သွင်းသောအရသာများ၊ အရန်ဟင်းများ၊ ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုသည့် ပါဝင်ပစ္စည်းများ၊ ထုတ်လုပ်မှုနှင့် ပြုပြင်မှုနည်းပညာ၊ ထုတ်လုပ်မှုအသုံးအဆောင်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်ပေးမှုများ၊ ချက်ပြုတ်သည့် အတွေ့အကြုံနှင့် ကူညီပံ့ပိုးသော ဝန်ဆောင်မှုများ အစရှိသည်တို့ပါဝင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြပွဲကာလအတွင်း ဆန်ခေါက်ဆွဲဆွေးနွေးပွဲများ၊ မျက်နှာစုံညီတွေ့ဆုံဆွေးနွေးမှုများ၊ အချက်အပြုတ်ပြိုင်ပွဲများ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစည်းအဝေးများ၊ စက်မှုဇုန်များသို့ ကွင်းဆင်း လေ့လာသည့်ခရီးများကိုပါ ထည့်သွင်းသွားမည်ဖြစ်သည်။

၎င်းပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသရေးအတွက် ဖိတ်ကြားလာပြီး ပါဝင်ပြသလိုသူ လုပ်ငန်းရှင်များအနေဖြင့် ပုံမှန်ပြခန်းတစ်ခန်းလျှင် ယွမ် ၃၅၀၀ နှုန်းဖြင့် ရယူပြသနိုင်သည်။ ပြခန်းငါးခန်းနှင့်အထက် ပါဝင်ပြသပါက (၁၅) ရာခိုင်နှုန်းကိုပြန်အမ်းပေးမည်ဖြစ်ကာ ပြခန်း(၁၀)ခန်းနှင့် အထက်ရယူပါက (ပုံမှန်အခန်း၊ ကြယ်သုံးပွင့်အဆင့်ရှိ)ဟိုတယ်တွင်သုံးညအခမဲ့နေထိုင်ခွင့် ပေးမည်ကြောင်း သိရှိရသည်။ ဟိုတယ်နှင့် ပြခန်းတို့အကြား သွားလာရန် အခမဲ့ မော်တော်ယာဉ်ကိုလည်း စီစဉ်ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆန်ခေါက်ဆွဲကို အသုပ်အနေဖြင့်လည်းကောင်း၊ ဟင်းရည်ဖြင့်တွဲဖက်၍လည်းကောင်း နေ့စဉ်စားသုံးကြသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဆန်စပါးကို တန်ဖိုးမြှင့်ထုတ်ကုန်ဆန်ခေါက်ဆွဲအဖြစ် ပမာဏများများ ထုတ်လုပ်တင်ပို့နိုင်ပါက တရုတ်နိုင်ငံ၏ ဆန်စပါးကို အရေအတွက်ဖြင့်သာ တင်သွင်းနိုင်သည့် (ကိုတာ)သတ်မှတ်ချက်ကို ကျော်လွှားနိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ ယခုပြပွဲတွင် မြန်မာဘက်က သက်ဆိုင်ရာကဏ္ဍအတွင်းရှိ လုပ်ငန်းရှင်များ ပါဝင်ပြသစေရေးအတွက် အကြံပြုတိုက်တွန်းလိုက်ရသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**



## သကြားထုတ်လုပ်မှုအပေါ် အထောက်အပံ့ပေးမှုနှင့် ပတ်သက်၍ အိန္ဒိယကို WTO စစ်ဆေး

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းသကြားထုတ်လုပ်မှုအပေါ် အထောက်အပံ့ပေးမှုများသည် ကမ္ဘာ့သကြားရောင်းလိုအားကို အလွန်အကျူးဖြစ်စေသည်ဟု ဩစတြေးလျ၊ ဘရာဇီးနှင့် ဂွါတီမာလာတို့၏ တိုင်ကြားချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အနေဖြင့် အိန္ဒိယကို စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ၊ ဘရာဇီးနှင့် ဂွါတီမာလာတို့က အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ချက်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းမျဉ်းဥပဒေများကို ချိုးဖောက်ခြင်း ရှိ/မရှိ ခုံသမာဓိဖွဲ့၍ စစ်ဆေးပေးရန် ဒုတိယအကြိမ် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ပထမအကြိမ်တောင်းဆိုမှုကို အိန္ဒိယနိုင်ငံက တားမြစ်ခဲ့သော်လည်း ယခုအကြိမ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ခုံသမာဓိအဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးရန် သဘောတူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် ဥပဒေများနှင့် ကိုက်ညီခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံများကို ကုန်သွယ်ရေး ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး ဆီမွန်ဘရင်မင်ဂမ်က ယင်းကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ခြင်းကြောင့် ဘရာဇီးနှင့် ဂွါတီမာလာတို့နှင့် ပူးပေါင်းပြီး ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံသည် သကြားစက်ရုံများအား ကြံဝယ်ယူခြင်းနှင့် ထုတ်လုပ်ပြီး သကြားပြန်လည်ရောင်းချခြင်းတို့အတွက် အနိမ့်ဆုံးဈေး သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယင်းအနိမ့်ဆုံးဈေး သတ်မှတ်ခြင်းသည် ကမ္ဘာ့သကြားထုတ်လုပ်မှုများထက် ထုတ်လုပ်စရိတ် ကြီးမြင့်ပြီး သန်း ၆၀ ခန့်ရှိသော အိန္ဒိယ ကြံစိုက်ပျိုးသူများကို ကာကွယ်ရန်ဖြစ်ကြောင်း၊ သို့သော် ဝန်ထမ်းပေါင်း ခြောက်သိန်းခန့်ရှိသော သကြားစက်ရုံများမှာ ကြွေးကျန်များစွာရှိနေကြောင်း၊ အဆိုပါကြွေးကျန်များကို ပြန်လည်ပေးဆပ်နိုင်ရန် အနိမ့်ဆုံး သကြားရောင်းဈေးကို ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ရေးကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဩစတြေးလျ၊ ဘရာဇီးနှင့် ဂွါတီမာလာတို့က အိန္ဒိယနိုင်ငံသည် သကြားထုတ်လုပ်မှုအပေါ် အထောက်အပံ့ပေးမှုများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကတိကဝတ်များနှင့် ကိုက်ညီခြင်းမရှိဘဲ ကမ္ဘာ့သကြားဈေးကွက်ကို ကျဆင်းစေသည့်အပြင် သကြားထုတ်လုပ်မှုစရိတ် တစ်ပေါင်လျှင် ၁၂ ဆင့်အထိ ဆက်လက်ကျဆင်းစေကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုအပေါ် ထောက်ပံ့မှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှတစ်ဆင့် စစ်ဆေးပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မျိုးမြင့်**

## အိန္ဒိယတွင် သိုလှောင်ထားသည့် ပဲစင်းငုံများ ပြည်တွင်းဈေးကွက်သို့ ရောင်းချလျက်ရှိ

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် မိုးရာသီ ပဲစင်းငုံစိုက်ပျိုးမှုပမာဏသည် ယခင်နှစ်စိုက်ဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးထားရှိပြီးဖြစ်၍ နိုင်ငံပိုင်ရောင်းဝယ်ရေးလုပ်ငန်းဖြစ်သော အိန္ဒိယအမျိုးသားစိုက်ပျိုးရေးဈေးကွက်မြှင့်တင်မှု သမဝါယမလီမိတက် (NAFED) သည် ၎င်းလက်ဝယ်၌ အရန်သိုလှောင် ဝယ်ယူထားရှိသည့် ပဲစင်းငုံများအနက် အချို့ကို ပြည်တွင်းဈေးကွက်သို့ ပြန်လည်ရောင်းချနေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံစိုက်ပျိုးမှုမှာ ယခုနှစ်မိုးရာသီ၌ ဩဂုတ် ၂၃ ရက်အထိ ဟက်တာ ၄၃ ဒသမ ၄၂၉ သိန်း စိုက်ပျိုးထားရှိပြီးဖြစ်ရာ ၂၀၁၈-၁၉ ခုနှစ် သီးနှံစိုက်ပျိုးရေးရာသီကာလရှိ ဟက်တာ ၄၃ ဒသမ ၂၆၁ သိန်းစိုက်ပျိုးခဲ့မှုထက် အနည်းငယ်မျှပိုမိုပြီး လုံလောက်သောစိုက်ဧကရရှိခဲ့သည်။ အထူးသဖြင့် Karnataka, Andhra Pradesh, Telangana နှင့် Uttar Pradesh ပြည်နယ်များ၌ ယခင်နှစ် ပဲစင်းငုံစိုက်ဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြစ်သည်။

ပဲစင်းငုံဝယ်ယူသိုလှောင်ထားရှိမှုမှ နှစ်ဟောင်းလက်ကျန်အဖြစ် Karnataka, Maharashtra နှင့် Gujarat ပြည်နယ်များ၌ ကျန်ရှိနေသော ပဲစင်းငုံ ၄၀၂၅၉ တန်အား NAFED က ပြည်တွင်းဈေးကွက်အတွင်း တင်ဒါစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်း ဖြစ်သည်။

ယခုကဲ့သို့ အရန်သိုလှောင်ထားသည့် ပဲစင်းငုံများ ရောင်းချမှုသည် ဒီဇင်ဘာလ၌ စတင်ထွက်ရှိလာနိုင်သည့် သီးနှံအသစ်များ ဝယ်ယူသိုလှောင်ရန်အတွက် သိုလှောင်ရုံနေရာများအား အရန်သင့် ရှင်းလင်းထားပြီးဖြစ်စေသကဲ့သို့ လာမည့်ပွဲတော်ရာသီချိန်၌ ဈေးနှုန်းမြင့်တက်မှုအား ကြိုတင်ကာကွယ်ထားပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ပဲစင်းငုံဈေးနှုန်းမှာ အကျဘက်တွင်ရှိနေခဲ့ရာမှ ယခင်နှစ်အထွက်နှုန်းကျဆင်းမှုနှင့် ယခုနှစ် မုတ်သုံရာသီ အစောပိုင်း၌ မိုးရွာသွန်းမှုနည်းပါးလျက် စိုက်ပျိုးရေရရှိမှုအရ စိုက်ဧကလျော့ကျနိုင် ခြေရှိခြင်းတို့က ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ ဈေးနှုန်းတက်ရိပ်ပြလာစေခဲ့သည်။ ယခုနှစ်စိုက်ပျိုးထွက်ရှိမည့် ပဲစင်းငုံများအတွက် အနိမ့်ဆုံးထား၍ ဝယ်ယူရမည့် ဈေးနှုန်းအား ယခင်နှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်းပိုမိုလျက် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၅၈၀၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် စက်တင်ဘာနှင့်အောက်တိုဘာ မိုးနှောင်းကာလတွင် မိုးရေချိန်ရရှိမှု ဆက်လက်ကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉ – ၂၀ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်းကျဆင်း

အိန္ဒိယနိုင်ငံ၌ သီးခြားလွတ်လပ်မှုရှိသည့် စီးပွားရေးပညာရှင် ၁၁ ဦးထံမှ စစ်တမ်းကောက်ယူ လေ့လာခဲ့ရာတွင် ၂၀၁၉ -၂၀ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ ပထမသုံးလပတ်အတွင်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ခြောက်ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း Economic Times သတင်းဌာနက ဖော်ပြခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အလားတူကာလတွင် အိန္ဒိယနိုင်ငံ၏ GDP တိုးတက်မှုမှာ ရှစ် ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ပထမသုံးလပတ်၌ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုအားနည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတုံ့ဆိုင်းလျက်ရှိခြင်း၊ ၂၀၁၉ ခုနှစ် ဧပြီလနှင့်မေလ ရွေးကောက်ပွဲကာလများအတွင်း အစိုးရ၏လုပ်ငန်းရပ်များ၌ ဘဏ္ဍာရန်ပုံငွေ ကျခံသုံးစွဲမှု နည်းပါးခြင်းစသည့်အချက်များကြောင့် GDP တိုးတက်မှု ၅ ဒသမ ၂ ရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအတွင်းသာ ရရှိမည်ဟုခန့်မှန်းရသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပထမသုံးလပတ်ကာလ ကုန်ထုတ်လုပ်ငန်းကဏ္ဍ တိုးတက်မှုမှာ ၅ ဒသမ ၁ ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ယခုနှစ်၌ ၃ ဒသမ ၆ ရာခိုင်နှုန်းသာတိုးတက်မှုရရှိပြီး မော်တော်ယာဉ်ထုတ်လုပ်ရောင်းချမှု၊ ရထားလမ်းကုန်စည်သယ်ယူပို့ဆောင်မှု၊ ပြည်တွင်းလေကြောင်းခရီးသွားလာမှုနှင့် ရေနံနှင့် ရွှေငွေရတနာပစ္စည်းမပတ်သော ကုန်စည်များတင်သွင်းမှု စသည်တို့ကျဆင်းခြင်းက ငွေကြေးဖောင်းပွမှု နည်းပါးလျက်ရှိသည့် ကာလတွင်ပင် ဝယ်ယူစားသုံးမှုများ နှေးကွေးကျဆင်းလျက်ရှိကြောင်း သိရသည်။ လူသုံးကုန်များနှင့် ဘိလပ်မြေ၊ စတီးထုတ်ကုန် စသည်တို့ ဝယ်ယူသုံးစွဲမှုမှာ ကျဆင်းခဲ့ပြီး အထူးသဖြင့် အိန္ဒိယ၏ လူစီးမော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍမှာ ၁၉ နှစ်တာကာလအတွင်း တိုးတက်မှုအနိမ့်ကျဆုံး အခြေအနေသို့ ရောက်ရှိလျက် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကိုးလဆက်တိုက်ကျဆင်းမှုအဖြစ် မော်တော်ယာဉ်ရောင်းအားမှာ ၃၁ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းခဲ့ကြောင်း သိရှိရသည်။

ဤသို့ စီးပွားရေးတိုးတက်မှု နှေးကွေးကျဆင်းလာခြင်းသည် မူဝါဒချမှတ်သူများအတွက် စိုးရိမ်မကင်းဖြစ်ပေါ်စေလျက်ရှိသည်။ သို့ဖြစ်ရာ အိန္ဒိယဗဟိုဘဏ်(RBI) သည် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွက် GDP တိုးတက်ရန် မျှော်မှန်းချက်ကို လျှော့ချခဲ့ပြီး အရန်ငွေလျော့နည်းမှုဖြစ်ပေါ်ချိန်၌ စီးပွားရေးဘဏ်များသို့ထုတ်ချေးပေးသည့်ငွေအပေါ် ကောက်ခံသည့် အတိုးနှုန်း (repo rate) ကိုလည်း ဩဂုတ်လ ဆန်းပိုင်း၌ ၅ ဒသမ ၄၀ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

**MYANMA PIVOT CONSTRUCTION CO., LTD.**





No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com

# ကျွန်း

(1) အပါးလွှာ (Veneer)
(2) အထပ်သား (plywood)
(3) Engineered Floor
(4) ပါကေး / လျှာထိုး (Flooring)

09 971416391, 09 402746925
Wechat ID : Ahli5046185,
Email :overtheskyblue@gmail.com

## TAUK SHUNN TRADING CO., LTD.



No.A/2, Ba Yint Naung Street, Shwe Pin Lon Housing, (27)Ward, North Dagon, Yangon, Myanmar.
09-5167132, 09-421068089, 09-794323154

**SALVO SINGAPORE OVERSEAS TRADING PTE LTD**
***(MYANMAR BRANCH)***
*M-68, THIRIYADANAR COMPOUND, NORTH OAKKALAPA TOWNSHIP YANGON, MYANMAR. Tel/Fax: +95-1-387081, 095 942009 7282*



***Head Office*** **: 10 Anson Road, #05-17 International Plaza, Singapore 079903.**


CHERRY OO
32nd Anniversary
စိတ်ကူးတွေထဲက Vietnam
ခရီးစဉ်...
Promotion Period
Sept - 1~30
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228
ကျပ် ( ၃၀,၀၀၀ ) နှင့်အထက်
နာရီတစ်လုံးဝယ်ယူရုံဖြင့်
( ၃၂ ) ဦးလိုက်ပါခွင့်ရမည့်
အခွင့်အရေး
HO CHI MINH


The First
THARAPHUSAN
သရဖူစံ plastic
PVC
Heat Shrinkable Film
P.E
Heat Shrinkable Film
PVC / PE Shrink
Wrapping Machine
Heat Gun
Factory : No 67(B), First Street, 8 quarter (Industrial Zone), South Okkalarpa Township, Yangon.
Ph : 01-8550387, 01-565340, 09-5009697, 09-5179489, 09 5039875
Showroom : No 101, 27th Street (Middle), Pabedan Township, Yangon.
Ph : 01-373080, 01-375542, 0-1372788, 09-8540442
Email : aungpyaitphyo2012@gmail.com
: thefirst.tharaphusan@gmail.com


ME TECH
MEtech Engineering Group
No.99, Ground Floor, Malarmying 3rd Street, Ward No(16), Hlaing Township, Yangon. +959-450672431, +959-790899710, metech.twaung@gmail.com
MYAE
ME TECH
MEtech Engineering Group
MONSOON
Special Sale
Up To 30%off
SPECIAL DISCOUNT
SHOUKE
30%
promotion
SHOUKE
UP TO 30% OFF
မိုးရာသီအထူးဈေးရောင်းပွဲတော်
၁၉-၈-၂၀၁၉မှ၃၀-၉-၂၀၁၉အထိ
Up To 30% OFF
Schneider
legrand
VEICHI
SHOUKE
LS is

COMMERCE
INTERNATIONAL

# စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်မည့်အစီအစဉ် ထုတ်ပြန်ရန် ထိုင်းနိုင်ငံစီစဉ်

တရုတ်နိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများကို ရွှေ့ပြောင်းလိုသော နိုင်ငံခြားကုမ္ပဏီများကို ဆွဲဆောင်ရန် ရွှေ့ပြောင်းနေရာချထားရေး အစီအစဉ်ကို ထိုင်းနိုင်ငံက စီစဉ်နေသည်ဟု တာဝန်ရှိသူတို့ကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။



တရုတ်-အမေရိကန် ကုန်သွယ်မှုစစ်ပွဲကို ရှောင်ရှားရန်အတွက် တရုတ်နိုင်ငံကို စွန့်ခွာကြမည့်ကုမ္ပဏီတို့အား ဗီယက်နမ်နှင့်အပြိုင် ဆွဲဆောင်နိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ အခွန်ကင်းလွတ်ခွင့်ပေးရေး၊ စည်းမျဉ်းစည်းကမ်းများ လျှော့ချရေးနှင့် လိုင်စင်နှင့် ခွင့်ပြုချက်များ အမြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို စီးပွားနှင့်ဆိုင်သောဝန်ကြီးဌာနများက စက်တင်ဘာ ၆ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံ၏ နှစ်စဉ် စီးပွားရေးတိုးတက်နှုန်းမှာ ယခုနှစ် ဒုတိယသုံးလပတ်တွင် ငါးနှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သဖြင့် စီးပွားရေးတိုးတက်နှုန်းကိုမြှင့်တင်ရန် အစိုးရက နည်းလမ်းရှာဖွေလျက်ရှိသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ပိုမိုလျင်မြန်စွာစွာ အတည်ပြုချက်များ ထုတ်ပေးရန် အရေးကြီးကြောင်း ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့နှင့် အတူ အနီးကပ်ပူးတွဲဆောင်ရွက်နေသော စက်မှုလုပ်ငန်းဝန်ကြီးဌာနရုံးမှ ညွှန်ကြားရေးမှူးချုပ် နတ်တာပိုရန်ဆစ်ပိုက ပြောသည်။


ကုန်သွယ်ရေးစစ်ပွဲကြောင့် ထိခိုက်ခဲ့ရသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် ဆောင်ရွက်ရာတွင် ထိုလုပ်ငန်းများမှာ သေရေး ရှင်ရေးတမျှ အချိန်လုဆောင်ရွက်နေရသဖြင့် အရှိန်နှုန်းလျင်မြန်ရန် အရေးကြီးကြောင်း ၎င်းကပြောသည်။

'သူတို့စက်ရုံတွေ အမြန်ဆောက်နိုင်ဖို့၊ အမြန်ကုန်ထုတ်နိုင်ဖို့နဲ့ အမြန်ရောင်းနိုင်ဖို့ ကျွန်တော်တို့ သူတို့အတွက် ဆောင်ရွက်ပေးရပါမယ်' ဟု နတ်တာပိုက ပြောသည်။

တင်းကျပ်သော လုပ်ဝင်မှုစည်းမျဉ်းများနှင့် အစီရင်ခံစာတင်ပြရေး စည်းမျဉ်းများက သူတို့ကို ပြစ်မှုကျူးလွန်သူများသဖွယ် ပြုမူလျက်ရှိနေသည်ဟု ကုမ္ပဏီများက ပြစ်တင်နေကြောင်း ၎င်းကပြောဆိုသည်။

အထူးသဖြင့် အဓိက ပစ်မှတ်ထားသော စက်မှုလုပ်ငန်းများအား အခွန်ဆိုင်းငံ့ခွင့်ပေးရန် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က နည်းလမ်းရှာလျက်ရှိကြောင်းနှင့် လောလောဆယ်တွင် ဆွဲဆောင်မှုမက်လုံးများပေးရာတွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှာ တန်းတူနီးပါးရှိကြောင်း နတ်တာပိုကပြောသည်။ ကုမ္ပဏီပေါင်း ၁၀၀ ကို ဆွဲဆောင်နိုင်အောင် ကြိုးပမ်းလျက်ရှိရာ အများစုမှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့က ပြောသည်။

စံမိအောင် စုစည်းသည်



## ပွဲတော်ရာသီကာလ မတိုင်မီ အိန္ဒိယရွှေဝယ်လိုအား မြင့်တက်

အိန္ဒိယနိုင်ငံတွင် ပွဲတော်ရာသီကာလမတိုင်မီ လျှော့ဈေးဖြင့်ရောင်းချသဖြင့် ရွှေဝယ်လိုအားမှာ မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ သို့ရာတွင် အခြားသော အာရှအဓိကဈေးကွက်များတွင်မူ ဈေးနှုန်းများမြင့်တက်မှုကြောင့် ဝယ်သူများ၏ စိတ်ဝင်စားမှုနည်းပါးသဖြင့် စက်တင်ဘာပထမပတ်က ရွှေတုံးဝယ်လိုအား ကျဆင်းလျက်ရှိသည်။

တရုတ်နိုင်ငံပြီးလျှင် ရွှေတုံးဝယ်လိုအား ဒုတိယအများဆုံးဖြစ်သော အိန္ဒိယနိုင်ငံ၏ ရွှေကြိုရောင်းကြိုဝယ်ဈေးမှာ စက်တင်ဘာ ၆ ရက်ကရွှေ ၁၀ ဂရမ် (သုညဒသမ ၃၅ အောင်စ)ကို ၃၈၅၀၄ ရူပီးနှုန်းရှိခဲ့သည်။ စက်တင်ဘာ ၄ ရက်က ရှိခဲ့သော ၃၉၈၈၅ ရူပီးနှုန်းမှ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ရွှေရောင်းချသူတို့က ရွှေဈေးကို စက်တင်ဘာ ပထမပတ်အတွင်း တစ်အောင်စကို အမေရိကန်ဒေါ်လာ ၄၅ ဒေါ်လာအထိ လျှော့ချပေးခဲ့သည်။ ယင်းလျှော့ချပေးသည့်ဈေးနှုန်းမှာ လက်ဝတ်ရတနာ ကုန်သည်များအတွက် အရောင်းအထိုင်းဆုံးဖြစ်ခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လနောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ဩဂုတ်လ နောက်ဆုံးပတ်က တစ်အောင်စကို အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာနှုန်းလျှော့ပေးခဲ့သည်။ ပြည်တွင်းရွှေဈေးတွင် သွင်းကုန်ခွန် ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရောင်းခွန် ၃ ရာခိုင်နှုန်းပါဝင်သည်။ အိန္ဒိယနိုင်ငံတွင် ထိမ်းမြားလက်ထပ်ရာသီကာလနှင့် ရွှေကိုမင်္ဂလာရှိသည်ဟုယူဆသော ဒေဝါလီကဲ့သို့သော ပွဲတော်များ ကျင်းပချိန်ဖြစ်သော နောက်ဆုံးသုံးလပတ်တွင် အများအားဖြင့် ရွှေဝယ်လိုအား မြင့်တက်တတ်သည်။ အိန္ဒိယနိုင်ငံ၏ ဩဂုတ်လ ရွှေတင်သွင်းမှုမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၇၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စက်တင်ဘာ ၄ ရက် အစိုးရသတင်းရင်းမြစ်များထံမှ သိရသည်။

**Don't be drastic, Say "no" to plastic**
**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**

## အမေရိကန်နှင့် တရုတ်တို့ ကုန်သွယ်မှု ဆွေးနွေးပွဲများ အောက်တိုဘာတွင် ပြန်စမည်

အမေရိကန်-တရုတ် အဆင့်မြင့်ကုန်သွယ်မှုဆွေးနွေးပွဲကို အောက်တိုဘာလဆန်းတွင်ဝါရှင်တန်၌ ကျင်းပရန် စီစဉ်ထားကြောင်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့က စက်တင်ဘာ ၅ ရက်က ပြောသည်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာစီးပွားရေးဆုတ်ကပ် ဖြစ်ပေါ်နိုင်သည့်အလားအလာနှင့် ရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့ သဘောတူညီမှုရရှိခြင်းဖြစ်သည်။

တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟီနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် လိုက်ဟိုင်ဇာ၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်တို့ ဖုန်းအဆက်အသွယ်မှတစ်ဆင့် သဘောတူညီမှုရခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ကြေညာချက်တွင်ဖော်ပြသည်။

အောက်တိုဘာလတွင်ကျင်းပမည့် အဆင့်မြင့်ဆွေးနွေးပွဲများမတိုင်မီ စက်တင်ဘာလလယ်၌ နှစ်နိုင်ငံစလုံးမှ ကုန်သွယ်ရေးအဖွဲ့များ ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးဌာနက ပြောသည်။ နှစ်နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို စက်တင်ဘာ ဒုတိယပတ်တွင်ကျင်းပမည်ဆိုသောသတင်းကို အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက အတည်ပြုခဲ့သည်။

အောက်တိုဘာလဆန်းပိုင်းတွင် ဆွေးနွေးပွဲများ ကျင်းပမည်ဆိုသောသတင်းများကြောင့် အာရှဈေးကွက်များမှ ရှယ်ယာဈေးနှုန်းများမြင့်တက်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးကို ထပ်မံထိခိုက်ခြင်းမဖြစ်မီ အမေရိကန်တရုတ်ကုန်သွယ်ရေးစစ်ပွဲသည် အရှိန်ကျဆင်းသွားလိမ့်မည်ဟူသော မျှော်လင့်ချက်များမှာ ပိုမိုမြင့်မားလာစေခဲ့သည်။

## သကြားသွင်းကုန်ခွန်ကို ဆက်လက်ကောက်ခံရန် တရုတ်သကြားလုပ်ငန်းက အစိုးရကို တိုက်တွန်းမည်

သကြားသွင်းကုန်ခွန် မြင့်မားစွာ ကောက်ခံထားသည်ကို အစိုးရက သက်တမ်းတိုးသွားစေရန် တိုက်တွန်းသွားဖို့ တရုတ်သကြားစက်ရုံများက စီစဉ်နေကြောင်း သတင်းရင်းမြစ်နှစ်ခု၏ ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံသည် အလူးအလဲ ရုန်းကန်နေရသော ပြည်တွင်းကြံစိုက်တောင်သူတို့အား ကာကွယ်ရန်အတွက် ၂၀၁၇ ခုနှစ်ကသကြားသွင်းကုန်ခွန်ကိုပြဋ္ဌာန်းခဲ့သည်။ အခွန်များ ဆက်လက်တိုးမြှင့်ရန် တိုက်တွန်းမည့် အစီအစဉ်ကို တရုတ်သကြားအသင်း စက်တင်ဘာ ၅ ရက်တွင်ကျင်းပသော အစည်းအဝေးတွင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

သကြားတင်သွင်းမှုနှင့် ပတ်သက်သော အစိုးရ၏ အစီအမံများမှာ ၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက်တွင် သက်တမ်းကုန်ဆုံးသည်။ ပြည်တွင်းစက်မှုလုပ်ငန်း၏ အကျိုးစီးပွားကို ကာကွယ်ရာတွင် ဤပြဋ္ဌာန်းချက်များသည် သကြားထုတ်လုပ်မှုကဏ္ဍ ကြံ့ခိုင်ရေးနှင့် တည်ငြိမ်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကြောင့် တရုတ်ပြည်တွင်း သကြားထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံခြားပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင် အလူးအလဲ ရုန်းကန်နေရသည်။ ကမ္ဘာတွင်ရောင်းလိုအားမြင့်တက်မှုကြောင့် ၂၀၁၈ ခုနှစ်က သကြားဈေးနှုန်းများ ကျဆင်းသဖြင့် သကြားထုတ်လုပ်သူအများအပြား အရှုံးပေါ်ခဲ့သည်။ စက်မှုလုပ်ငန်းအုပ်စုသည် ရှေ့နေများ၊ ကျွမ်းကျင်သူများနှင့်တိုင်ပင်ပြီး အစိုးရသို့ တင်သွင်းမည့်လျှောက်လွှာကို မူကြမ်းရေးဆွဲနေကြောင်း ဤကိစ္စနှင့်နီးစပ်သူတို့က ပြောသည်။